# ကြေးမုံ
**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် နယုန်လဆန်း ၇ ရက် ကြာသပတေးနေ့။ Thursday, 1 June 2017 (၈၉၄၂)


## အမြဲတည်ခြင်းသည် မရှိချေ

အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သောသဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သောသဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)

ဇရာဝဂ်(ဓမ္မပဒ-၁၄၇)

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကနေဒါနှင့် ဆွီဒင်နိုင်ငံတို့သို့ ချစ်ကြည်ရေးခရီး သွားရောက်မည်

**နေပြည်တော်  ဇွန်  ၁**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကနေဒါနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဂျက်စတင် ထရူးဒိုး၏ ဖိတ်ကြားချက်အရ ကနေဒါနိုင်ငံသို့ မကြာမီကာလအတွင်း တရားဝင်ချစ်ကြည်ရေးခရီးသွားရောက်မည်ဖြစ်သည်။ ယင်းခရီးစဉ်အပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဆွီဒင်လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ အော်ရိဘန် အာလင်းနှင့် ဆွီဒင်နိုင်ငံဝန်ကြီးချုပ် မစ္စတာ စတီဖန်လိုဗန်တို့၏ ဖိတ်ကြားချက်များအရ ဆွီဒင်နိုင်ငံသို့လည်း တရားဝင်ချစ်ကြည်ရေးခရီးဆက်လက်သွားရောက်မည်ဖြစ်သည်။ **(သတင်းစဉ်)**

# မိုရာမုန်တိုင်းဒဏ်ခံခဲ့ရသော ရခိုင်ပြည်နယ်ရှိ ဒေသအချို့တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော်  မေ  ၃၁**

မေ ၂၉ ရက်က တိုက်ခတ်ခဲ့သော မိုရာဆိုင်ကလုန်းမုန်တိုင်းကြောင့် ရခိုင်ပြည်နယ်ဒေသအချို့တွင် သစ်ပင်များပြိုလဲခြင်း၊ လူနေအိမ်များ ပြိုလဲပျက်စီးခြင်း၊ ဆေးရုံ၊ တက္ကသိုလ်နှင့် ဘာသာရေးအဆောက်အအုံများ၊ ဌာနဆိုင်ရာအဆောက်အအုံများ ပြိုကျခြင်း၊ အမိုးလန်ခြင်းများဖြစ်ပေါ်ခဲ့သည်။

ထို့ကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်နိုင်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ရှိ အထွေထွေရောဂါကုဆေးရုံကြီး၊ စစ်တွေတက္ကသိုလ်၊ အမှတ်(၃၆)ရဲတပ်ရင်း၊ ဆတ်ရိုးကျရပ်ကွက်၊ ဘောဒူဖနှင့်သဲချောင်းကျေးရွာရှိ နေရပ်စွန့်ခွာနေထိုင်သူစခန်းများ၊ ရွှေပြားရပ်ကွက်၊ ကြီးတောရပ်ကွက်များရှိ လူနေအိမ်များ ပြိုလဲပျက်စီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုကာ ပျက်စီးမှုစာရင်းအတိအကျရရှိပြီး ရပ်ကွက်များတွင် ပြည်သူများထံသို့ တိုက်ရိုက်ထောက်ပံ့မှုများ ဆောင်ရွက်သည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖



မိုရာမုန်တိုင်းကြောင့် မြောက်ဦးမြို့တွင် သစ်ပင်များပြိုလဲနေမှုကို မြို့နယ်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက စုပေါင်းရှင်းလင်းနေကြစဉ်။ ခရိုင်(ပြန်/ဆက်)

**ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်လမ်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အကုန်တွင် ရာသီမရွေး သွားလာနိုင်သော လမ်းအဆင့်ရောက်ရှိအောင် ဆောင်ရွက်သွားမည်**

အမျိုးသားလွှတ်တော် စာမျက်နှာ - ၅


KBZ BANK
STRENGTH OF MYANMAR

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

# ကြေးမုံ

## ပြည်သူ့ကျန်းမာရေးဝိုင်းဝန်းကာကွယ်

ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် အရက်သေစာများမှာ လူတို့၏ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်နိုင်သော အရာဝတ္ထုပစ္စည်းများဖြစ်ကြောင်း လူတိုင်းသိသည်။ ယင်းတို့နှင့်ပတ်သက်၍ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ သတ်မှတ်ချက်များထုတ်ပြန်ကာ ထိန်းချုပ်နိုင်အောင် ဆောင်ရွက်ထားသည်။ အရက်သေစာနှင့်ပတ်သက်၍ ထိရောက်သော ထိန်းချုပ်မှု၊ အရေးယူဆောင်ရွက်မှုများ မတွေ့ရသော်လည်း ဆေးလိပ်နှင့် ဆေးရွက်ကြီးတို့နှင့်ပတ်သက်၍မူ ဟန့်တားထိန်းချုပ်ဆောင်ရွက်ရမည့် လုပ်ဆောင်မှုများ တွေ့ရသည်။

ဆေးလိပ်သောက်နှုန်းလျော့ကျရန် ဆေးလိပ်နှင့် ဆေးရွက်ကြီး ထွက်ကုန်ပစ္စည်းအားလုံးအပေါ်တွင် အခွန်တိုးမြှင့်ကောက်ခံခြင်း၊ ကျန်းမာရေးသတိပေးရုပ်ပုံနှင့် စာတန်းများကို ဆေးလိပ်ထုပ်နှင့်စီးကရက်ဘူးခွံများတွင် ရိုက်နှိပ်ခြင်း၊ ဆေးလိပ်အရောင်းမြှင့်တင်ခြင်းကို တင်းကျပ်စွာတားမြစ်ခြင်း၊ ဆေးလိပ်ငွေ့ကင်းစင်ရေးနှင့် ကွမ်းစားခြင်းတို့ကို ကန့်သတ်ခြင်း စသည်တို့ ဆောင်ရွက်ထားသည်ကို တွေ့ရသည်။

ဆေးလိပ်၊ ဆေးရွက်ကြီးနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် ၂၀၁၆ ခုနှစ်က ဆေးလိပ်နှင့် ဆေးရွက်ကြီး သောက်သုံးမှုထိန်းချုပ်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ထို့မတိုင်ခင် ၂၀၁၄ ခုနှစ် မတ်လက အမိန့်ကြော်ငြာစာ ထုတ်ပြန်ကာ ဆေးလိပ်သောက်သုံးခွင့်မရှိသော နေရာ ၁၇ နေရာကို သတ်မှတ်ပြဋ္ဌာန်းခဲ့သည်။ ဆေးလိပ်မသောက်သုံးသင့်သောနေရာများကို သီးသန့်ထုတ်ပြန်ထားသည့်အပြင် လူအများစုဝေးရာနေရာများတွင် ကိုယ်ပိုင်အသိတရားဖြင့် မသောက်သုံးသင့်ချေ။

ဆေးလိပ်သောက်သုံးခြင်းကြောင့် အဆုတ်ကင်ဆာ၊ အဆုတ်ပြည်တည်နာ၊ ခံတွင်းကင်ဆာ၊ လည်ချောင်းကင်ဆာ၊ နှလုံးသွေးကြောကျဉ်းခြင်း၊ ပိတ်ခြင်း၊ ဦးနှောက်သွေးကြောပိတ်ခြင်း၊ လေဖြတ်ခြင်း၊ သွေးတိုးရောဂါ ပြင်းထန်ခြင်း၊ ပန်းသေပန်းညှိုးရောဂါ၊ ခြေပုပ်လက်ပုပ်ရောဂါများဖြစ်ပွားတတ်သည်။ အရက်သေစာသောက်စားလျှင် ကျန်းမာရေးကို ထိခိုက်နိုင်သည့် အသည်းနှင့် ဦးနှောက်ပျက်စီးခြင်းကို ဖြစ်စေသည့်အပြင် လူမှုပတ်ဝန်းကျင်နှင့် ကိုယ်ကျင့်တရားများကိုပါ ထိခိုက်ပျက်ပြားနိုင်သည်။ အရက်ကြောင့် မိဘ၊ သားသမီး၊ ဆွေမျိုးမိတ်ဆွေနှင့် ပတ်ဝန်းကျင်ကိုပါ ဂရုမမူနိုင်ဘဲ မကောင်းမှုဒုစရိုက်များပါကျူးလွန်သည်အထိ ဖြစ်ပွားတတ်သည်။

၎င်းကုန်ပစ္စည်းတို့နှင့်ပတ်သက်၍ ဥပဒေ၊ ညွှန်ကြားချက်၊ ကန့်သတ်ချက်များရှိသော်လည်း ယနေ့ထက်တိုင် ထုတ်လုပ်ဖြန့်ချိ၊ ရောင်းဝယ်ဖောက်ကားမှုများမှာ အခြားကုန်ပစ္စည်းများထက် ပိုမိုကောင်းမွန်နေသည်ကို သတိမူဆန်းစစ်၍ အများပြည်သူအကျိုးအတွက် ပိုမိုထိရောက်သောလုပ်ဆောင်မှုများကို ပြန်လည်ဆောင်ရွက်သွားရန် လိုအပ်နေပြီဟု သုံးသပ်မိပါသည်။

မြန်မာနိုင်ငံတွင် ထုတ်လုပ်နေသော စီးကရက်စက်ရုံများ၊ အရက်ချက်စက်ရုံများ အမြောက်အမြားရှိနေသည်။ စီးကရက်နှင့် အရက်အမျိုးအစား မြောက်မြားစွာရှိသည်။ ၎င်းကုန်ပစ္စည်းများကို ထိန်းချုပ်နိုင်ရန်အတွက် အခွန်အကောက်သတ်မှတ်ချက်ကို တိုးမြှင့်ထားသည်။ ၂၀၁၅ အခွန်အကောက်ဥပဒေအရ ယခင်ဆေးရွက်ကြီးထွက်ပစ္စည်းများကို အခွန် ၅၀ ရာခိုင်နှုန်းကောက်ရာမှ ၆၀ ရာခိုင်နှုန်းသို့လည်းကောင်း၊ စီးကရက်အခွန်ကို ၁၀၀ ရာခိုင်နှုန်းမှ ၁၂၀ ရာခိုင်နှုန်းသို့ တိုးမြှင့်ကောက်ခံခဲ့သည်။ အရက်သေစာများတွင်လည်း အလားတူပင်ဖြစ်သည်။

ထိုသို့ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အခွန်အကောက်များ တိုးမြှင့်ကောက်ခံရာ အမှန်တွင် ပုံမှန်အားဖြင့် ထုတ်လုပ်မှုလုပ်ငန်းများတွင် အခက်အခဲများရှိလာနိုင်ပြီး ရောင်းကုန်တန်ဖိုးတိုးတက်ကာ ဈေးကွက်ကျဉ်းမြောင်းလာနိုင်သည်။ သို့သော် ကုန်ပစ္စည်းထုတ်လုပ်မှု တုံ့ဆိုင်းမသွားဘဲ သက်သာသောနှုန်းထားဖြင့် ထုတ်လုပ်မှုပိုကောင်းလာသည်ကို ဆင်ခြင်သုံးသပ်ကြည့်သင့်ပေသည်။ ကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများမှာ အရှိန်တန့်မသွားဘဲ ဆက်လက်အောင်ပွဲခံနေသည်မှာ အများပြည်သူအသိပင်ဖြစ်သည်။

ထို့ကြောင့် အဆိုပါထုတ်ကုန်များမှာ ထုတ်လုပ်မှုစရိတ်အလွန်နည်းသောလုပ်ငန်းများဖြစ်၍လော၊ သို့တည်းမဟုတ် အများပြည်သူတို့က လက်မလွှတ်တမ်း သုံးစွဲရမည့် ကုန်ပစ္စည်းများဖြစ်နေ၍လော၊ သို့တည်းမဟုတ် အခွန်အကောက်နှုန်းထားများ မှန်ကန်တိကျမှု မရှိ၍လော၊ ပြဋ္ဌာန်းထားသော ဥပဒေများမှာ အားနည်းနေသလော၊ ဥပဒေများနှင့်အညီ ထိရောက်စွာမဆောင်ရွက်၍လော၊ မလိုက်နာ၍လော စသည်ဖြင့် ပြန်လည် ဆန်းစစ်မေးခွန်းထုတ်ဆင့်သင့်သည်ဟု ထင်မြင်ယူဆပါသည်။

မည်သို့ပင်ဖြစ်စေ အရက်သေစာများနှင့် ဆေးလိပ်နှင့်ဆေးရွက်ကြီး ထွက်ကုန်များသည် မြန်မာနိုင်ငံရှိ အများပြည်သူလူအပေါင်းတို့အား ကောင်းကျိုးမပေးဘဲ ဆိုးကျိုးများသာပေးနိုင်သော ကုန်ပစ္စည်းများဖြစ်သောကြောင့် အများပြည်သူတို့အား အန္တရာယ်မပေးနိုင်ရေးအတွက် ပိုမိုထိရောက်စွာဟန့်တားနိုင်သော အစီအမံများကို ပြန်လည်ဆန်းစစ်ဆောင်ရွက်ရန်လိုအပ်သည်ဟု ရှုမြင်ပါသည်။ ။

## နိုင်ငံ၏စီးပွားရေး ပြန်လည်ဦးမော့လာစေရန် စီးပွားရေးလုပ်ငန်းရှင်များ၏အခန်းကဏ္ဍ လွန်စွာအရေးကြီး

**မကွေး မေ ၃၁**

နိမ့်ကျနေသည့် မြန်မာနိုင်ငံ၏စီးပွားရေး ပြန်လည်ဦးမော့လာစေရန် စီးပွားရေးလုပ်ငန်းရှင်များ၏ အခန်းကဏ္ဍမှာ လွန်စွာအရေးကြီးကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ပြောကြားသည်။

မေ ၃၀ ရက် နံနက်ပိုင်းက မကွေးမြို့တော်ခန်းမ၌ ကျင်းပခဲ့သည့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအတွင်းရှိ ကဏ္ဍအသီးသီးမှလုပ်ငန်းရှင်များတွေ့ဆုံပွဲတွင် ဝန်ကြီးက ပြောကြားခဲ့ခြင်းဖြစ်ပြီး နိုင်ငံ၏အရေးကြီးသော အခန်းကဏ္ဍဖြစ်သည့်အားလျော်စွာ လုပ်ငန်းနယ်ပယ်အသီးသီးတွင် စွန့်ဦးတီထွင်လိုစိတ်မွေးမြူ၍ ရိုးသားစွာဖြင့် ကြိုးစားကြစေလိုကြောင်း၊ မိမိတို့၏ ထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ပြောင်းလဲ၍ နိုင်ငံခြားသို့ပို့ဆောင်နိုင်ရန် အားထုတ်ကြစေလိုကြောင်း ဝန်ကြီးက တိုက်တွန်းပြောကြားသည်။

"အကြံပြုမယ့်ပုဂ္ဂိုလ်တွေဟာ ဒီနိုင်ငံကြီးကောင်းစားဖို့၊ ဒီဒေသဖွံ့ဖြိုးတိုးတက်ဖို့ စိတ်အရင်းခံတွေရှိလို့ သူတို့အကြံပြုချက်တွေ ပေါ်လာတာ။ ဒီစိတ်အရင်းခံကိုပဲ ချီးကျူးဂုဏ်ပြုပါတယ်။ ဘဝတစ်လျှောက်မှာ တခုတ်တရ လေ့လာမှတ်သားပြီး တွေ့ရှိလာတဲ့ အကြံဉာဏ်တွေကို လိုအပ်တဲ့သူတွေကိုပြန်ပြီး မျှဝေပေးချင်တဲ့စိတ်ကိုလည်း တန်ဖိုးထားပါတယ်"ဟု စီးပွားရေးဆိုင်ရာ အကြံပြုချက်များ လာရောက်ပေးအပ်သည့် ပုဂ္ဂိုလ်များအား ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုပြောကြားသည်။

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက ပိုက်ဆံရရှိရေးကိုသာရှေးရှု၍မဖြစ်ဘဲ အမျိုးသားနိုင်ငံရေး၊ အမျိုးသားလုံခြုံရေးကိုလည်း ထည့်သွင်းစဉ်းစားရသဖြင့် တရုတ်မှ မင်းဘူး၊ စကုဘက်၌ ရေနံဓာတုစက်ရုံကြီး တည်ချင်ကြောင်း ကမ်းလှမ်းမှုရှိခဲ့သည်ကိုပင် လက်ခံခြင်းမပြုခဲ့ကြောင်း၊ စိုက်ပျိုးရန်ဖြစ်ထွန်းသည့်မြေကို စောင့်ရှောက်ရမည်ဖြစ်၍ စိုက်ပျိုးရန်မဖြစ်သော မကွေးနှင့် ရေနံချောင်းမြို့ကြားရှိ ကျတ်တီးမြေကိုလိုချင်ပါက လုပ်ကိုင်ခွင့်ပေးနိုင်မည်ဟု အကြောင်းပြန်ထားကြောင်း စိုက်ပျိုးစီးပွားရေးလုပ်ငန်းအပေါ် အလေးအနက်ထားရှိမှုအား ပြောသည်။

"ကျွန်တော်တို့လုပ်ငန်းရှင်တွေအနေနဲ့လည်း တိုင်းဒေသကြီးနဲ့ ကိုယ့်နိုင်ငံရဲ့စီးပွားရေး ပြန်လည်ဦးမော့လာအောင်၊ နိုင်ငံတကာမှာ ကျွန်တော်တို့ရဲ့ ထုတ်ကုန်ပစ္စည်းတွေ မျက်နှာပန်းလှအောင် တန်ဖိုးမြှင့်ထုတ်ကုန်တွေအဖြစ် ထုတ်လုပ်သွားနိုင်ဖို့ ကြိုးစားကြရမှာပါ"ဟု မကွေးမြို့မှ ဆီထွက်သီးနှံလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

မေ ၃၀ ရက် မွန်းလွဲပိုင်းက အသေးစား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန၊ ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့မှ လုပ်ငန်းဆိုင်ရာ ရှင်းလင်းတင်ပြခြင်းများ ပြုလုပ်ခဲ့ပြီး ဆန်၊ ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံ၊ ခရီးသွား၊ မွေးမြူရေး၊ လက်ယက်ရေနံတွင်းနှင့် သစ်တောထွက်၊ အထည်အလိပ်၊ စက်မှုဇုန် စသည့်လုပ်ငန်းအသီးသီးမှ တင်သွင်းသော စာတမ်းများအပေါ် အကြံပေးအဖွဲ့က အကြံပြုဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

တွေ့ဆုံပွဲသို့ ဒေသတွင်းအစိုးရနှင့် ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တောင်သူများ၊ ရက်ကန်း၊ ရေနံလက်ယက်တွင်းတိမ်၊ စက်မှုဇုန်နှင့် အသေးစား၊အလတ်စားလုပ်ငန်းတို့မှ လုပ်ငန်းရှင်များ၊ NGO များ၊ ဘဏ်လုပ်ငန်းများ၊ ကုမ္ပဏီများ၊ သားသတ်လုပ်ငန်းသမားများ၊ အခွန်ထမ်းများ၊ ဆီစက်လုပ်ငန်းရှင်များ၊ ကုန်သည်ကြီးများ၊ စီမံကိန်းတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ အင်အား ၇၀၀ ကျော် တက်ရောက်ခဲ့သည်။ **ဇေယျာတု(မကွေး)**

## ပေါင်မြို့နယ်တွင် မှုခင်းပညာပေးယာဉ်ဖြင့် မှုခင်းအသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ပေါင် မေ ၃၁**

ပြည်သူများအနေဖြင့် မှုခင်းကာကွယ်တားဆီးရေးဆိုင်ရာ အသိပညာများရရှိစေရန်အတွက် မွန်ပြည်နယ်ရဲမှူးကြီး ဘိုဘိုဦး၏ လမ်းညွှန်မှုအရ ပေါင်မြို့နယ် ဒု-ရဲမှူးဝင်းထိန်၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးတစ်ဖွဲ့စု(၉)(မော်လမြိုင်)မှ ရဲအုပ်မောင်မောင်ဟန်၊ ရပ်ကွက်/ကျေးရွာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ မုတ္တမကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးတင့်၊ ဒု-ဥက္ကဋ္ဌ နယ်မြေခံရဲစခန်းမှူး(မုတ္တမ) ရဲအုပ်အောင်မင်းကြည်နှင့် တပ်ဖွဲ့ဝင်များသည် ပေါင်မြို့နယ် မုတ္တမကျေးရွာ ဆီဆုံရပ်ကွက် အထက(ခွဲ) ဆင်ဖြူကျောင်းရှေ့၌ မှုခင်းပညာပေးယာဉ်ဖြင့် အသိပညာပေးမှုကို မေလနောက်ဆုံးပတ်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဒေသခံပြည်သူများ မှုခင်းဆိုင်ရာ အသိပညာဗဟုသုတများရရှိစေရန်အတွက် ပေါင်မြို့နယ်မြို့ပေါ်ရပ်ကွက်များနှင့် ကျေးလက်ဒေသများအထိ အသိပညာပေးလုပ်ငန်းကို မှုခင်းအသိပညာပေးယာဉ်ဖြင့် လှည့်လည်ပြသခြင်း၊ လက်ကမ်းစာစောင်များ ဝေငှခြင်း၊ ဟောပြောပွဲများ လူထုအတွင်းကွင်းဆင်း ဟောပြောဆောင်ရွက်ခြင်းကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ကျောင်းကျန်းမာရေး အသိပညာပေး

**ဝန်းသို မေ ၃၁**

ကျန်းမာရေးအသိပညာပေး ဟောပြောပွဲကို မေ ၃၁ ရက်က ဝန်းသိုမြို့နယ် မြို့နယ်ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာခင်မောင်သန်းက ကျောင်းသားကျောင်းသူလေးများ ကျန်းမာရွှင်လန်းပြီး ကူးစက်ရောဂါများကြောင့် အသက်အန္တရာယ်စိုးရိမ်ပူပန်ရခြင်း ကင်းဝေးစေရန် သွေးလွန်တုပ်ကွေးရောဂါနှင့် ဇီကာဗိုင်းရပ်စ် ကာကွယ်နှိမ်နင်းရေးဆိုင်ရာ သိကောင်းစရာများကို အသိပညာပေးဟောပြောခဲ့သည်။

**လှိုင်မျိုးထွန်း(ဝန်းသို)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၃၁**

ရန်ကုန်(ရွှေဈေး) ၉၀၅၀၀၀ - ၉၀၅၀၀၀ မန္တလေး(ရွှေဈေး) ၉၀၅၀၀၀ - ၉၀၅၀၀၀

**စက်သုံးဆီဈေးနှုန်း**

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၉၀/၇၀၀ ကျပ်၊ | ၇၁၅/၇၄၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၄၀/၇၅၀ ကျပ်၊ | ၈၃၅/၈၅၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၀၀/၇၁၀ ကျပ်၊ | ၇၄၀/၇၉၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၀/၇၂၀ ကျပ်၊ | ၇၄၀/၇၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၄၀/၆၄၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၅၀/၆၅၉ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၄၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | | | | |
|---|---|---|---|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၅.၀ | (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၁၂၂ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၂၅.၃ | (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၃၁.၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၉.၁၁ | (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၁.၅၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၀.၀၀၆ | (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၁၈.၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၁၉.၀၄ | (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၈၅.၀၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957 ၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူနှင့်အတူ

## လူ့အခွင့်အရေးချိုးဖောက်မှုစွပ်စွဲချက်များအား စုံစမ်းစစ်ဆေး၍ ဥပဒေနှင့်အညီ အရေးယူသွားမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန**
**သတင်းထုတ်ပြန်ချက်**
**၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၆ ရက်**
**(၂၀၁၇ ခုနှစ်၊ မေလ ၃၁ ရက်)**

**လူ့အခွင့်အရေးချိုးဖောက်မှုစွပ်စွဲချက်များအား စုံစမ်းစစ်ဆေး၍ ဥပဒေနှင့်အညီ အရေးယူသွားမည်**

၁။ မြန်မာနိုင်ငံအစိုးရအနေဖြင့် လူ့အခွင့်အရေးကို လေးစားလိုက်နာပြီး ချိုးဖောက်မှုဆိုင်ရာ စွပ်စွဲချက်များ ထွက်ပေါ်လာခဲ့ပါက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်မည်ဖြစ်ကြောင်း၊ စုံစမ်းစစ်ဆေး၍ ချိုးဖောက်မှုများ အမှန်တကယ် တွေ့ရှိရပါက တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း သန္နိဋ္ဌာန်ချမှတ်ထားပြီး ဖြစ်ပါသည်။

၂။ ၂၇-၅-၂၀၁၇ ရက်နေ့တွင် လူမှုကွန်ရက်၌ ၁၇ မိနစ် ကြာမြင့်သော ဗီဒီယိုဖိုင်တစ်ခု စတင်လွှင့်တင်ခဲ့ပြီး အဆိုပါဗီဒီယိုဖိုင်တွင် အရပ်ဝတ်လေးဦးကို စစ်ဝတ်စုံဝတ်အချို့က ကိုယ်ထိလက်ရောက် ပြုမူနေသည့် လုပ်ဆောင်ချက်များ ပါဝင်လာခဲ့ကြောင်း တွေ့ရှိရပါသည်။ ၂၈-၅-၂၀၁၇ ရက်နေ့တွင် နိုင်ငံတကာ လူ့အခွင့်အရေးအဖွဲ့အစည်းအချို့က သတင်းထုတ်ပြန်ချက်အချို့ ထုတ်ပြန်လာခဲ့ပါသည်။

၃။ ဤဖြစ်စဉ်နှင့်စပ်လျဉ်း၍ လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိပြီး ချိုးဖောက်မှုများကို တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးကိုကိုလွင်ကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ ၁ နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
| --- | --- |
| (က) ဦးမြင့်ဦး | ညွှန်ကြားရေးမှူးချုပ်<br>သာသနာရေးဦးစီးဌာန<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန |
| (ခ) ဦးအောင်စိုး | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့<br>စီးပွားရေးနှင့်ကူးသန်း<br>ရောင်းဝယ်ရေးဝန်ကြီးဌာန |
| (ဂ) ဒေါက်တာကိုကိုနိုင် | ညွှန်ကြားရေးမှူးချုပ်<br>ကယ်ဆယ်ရေးနှင့်ပြန်လည်<br>နေရာချထားရေးဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |

❖**ရှေ့ဖုံးမှ**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မဟာဗေယျသိဒ္ဓိအဓိဋ္ဌာန်ကျောင်းနှင့် စိတ္တာသုခ ကမ္မဋ္ဌာန်းတိုက်များတွင် ခေတ္တနေထိုင်လျက်ရှိသော ပြည်သူများကို ကြည့်ရှုအားပေးပြီး လတ်တလော စားသုံးရန်အတွက် တစ်ပတ်စာ ရိက္ခာဖိုးငွေကို ထောက်ပံ့ပေးအပ်ကာ စစ်တွေ၊ မြောက်ဦး၊ ကျောက်ဖြူ၊ သံတွဲခရိုင်များရှိ မြို့နယ် ၁၁ မြို့နယ်တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ငွေကျပ် ၃၄၆ ဒသမ ၆ သိန်းကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ ထောက်ပံ့ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူသည်။ မိုရာဆိုင်ကလုန်းမုန်တိုင်းကြောင့် မောင်တောဒေသတွင်လည်း ပျက်စီးဆုံးရှုံးမှုများရှိပြီး အမြန်ဆုံး ထောက်ပံ့ ပေးနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့ မုန်တိုင်းဒဏ်ခံခဲ့ရသော ပြည်သူတစ်ဦးအား ထောက်ပံ့ငွေ ပေးအပ်စဉ်။**

ထို့ပြင် နေရပ်စွန့်ခွာနေထိုင်သူများ၏ စခန်းများတွင်လည်းပျက်စီးမှုများကို စနစ်တကျစိစစ်လျက်ရှိပြီးပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆောင်ရွက်သွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

ညီညွတ်ခြင်းနှင့် ပေါင်းစည်းတည် ချစ်ကြည်စည်းလုံး ဒို့အားလုံး

# တောင်ကြီး ကလေးစာပေပွဲတော်ကျင်းပရန် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိ

**တောင်ကြီး မေ ၃၁**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပမည့် ကလေးစာပေပွဲတော်ကို ဇွန် ၂ ရက်မှ ၄ ရက်အထိ တောင်ကြီးမြို့ တောင်ကြီးတက္ကသိုလ်(ဘက်စုံခန်းမ) အဆောက်အအုံ၌ ကျင်းပမည်ဖြစ်သည်။ ကလေးစာပေပွဲတော်ကျင်းပမည့် တောင်ကြီးတက္ကသိုလ် (ဘက်စုံခန်းမ) အဆောက်အအုံ၌ သက်ဆိုင်ရာ ပြခန်းများအလိုက် ခင်းကျင်းပြသနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ယနေ့ နံနက်ပိုင်းမှစတင်၍ ဆောင်ရွက်လျက်ရှိသည်။

ကလေးစာပေပွဲတော်၏ အဓိက ရည်ရွယ်ချက်ဖြစ်သည့် ကလေးစာပေများ ခင်းကျင်းပြသနိုင်ရန်အတွက် စာအုပ်စင်များနှင့် ဆရာကြီး မင်းသုဝဏ်၏ စာပေမှတ်တမ်း၊ စာအုပ်များနှင့် ဓာတ်ပုံပြခန်းကို တက္ကသိုလ်ခန်းမထဲတွင် ပြသနိုင်ရန်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြင်ဆင်ဆောင်ရွက်မှုများ စတင်ဆောင်ရွက်လျက်ရှိသည်။

ကလေးစာပေပွဲတော်ကို ကလေးများ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် အတွေးအခေါ် အယူအဆများ ထက်မြက်လာစေရန်၊ တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်လာစေရန်၊ စာပေနှင့် ရင်းနှီးပြီး စာဖတ်ခြင်းတွင် ပျော်မွေ့တတ်လာစေရန်နှင့် ကလေးများ၏ ပျော်ရွှင်မှုကို ဖန်တီးပေးရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေက ပြောကြားသည်။

ကလေးစာပေပွဲတော်ရက်များအတွင်း ရှမ်းပြည်နယ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၏ ဖျော်ဖြေရေးအစီအစဉ်များ၊ ကလေးများပျော်ရွှင်စေရန်နှင့် ဉာဏ်ရည်ဉာဏ်သွေးထက်မြက်စေရန် ရည်ရွယ်၍ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲများ အစရှိသည့် အစီအစဉ်များစွာကို ကျင်းပသွားမည်ဖြစ်သည့်အပြင် စာပေဟောပြောပွဲနှင့် ကလေးစာပေမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကိုပါ ထည့်သွင်းကျင်းပသွားမည် ဖြစ်သည်။

စာပေဟောပြောပွဲတွင် စာရေးဆရာ မောင်ခွန်နွယ် (အင်းလေး)၊ ဆွေကြည်အေး၊ အင်းလေးသန္တာခင်၊ သုနောင်းအင်း(အင်းလေး)၊ ရဲဘော်မြသိန်း(ဟိုပုံး)နှင့် ခင်(တောင်ကြီး)တို့က ပွဲတော်ရက်များအတွင်း ဟောပြောသွားမည်ဖြစ်သည်။

ထို့ပြင် ကလေးစာပေမြှင့်တင်ရေးအလုပ်ရုံ ဆွေးနွေးပွဲတွင် "ကလေးများဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ စာဖတ်ကျင့်ကို ပျိုးထောင်စို့"၊ "ကလေးများ ကိုယ် နှုတ် နှလုံးယဉ်ကျေးလိမ္မာဖို့ စာဖတ်ရှိန် မြှင့်တင်စို့"၊ "ကလေးများ ဘဝမြင့်မားဖို့ စာကြည့်တိုက်သော့တွေ ဖွင့်ကြစို့" စသည့် ခေါင်းစဉ်များဖြင့် ပွဲတော်ရက်များအတွင်း ဆွေးနွေးသွားမည်ဖြစ်ပြီး မည်သူမဆို ဝင်ရောက်ဆွေးနွေးနိုင်ကြောင်း သိရှိရသည်။



တောင်ကြီးတက္ကသိုလ်၌ ကလေးစာပေပွဲတော် ကျင်းပရန် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်နေကြစဉ်။

ကလေးစာပေပွဲတော်ကြီးတွင် မြန်မာနိုင်ငံ စာပေ ထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း တာဝန်ရှိသူများက ပွဲတော်သို့ လာရောက်သည့် ကလေးငယ်များ၊ ကျောင်းသား ကျောင်းသူများနှင့် စာပေချစ်မြတ်နိုးသည့် ပြည်သူများအား စာအုပ်စာစောင်များကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူနိုင်ရန်အတွက် စာအုပ်ဆိုင်ပေါင်း ၆၀ ကို ခင်းကျင်းဖွင့်လှစ်၍ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(အောင်မင်းဟန်)**

# ပြည်ပဖွံ့ဖြိုးရေးအကူအညီ ဖြတ်တောက်ခြင်းမပြုသင့်ဟု ကုလသမဂ္ဂအကြီးအကဲက အမေရိကန်ပြည်ထောင်စုနှင့်ဆွေးနွေးညှိနှိုင်း

**နယူးယောက် မေ ၃၁**

အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာ့ဦးဆောင်နိုင်ငံ အခန်းကဏ္ဍကို အဆုံးသတ်မည်ဆိုပါက အခြားနိုင်ငံများက ယင်းအခန်းကဏ္ဍကို လွှဲပြောင်းရယူလာကြမည်ဖြစ်ကြောင်း၊ ပြည်ပနိုင်ငံများအား ဖွံ့ဖြိုးရေးအကူအညီ အထောက်အပံ့ပေးခြင်းနှင့် သံတမန်ရေးအရ လှုပ်ရှားဆောင်ရွက်ခြင်းတို့တွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခြင်းဖြင့် ပြန်လည်ရရှိနိုင်မည့် အကျိုးကျေးဇူးများနှင့်ပတ်သက်၍ အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့်၏ အစိုးရအဖွဲ့နားလည်လက်ခံလာစေရန် မိမိကြိုးပမ်းလျက်ရှိကြောင်း ကုလသမဂ္ဂအကြီးအကဲ အန်သော်နျူးဂူးတဲရက်ရှ်က မေ ၃၀ ရက်တွင် ပြောကြားလိုက်သည်။

သမ္မတထရန့်သည် အမေရိကန်က ကမ္ဘာ့နိုင်ငံများသို့ ကူညီထောက်ပံ့ပေးမှု ဘတ်ဂျက်အသုံးစရိတ်ကို သုံးပုံတစ်ပုံခန့်ဖြတ်တောက် လျှော့ချရန် အဆိုပြုခဲ့သည်။အမေရိကန်က ပြည်ပအထောက်အပံ့ပေးမှု ဘတ်ဂျက်ကို ဖြတ်တောက်ရန် စီစဉ်လျက်ရှိရာတွင် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းဆိုင်ရာ ရန်ပုံငွေအတွက် အမေရိကန်က ထည့်ဝင်သော ဒေါ်လာတစ်ဘီလီယံခန့်ကို ဖြတ်တောက်လျှော့ချရန်လည်းပါဝင်သည်။ အမေရိကန်ပြည်ထောင်စုသည် နိုင်ငံတကာအဖွဲ့အစည်းများအတွက် ရန်ပုံငွေ ထောက်ပံ့ပေးနေမှုကိုလည်း သိသိသာသာဖြတ်တောက်လျှော့ချရန် ရည်ရွယ်ထားသည်ဆို၏။

နိုင်ငံတကာ ဖွံ့ဖြိုးရေးအကူအညီ၊ နိုင်ငံခြားရေးမူဝါဒအရ ပင်လယ်ရပ်ခြားနိုင်ငံများသို့ ထောက်ပံ့ပေးသည့် ဘဏ္ဍာရေးအကူအညီတို့ကို ဖြတ်တောက်ခြင်းမပြုဘဲ ဆက်လက်လုပ်ဆောင်သင့်ပုံနှင့်ပတ်သက်၍ အမေရိကန်အစိုးရအဖွဲ့နှင့်လည်းကောင်း၊ ကွန်ဂရက်လွှတ်တော်နှင့်လည်းကောင်း မိမိတို့ဆွေးနွေးလျက်ရှိကြောင်း ဂူးတဲရက်ရှ်က နယူးယောက်တက္ကသိုလ်၌ ပြုလုပ်သော အခမ်းအနားတစ်ရပ်တွင် ပြောကြားသည်။

**ရိုက်တာ။**






# ကဘူးမြို့ သံတမန်ရပ်ကွက်တွင် ဗုံးပေါက်ကွဲမှုကြီးဖြစ်ပွား လူ ၈၀ ထက်မနည်းသေဆုံး၊ လူပေါင်း ၃၂၀ ခန့်ဒဏ်ရာရ

**ကဘူး မေ ၃၁**

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးရှိ လုံခြုံရေး ထူထပ်စွာချထားသည့် သံတမန်ရပ်ကွက်တွင် မေ ၃၁ ရက်နံနက်ပိုင်းက ပြင်းထန်သော ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ လူ ၈၀ ဦးထက်မနည်းသေဆုံးကြောင်း၊ ဒဏ်ရာရသူဦးရေမှာ ၃၂၀ ခန့်ရှိပြီး အမျိုးသမီးနှင့်ကလေးငယ်များမှာလည်း ထိခိုက်သေဆုံးမှုတွင်ပါဝင်ကြောင်း အာဖဂန်ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

အသေခံဗုံးဖောက်ခွဲရေးသမားတစ်ဦးသည် မေ ၃၁ ရက် နံနက် ၈ နာရီခွဲခန့်တွင် ဇန်ဘက်ရင်ပြင်၌ ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်ထားသည့် ကားတစ်စီးကို ဖောက်ခွဲခဲ့ကြောင်း၊ ယင်းပေါက်ကွဲမှုကြောင့် အနီးအနားရှိ မော်တော်ယာဉ်အစီး ၅၀ ကျော်ခန့် ပျက်စီးခဲ့ရကြောင်း အာဖဂန်ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။ယခု ဗုံးဖောက်ခွဲတိုက်ခိုက်မှုသည် မြို့တော်ကဘူးတွင် လပေါင်းအတန်ကြာကာလအတွင်း ဗုံးဖောက်ခွဲတိုက်ခိုက်မှုများအနက် အပြင်းထန်ဆုံးတိုက်ခိုက်မှုတစ်ခုဖြစ်သည်။

ပဏာမစုံစမ်းစစ်ဆေးချက်အရ ဖောက်ခွဲတိုက်ခိုက်မှုမှာ ကုန်တင်ယာဉ်တစ်စီးပေါ်တွင် ဖောက်ခွဲရေးပစ္စည်းများတင်ဆောင်ကာ ဖောက်ခွဲတိုက်ခိုက်ခြင်းဖြစ်ကြောင်း အာဖဂန်နစ္စတန်ပြည်ထဲရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ နာဂျစ်ဒင်းနစ်က ပြောကြားသည်။

ပြင်းထန်သောဗုံးပေါက်ကွဲမှုကြောင့်မြို့တော်ကဘူးရှိ ပြင်သစ်နှင့် ဂျာမနီနိုင်ငံ သံရုံးများ ထိခိုက်ပျက်စီးခဲ့ရကြောင်း ပြင်သစ်အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦးက ပြောကြားသည်။

**ဗီတီအိုင်။**

# အငြင်းပွားကျွန်းလေးကျွန်းပေါ်တွင် ဂျပန်-ရုရှား စီးပွားရေးအကျိုးတူပူးပေါင်းလုပ်ဆောင်ရန် ကွင်းဆင်းလေ့လာမည်

**မော်စကို မေ ၃၁**

ရုရှားနိုင်ငံသိမ်းပိုက်ထားသော ဂျပန်ဘိုးဘွားပိုင်ကျွန်းလေးကျွန်းပေါ်တွင် နှစ်နိုင်ငံ အကျိုးတူစီးပွားရေး လုပ်ငန်းများလုပ်ဆောင်ရန် သဘောတူညီထားသည့် ကဏ္ဍများအား အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ကွင်းဆင်းလေ့လာမှုများ ပူးပေါင်းလုပ်ဆောင်မည်ဖြစ်ကြောင်း နှစ်နိုင်ငံတာဝန်ရှိသူများက သဘောတူညီခဲ့ကြကြောင်း သိရသည်။

အဆိုပါပူးတွဲကွင်းဆင်းလေ့လာမှုကို ဇွန်လနှောင်းပိုင်းတွင် စတင်မည်ဖြစ်ပြီး နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းလုပ်ဆောင်မှု အခြေအနေကို မြှင့်တင်မည်ဖြစ်သည်။

မေ ၃၁ ရက်တွင် ဂျပန်နှင့် ရုရှားတာဝန်ရှိသူများက ရုရှားနိုင်ငံ ယူဇာနို-ဆာခါလင်းစ်မြို့ရှိ ဆာခါလင်းစ်စီရင်စု၏ RUSSIA FAR EASTERN Hall တွင် တွေ့ဆုံကာ အထက်ပါ ကိစ္စရပ်များနှင့်ပတ်သတ်ပြီး ဆွေးနွေးခဲ့ကြသည်။

ဂျပန်အဖွဲ့ကို ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ အထူးအကြံပေးပုဂ္ဂိုလ် အီချီ ဟာဆီဂါဝါက ဦးဆောင်ခဲ့ပြီး အစိုးရအဖွဲ့တာဝန်ရှိသူများနှင့် ပုဂ္ဂလိကကျွမ်းကျင်ပညာရှင်များ တက်ရောက်ခဲ့ကြသည်။ ရုရှားအဖွဲ့ကို ဆာခါလင်းစ်စီရင်စု အုပ်ချုပ်ရေးမှူး အိုလက်ဂ် ကိုဇီယာကို အပါအဝင် အစိုးရအဖွဲ့တာဝန်ရှိသူများ ပါဝင်ခဲ့ကြောင်း သိရသည်။

နှစ်နိုင်ငံ အကျိုးကျေးဇူးဖြစ်ထွန်းစေရန်အတွက် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်သင့်သည်ဟု အစည်းအဝေးတက်ရောက်သူများက ပြောကြားခဲ့သည်။

နှစ်နိုင်ငံလုပ်ဆောင်မည့် ရှေ့ပြေးကွင်းဆင်းလေ့လာမှုတွင် ရေလုပ်ငန်း၊ ခရီးသွားလုပ်ငန်းနှင့် နှစ်နိုင်ငံစိတ်ဝင်စားသော အခြားကဏ္ဍများပါဝင်သည်။

ယခုကဲ့သို့ နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်ရန် ကွင်းဆင်းလုပ်ဆောင်ခြင်းများ ဆောင်ရွက်မှုသည် ရုရှားနိုင်ငံ၏ အပြုသဘောဆောင်သော လိုက်လျောပေးမှုဖြစ်ပါကြောင်း ဝန်ကြီးချုပ်ရှင်ဇိုအာဘေး၏ အထူးအကြံပေးပုဂ္ဂိုလ် အီချီ ဟာဆီဂါ ဝါက မီဒီယာသို့ပြောကြားခဲ့သည်။

ရုရှားနိုင်ငံက ကျွန်းလေးကျွန်းကို ထိန်းချုပ်ထားသည်။ ဂျပန်နိုင်ငံက ယင်းကျွန်းလေးကျွန်းသည် ဘိုးဘွားပိုင်ဆိုင်မှုများဖြစ်သည်ဟု အခိုင်အမာဆိုသည်။ ဒုတိယကမ္ဘာစစ်ပြီးနောက် ရုရှားနိုင်ငံက အဆိုပါကျွန်းများကို တရားမဝင် သိမ်းပိုက်ခဲ့ခြင်းဖြစ်သည်ဟု သတင်းများအရ သိရသည်။

**အင်န်အိတ်ချ်ကေ။**




# ကွန်ပျူတာ ကွန်ရက်လုံခြုံရေး ဥပဒေသစ် တရုတ်နိုင်ငံ၌ ဇွန် ၁ ရက် စတင်အာဏာသက်ဝင်

**ရှန်ဟိုင်း မေ ၃၁**

ကွန်ပျူတာကွန်ရက်ဆိုင်ရာ အကြမ်းဖက်မှုနှင့် ကွန်ပျူတာဟက်ကာ တိုက်ခိုက်မှု ဘေးအန္တရာယ်များအား တိုးမြှင့်ရင်ဆိုင်လာနေရသော တရုတ်နိုင်ငံသည် ကွန်ပျူတာကွန်ရက်လုံခြုံရေးဥပဒေသစ်ကို ဇွန် ၁ ရက်မှစ၍ စတင်အာဏာသက်ဝင်စေတော့မည်ဖြစ်ကြောင်း အစိုးရတာဝန်ရှိသူများက မေ ၃၁ ရက်တွင် ပြောကြားကြသည်။

တရုတ်နိုင်ငံရှိ လွှတ်တော်က နိုဝင်ဘာလတွင် အတည်ပြုပေးခဲ့သော ကွန်ပျူတာကွန်ရက်လုံခြုံရေးဥပဒေသစ်ကို ဇွန် ၁ ရက်မှစ၍ အာဏာသက်ဝင်စေမည်ဖြစ်သည်။ အဆိုပါဥပဒေအရ အင်တာနက်ကုမ္ပဏီများအနေဖြင့် အွန်လိုင်းသုံးစွဲသူများ၏ ဆက်သွယ်မှု လုပ်ငန်းစဉ် အရပ်ရပ်ကို ထောက်လှမ်းစောင့်ကြည့်ကာ မှတ်တမ်းယူထားရမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

ကွန်ပျူတာကွန်ရက် လုံခြုံရေး ဥပဒေသစ်သည် တရုတ်နိုင်ငံရှိ ပင်လယ်ရပ်ခြားကုမ္ပဏီများ၏လုပ်ငန်းဆောင်တာများအပေါ် ထိခိုက်စေလိမ့်မည်မဟုတ်ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

သို့ရာတွင် ပြည်ပရှိ အစိုးရအဖွဲ့အချို့နှင့် အဖွဲ့အစည်းအချို့တို့က တရုတ်အစိုးရအဖွဲ့နှင့် နိုင်ငံခြားကုမ္ပဏီများအကြား ယင်းဥပဒေနှင့်အညီ ပူးပေါင်းဆောင်ရွက်မှုကို ပိတ်ပင်တားဆီးဖွယ်ရှိသည်ဟု မျှော်လင့်ရကြောင်း တရုတ်ကျွမ်းကျင်သူပညာရှင်များက ပြောကြားကြသည်။

သတင်းအချက်အလက်နည်းပညာ အခြေခံအဆောက်အအုံလုပ်ငန်းဆောင်ရွက်သည့် အော်ပရေတာများသည် စီးပွားရေးလုပ်ငန်းဆိုင်ရာ အရေးကြီးသော သတင်းအချက်အလက်များနှင့် ပုဂ္ဂလိက သတင်းအချက်အလက်များကို ထောက်လှမ်းစောင့်ကြည့်ကာ မှတ်တမ်းရယူထားရန် အဆိုပါဥပဒေတွင် ဖော်ပြထားသဖြင့် အငြင်းပွားဖွယ်ရာ ဥပဒေတစ်ရပ်အဖြစ် ဝေဖန်မှုများ ပေါ်ထွက်လျက်ရှိသည်။

သို့ရာတွင် တရုတ်နိုင်ငံ၏ ပထမဆုံးသော ကွန်ပျူတာကွန်ရက်လုံခြုံရေးဥပဒေသည် တရုတ်နိုင်ငံ၌ လုပ်ကိုင်နေသော ပင်လယ်ရပ်ခြား ကုမ္ပဏီများအား မညှာမတာပစ်မှတ်ထားရန် ရည်ရွယ်ချက်မရှိကြောင်း တရုတ်အစိုးရအဖွဲ့က ပြောကြားသည်။

**ဆင်ဟွာ။**

❑

# တရားမဝင်သစ်ခိုးထုတ်မှုများကို ထိထိရောက်ရောက်နှိမ်နင်းရန် လိုအပ်

**နေပြည်တော် မေ ၃၁**

**တောတောင်ထူထပ်သောဒေသများ၌ သစ်တောပြုန်းတီးမှုများခြင်းကြောင့် ၂၀၁၅၊ ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံ၌ အပြင်းထန်ဆုံးသော ရာသီဥတုနှင့် ရင်ဆိုင်ခဲ့ကြရပြီး နိုင်ငံတကာ ရာသီဥတု ဘေးအန္တရာယ်အညွှန်းကိန်းတွင် နိုင်ငံပေါင်း ၁၈၇ နိုင်ငံအနက် မြန်မာနိုင်ငံသည် အဆင့်(၂)တွင်ရှိသည့်အတွက် နိုင်ငံတစ်ဝန်း သစ်တောစောင့်ရှောက်မှုနှုန်း တိုးမြှင့်ဆောင်ရွက်လျက် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်မြို့များတွင် Green Land စီမံကိန်းများ အမြန်ဆုံးစနစ်တကျ အကောင်အထည်ဖော်ဆောင်ပါရန်နှင့် အခြားဒေသများတွင်လည်း နှစ်အလိုက်စီမံကိန်းများ တိုးချဲ့ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် အတည်ပြုလိုက်သည်။

အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ၁၇ ဦးက ထောက်ခံဆွေးနွေးခဲ့ကြပြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက အဆိုကို အတည်ပြုသင့်ကြောင်း တင်ပြခဲ့သည်။



**ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း**



**ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးညဏ်လင်း**

ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီးက သစ်တောပျက်စီးပြုန်းတီးသွားသော နေရာများနှင့် သစ်တောအတန်းအစား ကျဆင်းသွားသည့်နေရာများတွင် သင့်လျော်သည့်ပြုစုထိန်းသိမ်းခြင်းများ ဆောင်ရွက်သင့်ပါကြောင်း၊ တရားမဝင်သစ်ခိုးမှုပပျောက်ရန် ဆက်စပ်ဌာနနှင့် ပြည်သူတစ်ရပ်လုံးပူးပေါင်း၍ တိုက်ဖျက်ကြရန်လိုအပ်ပါကြောင်း ဆွေးနွေးသည်။

မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနုက တောညှံ့များကို အပြောင်ခုတ်လှဲပြီးမှ သစ်ပင်များ ပြန်လည်စိုက်ပျိုးနေပါကြောင်း၊ တောညှံ့များတွင် တန်ဖိုးရှိသည့်သစ်များ မရှိသော်လည်း အခြားသစ်မာများ၊ ဝါးများ၊ ချုံနွယ်များ သဘာဝအတိုင်းရှိနေသေးသည့်အတွက် ဂေဟစနစ်အရ တန်ဖိုးရှိနေသေးပါကြောင်း၊ မြေပြင်အခြေအနေကို မလေ့လာဘဲ မြေပုံကိုကြည့်ပြီး စိုက်ခင်းကိုတည်ထောင်မည့် စီမံကိန်းကို မြေပုံပေါ်တွင် အကောင်အထည်ဖော်မည်ဆိုပါက ဆောင်ရွက်ချက်များ မှားယွင်းနိုင်ပါကြောင်း ဆွေးနွေးသည်။

ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးညဏ်လင်းက မြန်မာနိုင်ငံ၏ သစ်တောပြုန်းတီးမှုနှုန်းသည် ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်း သုည ဒသမ ၅ ရာခိုင်နှုန်းရှိရာမှ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ၁ ဒသမ ၇၃ ရာခိုင်နှုန်းအထိတိုးမြင့်လာပါကြောင်း၊ သစ်တောပြုန်းတီးမှုသည် နှစ်စဉ် ဟက်တာ ၅၄၆၀၀၀ ပြုန်းတီးနေသည်ဟု သိရပါကြောင်း၊ တရားမဝင်သစ်ခိုးထုတ်မှုများကို ထိထိရောက်ရောက်နှိမ်နင်းရန် လိုအပ်ပါကြောင်း၊ တောပြုန်းတီးစေသည့် သစ်ခိုးဂိုဏ်းများကို အပြတ်ရှင်းနိုင်မှသာ သစ်တောများကို ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးညဏ်ဟိန်းက သစ်တောပြုန်းတီးမှုအကြောင်းများစွာအနက်မှ သစ်ခိုးခံရမှုကြောင့် အများဆုံးပြုန်းတီးပါကြောင်း၊ သစ်ခိုးဂိုဏ်းများသည် လက်နက်များပါ ကိုင်ဆောင်လာကြပါကြောင်း၊ ထို့ကြောင့် သစ်ခိုးမှုတိုက်ဖျက်ရေး အထူးရဲတပ်ဖွဲ့ ဖွဲ့စည်း၍ သစ်တောဝန်ထမ်းများနှင့် တွဲဖက်တာဝန်ပေးရန်လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ခင်ဦးမဲဆန္ဒနယ်မှ ဒေါက်တာဦးဝင်းအောင်က သစ်တောများကို ကာကွယ်စောင့်ရှောက်ရာတွင် သစ်တောဥပဒေများစိုးမိုးရန် လိုအပ်ပါကြောင်း၊ သစ်တောဝန်ထမ်းများ၏ အခက်အခဲများကိုလည်း မေးမြန်းဖြေရှင်းပေးသင့်ပါကြောင်း၊ သစ်တောဝန်ထမ်းများကို သစ်ခိုးထုတ်သူများက ခုခံတိုက်ခိုက်နေပါကြောင်း၊ သစ်ရှာဖွေဖမ်းဆီးသူများ လုံခြုံရေးအပြည့်ရှိရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ထို့ပြင် ဘိုကလေးမဲဆန္ဒနယ်မှ ဦးမင်းသိုင်း၊ တိုက်ကြီးမဲဆန္ဒနယ်မှ ဦးကျော်မြင့်၊ လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ၊ ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည်၊ ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦး၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၊ မတ္တရာမဲဆန္ဒနယ်မှ ဦးဇော်မင်းလွင်၊ ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း၊ ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးကျော်မင်းလှိုင်၊ ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေ၊ ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်းနှင့် တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး မင်းသော်အေးတို့ကလည်း အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အပြည့်အဝပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဒေသခံပြည်သူများထံ သစ်ပင်များ ဖြန့်ဝေပေးခြင်း၊ ပျိုးပင်နှင့် နည်းပညာပံ့ပိုးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ခြင်း ၁၀ နှစ် စီမံကိန်းများတွင် ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အဆိုအား အတည်ပြုပေးရန် တင်ပြအပ်ပါကြောင်း ဆွေးနွေးခဲ့သည်။

အစည်းအဝေးတွင် လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၏ **နိုင်ငံ၏ဝင်ငွေအဖြစ် အားထားနေရသော မြေအောက်သယံဇာတများ ထုတ်ယူရရှိမှုအခြေအနေ၊ နိုင်ငံတော်မှ နှစ်စဉ်ရရှိနေသော ဝင်ငွေအခြေအနေကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ၂၀၁၆-၂၀၁၇ ခုနှစ်တွင် စက်မှုတွင်းထွက်ကုန်ကြမ်းနှင့် ရွှေမှအပ အခြားသတ္တုထုတ်လုပ်မှုမှာ ယခင်နှစ်ထက်တိုးတက်လာပါကြောင်း၊ ရွှေစင်၊ ကျောက်မျက်နှင့် ကျောက်စိမ်းထုတ်လုပ်မှုမှာ ယခင်နှစ်ထက်လျော့နည်းသွားပါကြောင်း။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဓာတ်သတ္တုဝင်ငွေရရှိမှုမှာ ကျပ်သန်းပေါင်းလေးသိန်းကျော်ရရှိသည့်အတွက် ယခင်နှစ်ထက် တိုးတက်လာပါကြောင်း၊ ကျောက်စိမ်း၊ ကျောက်မျက်တွင် ကျပ်သန်းပေါင်း နှစ်သိန်းရှစ်သောင်းကျော်ရရှိသည့်အတွက် ယခင်နှစ်ထက်လျော့နည်းသွားသည်ကို တွေ့ရပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကမ်းလွန်သဘာဝဓာတ်ငွေ့စီမံကိန်းများမှ အမေရိကန်ဒေါ်လာ ၂၇၄၃ ဒသမ ၀၄ သန်းရရှိခဲ့ပြီး ယခင်နှစ်ထက် လျော့နည်းခဲ့ပါကြောင်း။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ရေနံ၊ သဘာဝဓာတ်ငွေ့၊ သတ္တု၊ ကျောက်မျက်၊ သစ်တောနှင့်သစ်တောထွက်၊ ရေအားလျှပ်စစ် ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းများမှ ဝင်ငွေခွန်ကောက်ခံရရှိမှုမှာ ကျပ်သန်းပေါင်း ၂၇၆၃၁၇ ဒသမ ၃၅၄၊ ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံရရှိမှုမှာ ကျပ်သန်းပေါင်း ၁၅၁၂၄၄ ဒသမ ၄၉၁၊ အထူးကုန်စည်ခွန်ကောက်ခံရရှိမှုမှာ ကျပ်သန်းပေါင်း ၃၈၉၄၃၇ ဒသမ ၅၅၈ ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး၊ မိုးညှင်းမဲဆန္ဒနယ်မှ ဒေါ်စန်းစန်းအိနှင့် မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်းတို့၏ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မေးခွန်းများကို ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ပြန်လည်ဖြေကြားခဲ့သည်။

ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာအား အတည်ပြုခြင်း၊ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော **“မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုများအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း၊ အတည်ပြုခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

**ကျော်သူထက်(သတင်းစဉ်)**

# ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်လမ်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အကုန်တွင် ရာသီမရွေး သွားလာနိုင်သောလမ်းအဆင့်ရောက်ရှိအောင် ဆောင်ရွက်သွားမည်

**နေပြည်တော် မေ ၃၁**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ ပြန်ကြားရေးနှင့် ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာ မေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမိုး၏ **ရန်ကုန်-ပုသိမ် မော်တော်ကားလမ်းအား B.O.T စနစ်ဖြင့် ဆောင်ရွက်ခွင့် ရရှိထားသော ကုမ္ပဏီနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့အကြား ချုပ်ဆိုထားသော စာချုပ်ပါ အချက်အလက်၊ စည်းကမ်းချက်များအား ဒေသခံပြည်သူများကို ပွင့်လင်းမြင်သာစွာ ရှင်းလင်းပြသရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့် Oriental Highway ကုမ္ပဏီလီမိတက်တို့အကြား ချုပ်ဆိုသော B.O.T စာချုပ်ပါ အချက်အလက်၊ စည်းကမ်းချက်များကို ဒေသခံပြည်သူများနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့များမှ သိရှိလိုပါက ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနအနေဖြင့် ပွင့်လင်းမြင်သာစွာ ရှင်းလင်းပြသပေးသွားမည်ဖြစ်ပါကြောင်း။

B.O.T စာချုပ်ပါ စည်းကမ်းချက်များအရ B.O.T လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် သတ်မှတ်ထားသော နည်းပညာဆိုင်ရာ စံချိန်စံညွှန်းများနှင့် ကိုက်ညီအောင် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း၊ လမ်း၊ တံတားတည်ဆောက် ပြုပြင်ထိန်းသိမ်းခြင်း သို့မဟုတ် သတ်မှတ်စံချိန်စံညွှန်းများနှင့်စပ်လျဉ်း၍ ချွတ်ယွင်းမှု သို့မဟုတ် ပဋိညာဉ်စာချုပ်နှင့် မကိုက်ညီမှုတို့ကို တွေ့ရှိပါက ဆောက်လုပ်ရေး ဝန်ကြီးဌာနက ကန့်ကွက်နိုင်သည့်အပြင် ချွတ်ယွင်းချက်ကို B.O.T လုပ်ငန်းလုပ်ကိုင်ခွင့်ရသောကုမ္ပဏီက ၎င်းတို့၏စရိတ်ဖြင့် ကောင်းမွန်အောင် ပြန်လည်ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း ဖြေကြားသည်။



**ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမိုး**



**ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်**

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်၏ **ရခိုင်ပြည်နယ်၏ ကုန်ထုတ်လမ်းဖြစ်သော ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်ကားလမ်း မည်သည့်အချိန်တွင် ပြီးစီးမည်ကို သိရှိလိုခြင်းနှင့် နိုင်ငံတကာချေးငွေ၊ အထောက်အပံ့ငွေများရယူပြီး ထိုလမ်းကို အရှိန်အဟုန်မြှင့် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ရသေ့တောင်-ဘူးသီးတောင်လမ်းပိုင်းအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၁၀ မိုင် ၃ ဖာလုံကို အကျယ် ၃၄ ပေ မြေသားတာပေါင်တင်ခြင်း၊ R.C.C Box Culvert ရှစ်စင်း တည်ဆောက်ခြင်းနှင့် တံတားတည်ဆောက်ခြင်းလုပ်ငန်းဖြစ်သော ငစံပေါ်တံတား ပေ ၁၉၀၊ ရွာဟောင်းချောင်းတံတားပေ ၂၈၀၊ သောင်းဒရားချောင်းတံတား ပေ ၅၀၀ နှင့် စိုင်တင်ချောင်းတံတားပေ ၆၀၀ အရှည်တို့ကို ယခုဘဏ္ဍာနှစ်အတွင်း ပွင့်လင်းရာသီတွင် အပြီးသတ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ပုဏ္ဏားကျွန်း - ရသေ့တောင် - ဘူးသီးတောင်လမ်းအား တစ်ဆက်တစ်စပ်တည်း သွားလာနိုင်ရန်လမ်း၊ တံတား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ယခုလက်ရှိတွင် နိုင်ငံတကာချေးငွေနှင့် အထောက်အပံ့များ ရယူဆောင်ရွက်ရန်အစီအစဉ် မရှိပါကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အကုန်တွင် ၎င်းလမ်းအပိုင်းအား ရာသီမရွေး သွားလာနိုင်သော လမ်းအဆင့်သို့ ရောက်ရှိအောင် နိုင်ငံတော်မှ ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်လွီးဇာနှင့် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဦးဇုန်လှယ်ထန်းတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်တို့က ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

ထို့နောက် **ပြည်သူ့စာရင်းကိုင်များပျက်ကွက်မှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း** အား လွှတ်တော်မှ အတည်ပြုပေးပါရန် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက တင်သွင်းသည်။

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင်ဦးလားလ်မင်းထန်က လွှတ်တော်သို့တင်ပြရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ဇွန် ၂ ရက်တွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**(သူရဇော်)**

# (၂၇)ကြိမ်မြောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကြီး၏ နှစ်ပတ်လည်ညီလာခံ

ဒေါက်တာစိုးမြင့်
(မိခင်နှင့်ကလေးကျန်းမာရေး)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီး၏ (၂၇) ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံကြီးကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပေါင်း ၂၂၄၀၀ နှင့် ရာသက်ပန်အသင်းဝင်ပေါင်း ၁၃ သန်းတို့မှ ဇွန်လ ၁ ရက်နေ့တွင် ခြိမ့်ခြိမ့်သဲ ကျင်းပနေကြပြီ ဖြစ်ပါသည်။ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မိခင်နှင့်ကလေးများ၏ကျန်းမာရေး၊ ပညာရေးနှင့် လူမှုရေးအဆင့်အတန်းမြင့်မားရေးတို့အတွက် ကိုယ်ကျိုးမဖက် စေတနာ့ဝန်ထမ်းလုပ်ငန်းသက်သက်ဖြင့် ဆောင်ရွက်ပေးနိုင်ရန် ဖွဲ့စည်းခဲ့ပါသည်။

လက်ရှိအသင်းကြီးကို နိုင်ငံတော်အစိုးရမှ ဥပဒေအမှတ် (၂၁/၉၀) ကိုထုတ်ပြန်ပြီး စေတနာ့ဝန်ထမ်းလူမှုအဖွဲ့စည်းတစ်ခုအဖြစ် ၁၉၉၁ ခုနှစ် ဧပြီလ ၃၀ ရက်နေ့တွင် ဖွဲ့စည်းပေးခဲ့ပါသည်။ ထိုအချိန်မှစ၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေး ရှောက်စောင့်ရေးအသင်းကြီးသည် မိခင်နှင့်ကလေးများ၏ ကျန်းမာရေး၊ ပညာရေး၊ လူနေမှုအဆင့်အတန်းမြင့်မားရေး၊ ဘေးအန္တရာယ်လျော့ပါးရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ မိသားစုဝင်ငွေတိုးရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ပြည်သူလူထုနှင့်အတူ တစိုက်မတ်မတ်ဆောင်ရွက်ခဲ့သည်မှာ ယနေ့ထက်တိုင် ဖြစ်ပါသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးအား မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မိခင်နှင့်ကလေးများ၊ မိသားစုများ၏ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ ကူညီစောင့်ရှောက်မှုလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်စေရန်၊ တစ်နိုင်ငံလုံးတွင် ဖွဲ့စည်းထားရှိသော မြို့နယ်အသင်းများနှင့် အသင်းခွဲများအား မိခင်နှင့်ကလေးစောင့်ရှောက်ရေး အခြေခံပညာရပ်များကို စည်းရုံးဖြန့်ဖြူးပေးရန်၊ မြို့နယ်အသင်းများနှင့် အသင်းခွဲများမှတစ်ဆင့် မိခင်နှင့်ကလေးများအား ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ အကူအညီအထောက်အပံ့များ ပေးအပ်ရန်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်အသင်းများ၊ အသင်းခွဲများ အချင်းချင်း ပူးပေါင်းဆောင်ရွက်ရမည့်လုပ်ငန်းများ ချောမောအဆင်ပြေစေရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးရန်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးလုပ်ငန်းများနှင့် မိသားစုစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်ဟူသော ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

ကျန်းမာရေးပညာပေးခြင်းနှင့် သတင်းအချက်အလက်ဖြန့်ဖြူးခြင်းလုပ်ငန်းများအဖြစ် ဟောပြောပွဲများ ကျင်းပပေးခြင်း၊ သက်တူ၊ ရွယ်တူအုပ်စုများအတွင်း ပညာပေးခြင်း၊ တစ်ဦးချင်းနှစ်သိမ့်ဆွေးနွေးပညာပေးခြင်း၊ ဆရာဖြစ် သင်တန်းများနှင့် ဆင့်ပွားသင်တန်းများဖွင့်လှစ်သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပေါင်း ၂၂၀၀၀ ခန့်မှ မိခင်အများစုပါဝင်သော ပြည်သူလူထုခြောက်သိန်းခန့်ကို ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ခဲ့ပါသည်။

မျိုးဆက်ပွား ကျန်းမာရေးလုပ်ငန်းများအဖြစ် မိခင်နှင့်ကလေးသေနှုန်းများ ကျဆင်းစေရန်အတွက် ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုလုပ်ငန်းများ၊ သားဖွားခန်းလုပ်ငန်းများ၊ သားဖွားမိခင်နှင့်မွေးကင်းစကလေးစောင့်ရှောက်ခြင်းလုပ်ငန်းများလုပ်ဆောင်ခဲ့ပြီး သားဖွားမိခင်များ သန့်ရှင်းစွာ မွေးဖွားပေးနိုင်ရန်အတွက် မွေးဖွားရာတွင် လိုအပ်သည့် တစ်ခါသုံးမွေးထုတ် (Clean Delivery Kit)များကိုလည်း အသင်းပိုင်သားဖွားခန်းများသာမက ရွှေ့လျားကျန်းမာရေးဆေးခန်းများကိုပါ အခမဲ့ပေးဝေနိုင်ခဲ့ပါသည်။

၂၀၁၅ ခုနှစ်အတွင်း အသင်းပိုင် သားဖွားခန်း ၁၃၂ ခန်းတွင် ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုခံယူသူ ၆၅၀၅၉ ဦး၊ မွေးဖွားသူ ၉၄၉၈ ဦး၊ မွေးပြီးစောင့်ရှောက်မှုခံယူသူ ၁၀၁၅၇ ဦးရှိခဲ့ပြီး အန္တရာယ်ရှိသော ကိုယ်ဝန်ဆောင် ၂၆၃၂ ဦး၊ မွေးဖွားသူ ၄၃၅ ဦးကိုလည်း သက်ဆိုင်ရာဆေးရုံများသို့ ညွှန်ပို့ပေးနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ပျိုရွယ်သူများ မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုရရှိစေရန် ပျိုရွယ်သူလူငယ်များကိုသာမက မိဘနှင့်အုပ်ထိန်းသူများကိုပါ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ၂၀၁၅ ခုနှစ်အတွင်း တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ လူငယ်ပေါင်း ၁ ဒသမ ၇၅ သန်းခန့်ကို အသိပညာပေးနိုင်ခဲ့ပါသည်။

ကူးစက်တတ်သောရောဂါများ မဖြစ်ပွားစေရန်အတွက် ၂၀၁၅ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးစီးဆောင်ရွက်သော "နိုင်ငံတစ်ဝန်း ဝက်သက်နှင့်ဂျိုက်သိုးရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း (၂၀၁၅)" တွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသဖြင့် နိုင်ငံတော်အစိုးရက ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ခဲ့ပါသည်။

ထို့ပြင် ရပ်ကွက်၊ ကျေးရွာတိုင်းတွင် တီဘီရောဂါရှိ လူနာများ ရှာဖွေဖော်ထုတ်ပေးခြင်း၊ တီဘီသံသယရှိ လူနာများအား စည်းရုံး၍ သလိပ်စစ်ရန်လည်းကောင်း၊ ကျန်းမာရေးဌာနသို့ ပြန်သရန်လည်းကောင်း အသင်းဝင်များက ဆောင်ရွက်ပေးခဲ့ကြပြီး ငှက်ဖျားနှင့်သွေးလွန်တုပ်ကွေး ရောဂါများသည် ခြင်များမှတစ်ဆင့် ကူးစက်ပျံ့နှံ့သော ရောဂါများဖြစ်သဖြင့် ခြင်ကိုက်မခံရအောင် နေထိုင်ခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊ ခြင်များ၊ လောက်လမ်းများ မပေါက်ပွားစေရန် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ၊ ဆေးစိမ်ခြင်ထောင်ဖြန့်ဝေခြင်းလုပ်ငန်းများကို ကျန်းမာရေးဝန်ထမ်းများနှင့်ပူးပေါင်း၍ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် မိခင်နှင့်ကလေး အာဟာရချို့တဲ့သော ရောဂါဖြစ်ပွားမှု များပြားလျက်ရှိသောကြောင့် အသင်းကြီးအနေဖြင့် ငါးနှစ်အောက်ကလေးငယ်များ ကိုယ်ခန္ဓာကြီးထွားမှုစောင့်ကြည့်ခြင်းလုပ်ငန်းကို အမျိုးသားအာဟာရဖွံ့ဖြိုးရေးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

ကလေးငယ်များ ဗီတာမင်အေချို့တဲ့ခြင်းကြောင့် ဖြစ်ပွားသည့် အမြင်အာရုံချို့တဲ့ခြင်းမှကာကွယ်ရန် ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်း၍ ဗီတာမင်အေဆေးလုံးများ တိုက်ကျွေးခြင်း၊ အိုင်အိုဒင်းဓာတ်ချို့တဲ့မှုကြောင့်ဖြစ်ပွားသည့် ဉာဏ်ရည်မမီခြင်း၊ လည်ပင်းကြီးရောဂါဖြစ်ပွားခြင်းတို့ကို ကာကွယ်ရန် အိုင်အိုဒင်းဆားအရည်အသွေးစစ်ဆေးခြင်းနှင့် အိုင်အိုဒင်းဆားထောက်ပံ့ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ပညာပေးခြင်းအကြိမ်ပေါင်း ၇၄၈၃၁ နှင့် အိုင်အိုဒင်းဆား ပိဿာချိန် ၂ ဒသမ ၂ သန်း ဖြန့်ဖြူးခြင်းလုပ်ငန်းတို့ကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

အပျိုဖော်ဝင် အမျိုးသမီးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား သွေးအားနည်းရောဂါကာကွယ်နိုင်ရန်အတွက် သံဓာတ်ပါသော အားဆေးများနှင့် ဖောလ်လစ်အက်စစ်ဆေးပြားများ အခမဲ့ဝေငှခြင်းနှင့် သံဓာတ်ကြွယ်ဝသည့် အစားအစာများ စားသုံးရန်နှင့် သံဓာတ်မဆုံးရှုံးစေသည့် ချက်ပြုတ်စားသုံးနည်းများကျင့်သုံးရန် ပညာပေးခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဝေဒနာရှင်များအား ပြုစုကုသနိုင်ရန် ငွေကြေးထောက်ပံ့ခြင်း၊ သက်ဆိုင်ရာဆေးရုံများနှင့် ဆက်သွယ်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

အသင်းကြီးအနေဖြင့် ၂၀၁၅ ခုနှစ်အတွင်း ရေတွင်းပေါင်း ၅၆၈၅ တွင်းတူးဖော်ခြင်းနှင့် ရေတွင်းပေါင်း ၁၀၇၀၉၀ သန့်ရှင်းရေးဆောင်ရွက်ခြင်းတို့တွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ပြီး ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲရေးအတွက် အသိပညာပေးခြင်း၊ ဆက်စပ်ပစ္စည်းများပံ့ပိုးပေးခြင်း၊ တစ်ကိုယ်ရေကျန်းမာရေးအလေ့အကျင့်နှင့် သန့်ရှင်းသော အိမ်သာသုံးစွဲသည့် အလေ့အကျင့်များ ရရှိစေရန် အသိပညာပေးစည်းရုံးလှုံ့ဆော်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ပါသည်။

ရှေ့ဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့် ဘက်စုံဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများအဖြစ် ၂၀၁၅ ခုနှစ်အတွင်း မူလတန်းကြိုကျောင်းပေါင်း ၇၄၉ ကျောင်း၊ ကလေးဦးရေ ၂၅၃၇၀၊ နေ့ကလေးထိန်းကျောင်း ၅၇ ကျောင်း၊ ကလေးဦးရေ ၁၂၉၈ ဦးကို ပြုစုပျိုးထောင်လေ့ကျင့်ပေးနိုင်ခဲ့ပါသည်။

နှစ်စဉ် မေလနောက်ဆုံးပတ်တွင် ပညာရေးဝန်ကြီးဌာန၏အစီအစဉ်ဖြင့် "ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေး ရက်သတ္တပတ်လှုပ်ရှားမှု"ကို အသင်းဝင်များမှ တက်ကြွစွာ စည်းရုံးလှုပ်ရှားဆောင်ရွက်ခဲ့ကြသလို အခြေခံပညာကျောင်းများသို့လည်း ၂၀၁၅ ခုနှစ်အတွင်း ငွေကျပ်သိန်းတစ်ရာကျော်တန်ဖိုးရှိ ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ ထောက်ပံ့ကူညီခဲ့သည်။

ချို့တဲ့ကလေးများ ပညာသင်ကြားခွင့်ရရှိစေရေး စီမံချက်အရ အထက်တန်းဆင့် ကျောင်းသား ကျောင်းသူ ၃၁၉၇၂ ဦး၊ အလယ်တန်းဆင့် ၄၁၁၅၀ ဦး၊ မူလတန်းဆင့် ၇၉၆၁၇ ဦး၊ အဆင့်မြင့်ကဏ္ဍတွင် ၂၅၀၆ ဦးကို တန်ဖိုးငွေ ၂၆၃ သန်း တန်ဖိုးရှိပစ္စည်းများနှင့် ငွေသားတို့ကို လှူဒါန်းခဲ့ပါသည်။

အမျိုးသမီးများ ဝင်ငွေတိုးတက်စေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း ပညာရပ်ဆိုင်ရာသင်တန်းများအဖြစ် အခြေခံစက်ချုပ်သင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်း၊ အခြေခံသိုးမွေးစက်ထိုးသင်တန်း၊ မုန့်ဖုတ်၊ မုန့်လုပ်သင်တန်းများ၊ သစ်သီးအလှပုံဖော်သင်တန်း၊ ပန်းအလှပြင်သင်တန်းနှင့် ဒေသအလိုက်သင့်လျော်သော ဇာပန်းထိုး၊ ခြင်းရက်၊ ရက်ကန်းစသည့် သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် တိုင်းဒေသကြီး၊ ပြည်နယ်များ၌ သင်တန်းသား ၁၅၈၉၀၆ ဦးကို သင်တန်းပို့ချပေးနိုင်ခဲ့ပါသည်။

၂၀၁၅ ခုနှစ်အတွင်း သက်ကြီးရွယ်အိုစောင့်ရှောက်မှုလုပ်ငန်းအတွက် ငွေကျပ် ၄၁ သိန်း၊ သဘာဝနှင့်လူကြောင့်ဖြစ်သော အန္တရာယ်များမှ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ငွေကျပ် ၈၅၃ သိန်း၊ မိဘမဲ့ကလေးများစောင့်ရှောက်ရေးကျောင်းနှင့် အခြားအထွေထွေ လူမှုရေးလုပ်ငန်းများအတွက် ငွေကျပ် ၁၄၅ သိန်း အသုံးပြုခဲ့ပါသည်။

သက်ကြီးရွယ်အိုများအား ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ ဆေးဝါးနှင့် ငွေကြေးထောက်ပံ့ခြင်း၊ မျက်စိအတွင်းတိမ်ခွဲစိတ်ပေးခြင်း၊ မျက်မှန်ပြုလုပ်ပေးခြင်း၊ နားကြားကိရိယာလှူဒါန်းခြင်း၊ သွားကျန်းမာရေးစောင့်ရှောက်ပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးခဲ့ပါသည်။ ၂၀၁၅ ခုနှစ်အတွင်း မျက်စိခွဲစိတ်လူနာပေါင်း ၃၁၄၃ ဦး၊ သွားကျန်းမာရေးစောင့်ရှောက်ပေးသူ ၄၉၉၆ ဦး၊ အထွေထွေကျန်းမာရေးစောင့်ရှောက်ပေးသူ ၄၇၂၄၆ ဦး၊ အထွေထွေစောင့်ရှောက်မှုခံယူသူ ၂၁၉၁၅၈ ဦး ရှိခဲ့ပြီး စုစုပေါင်း ပံ့ပိုးငွေမှာ ငွေကျပ် ၁၇၈၃ သိန်း ဖြစ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန Help Age Kirea အဖွဲ့အစည်းနှင့် ပူးပေါင်း၍လည်း အိမ်တိုင်ရာရောက် သက်ကြီးရွယ်အိုစောင့်ရှောက်မှုစီမံချက်ကို ဆောင်ရွက်ခဲ့ရာ စီမံချက်ဝင် ၃၅ မြို့နယ်တို့တွင် အဘိုး ၂၅၀၊ အဘွား ၆၂၃ ဦးတို့အား အထွေထွေစောင့်ရှောက်မှုများ ပေးအပ်နိုင်ခဲ့ပါသည်။ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများမှလည်း အိမ်တိုင်ရာရောက် သက်ကြီးရွယ်အိုစောင့်ရှောက်မှုအဖြစ် အဘိုး ၃၄၉၉ ဦး၊ အဘွား ၅၁၆၅ ဦး စုစုပေါင်း ၈၆၆၄ ဦးကို စောင့်ရှောက်ပေးနိုင်ခဲ့ပါသည်။

နှစ်စဉ်နှစ်တိုင်းလည်း မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)နှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အသင်းများ၊ အသင်းခွဲများသည် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံးချုပ်တွင် နှစ်ပတ်လည် ညီလာခံကျင်းပ၍ ယခင်နှစ်ဆောင်ရွက်ချက်များအား ပြည်လည်သုံးသပ်ခြင်း၊ အားသာချက်၊ အားနည်းချက်များအား ဖော်ထုတ်ခြင်း၊ ရှေ့လုပ်ငန်းစဉ်များအား ဆွေးနွေးခြင်း၊ သုတေသနစာတမ်းများ ဖတ်ကြားခြင်းနှင့် ထူးချွန်သော တိုင်းဒေသကြီး၊ ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများအား ဆုပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

အသင်းကြီး၏ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များသည် မိခင်နှင့်ကလေးများ ဖွံ့ဖြိုးရေးကိုသာမက နိုင်ငံတော် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားစွမ်းအားစုတစ်ရပ်အဖြစ် ပါဝင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသဖြင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီး အဓွန့်ရှည်တည်တံ့၍ နိုင်ငံနှင့်လူမျိုး၏အကျိုး ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆန္ဒပြုရင်း (၂၇)ကြိမ်မြောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကြီး၏ နှစ်ပတ်လည်ညီလာခံကြီးကို ဂုဏ်ပြုလိုက်ရပါသည်။ ။

**အသင်းကြီး၏ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များသည် မိခင်နှင့်ကလေးများ ဖွံ့ဖြိုးရေးကိုသာမက နိုင်ငံတော်ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အမျိုးသားစွမ်းအားစုတစ်ရပ်အဖြစ် ပါဝင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသဖြင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီး အဓွန့်ရှည် တည်တံ့၍ နိုင်ငံနှင့် လူမျိုး၏အကျိုး ဆတက်ထမ်းပိုး သယ်ပိုး ဆောင်ရွက်နိုင်ပါစေကြောင်း . . .**

**ပြည်သူ့သဘောထားစင်မြင့်**

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# လူငယ်များ စွမ်းအားရှိနိုင်ကြပါစေ

**(ယမန်နေ့မှအဆက်)**

## အေးချမ်း

ပြောချင်တာဆက်ရရင် ကျောင်းသားတစ်ဦးနဲ့တစ်ဦး မှတ်ဉာဏ်နဲ့ အရည်အသွေးက မတူတော့ အောင်/ရှုံးစနစ်ကတော့ ရှိသင့်တယ်။ ဒါပေမယ့် ကျောင်းသားတွေ ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် တတ်နိုင်သလောက် ဖြေလျှော့သင့်တဲ့အတိုင်းအတာတော့ ဖြေလျှော့ပေါ့။ အားလုံးအအောင်ပေးတာမျိုး၊ အခု အပြောတော့ အတန်းကူးပြောင်းတာမျိုးက သိပ်တော့ သဘာဝမကျဘူး။ တာဝန်ရှိသူတွေရှင်းပြတဲ့ မူဝါဒတွေအရ ကျောင်းနေနှုန်းလျော့သွားမှာ၊ ကျောင်းထွက်နှုန်းများလာမှာ စိုးရိမ်တာမှန်ပေမယ့် အတန်းအဆင့်တစ်ခုမှာ သိသင့်သိထိုက်တဲ့ပညာ၊ တတ်သင့်တတ်ထိုက်တဲ့ ဘာသာရပ်စာမရှိရင် အခြေခံမပါကြဘဲ ကြီးမှ ဒုက္ခရောက်မယ့်အဖြစ်မျိုး မဖြစ်အောင် စဉ်းစားပေးတာပါ။

ကျွန်တော်ကိုယ်တိုင်လည်း ကျောင်းအုပ်ဘဝတုန်းက ကြုံခဲ့ရတာပဲ။ အစကတော့ မအောင်မရှိ၊ နောက်ပိုင်း ညွှန်ကြားချက်ထုတ်ပြီး ပြောင်းလိုက်သေးတယ်။ ခြောက်တန်းအထိကတော့ မအောင်မရှိပါဘဲ။ ခုနစ်တန်း၊ ရှစ်တန်း၊ ကိုးတန်း အကျရှိနိုင်တယ်ပေါ့။ ဒါပေမယ့် ပြန်လည်ကုစားပြီး အောင်စာရင်းထပ်ထုတ်နိုင်တယ်ပေါ့။ ဒါနဲ့ ကျွန်တော်လည်း ညွှန်ကြားချက်အတိုင်းပေါ့။ ကျသင့်တဲ့သူ အကျလုပ်တာပေါ့။ ပြန်ကုစားသင်ပြီး ပြန်စစ်ပေါ့။ အဲဒီမှာ မြို့နယ်ပညာရေးမှူးက နှုတ်နဲ့ပါပဲ၊ ပြန်ကုစားပြီးရင် အားလုံး အအောင်ပေးပါတဲ့။ ကျွန်တော်က ဆရာကြီးတို့ ညွှန်ကြားချက်ရှိပြီးသား၊ မတတ်တဲ့ကလေးတော့ အအောင်မပေးနိုင်ဘူးဆိုပြီး ရပ်တည်ခဲ့တယ်။ အဲဒီဆရာကြီးက ခု ကွယ်လွန်သွားပါပြီ။ မတတ်တဲ့ကလေး အအောင်ပေး၊ အခြေခံက မပါ၊ ဘယ်လိုလုပ်ပညာတတ်ဖြစ်တော့မှာလဲ။ ပညာတတ်ဖြစ်ဖို့နေနေသာသာ စာတတ်ရုံတတ်တဲ့ကလေးတောင် ဖြစ်မှာမဟုတ်ဘူး။ မိဘတော်တော်များများနဲ့ ဆွေးနွေးကြတော့ အခြေခံမပါတဲ့ မအောင်မရှိပညာရေးကို သိပ်မကြိုက်ကြပါဘူး။

စာမေးပွဲစနစ်ဟာ ကလေးတွေကို ဝန်ထုပ်ဝန်ပိုး ဖြစ်စေတယ်ဆိုပေမယ့် တစ်ဖက်က ပြန်စဉ်းစားရင်လည်း ရှိသင့်သေးတယ်ထင်ပါတယ်။ ခုလုပ်နေတဲ့ အခန်းဆုံးစစ်ဆေးခြင်းတွေက သင်ပြီးတာနဲ့ စစ်၊ စစ်ပြီးရင်မေ့ ဆိုတာမျိုးဖြစ်နေတယ်။ ကလေးတွေရဲ့စိတ်ကို ပေါ့စေတယ်ထင်တယ်။ ပညာရှာတဲ့အရွယ်မှာ ပညာရှာချင်စိတ်ရှိအောင်၊ စာတတ်ချင်စိတ်ရှိအောင်၊ ကြိုးစားချင်စိတ်ရှိအောင် တွန်းအားပေးတဲ့ စနစ်တစ်ခုဖြစ်သင့်တယ်ထင်ပါတယ်။

အတိတ်ကို တမ်းတတယ်လို့ပဲ ပြောပြော၊ ကျွန်တော်တို့ဖြတ်သန်းခဲ့တဲ့ အခြေခံပညာစနစ်ကိုကြိုက်တယ်။ အဆင့်မြင့်ပညာရောက်ရင် ဝါသနာပါတဲ့ တက္ကသိုလ်ဘာသာရပ်သင်နိုင်ဖို့ အခြေခံပညာအထက်တန်းမှာ ကြိုးစားရမှာပဲ။ ဒါကြောင့်လည်း အခြေခံပညာအထက်တန်းမရောက်ခင် အခြေခံပညာအလယ်တန်းကတည်းက အဓိကလိုင်းခွဲနှစ်ခုဖြစ်တဲ့ သိပ္ပံတွဲ၊ ဝိဇ္ဇာတွဲခွဲပြီး ကိုယ်ဝါသနာပါတာဖြစ်အောင် အလယ်တန်းမှာ ကြိုးစားကြလေ။ ကြိုးစားမှုရှိမှ အောင်မြင်နိုင်တယ်ဆိုတဲ့ အသိရှိမှ ပညာကို တန်ဖိုးထားတတ်ကြမှာပါ။

ခုတော့ ပြောနေသံကြားရပါတယ်။ တက္ကသိုလ်ဝင်ခွင့်ကို ကိုယ်ကြိုက်နှစ်သက်ရာဘာသာ လျှောက်ခွင့်ရအောင် စီစဉ်မယ်ဘာညာပေါ့။ ဘဝအတွက် ကြိုတင်မြော်တွေးပြီး ကြိုးစားပြင်ဆင်တဲ့စိတ်မွေးနိုင်အောင် စီမံဆောင်ရွက်သင့်ပါတယ်။ ကြိုးစားမှုမရှိခဲ့ဘဲ ကိုယ်လိုချင်တာယူခွင့်ရနိုင်တာမျိုးက ကြိုတင်အားထုတ်မှုကို လျော့စေမှာပါ။ အရည်အချင်းစစ်တာတွေ ဘာတွေတော့ လုပ်မှာပေါ့။ ဒါပေမယ့် ဒီလိုဖြစ်ချင်ရင် အဲဒီလိုဖြစ်အောင် ကြိုတင်ကြိုးစားကြဆိုတဲ့ အသိရှိစေချင်တာပါ။

နောက်တစ်ခုက လူငယ်တွေစာတတ်တာထက် ပညာတတ်စေချင်တာ၊ အတတ်ပညာထက် အသိပညာရစေချင်တာ၊ စာတော်တာထက် စိတ်သဘောထားတွေ ရင့်ကျက်စေချင်တာ၊ ကျောင်းစာထဲမှာ နစ်မြုပ်နေတာထက် ဗဟုသုတရစေချင် လေ့လာစေချင်တာ၊ ကျောင်းနဲ့ ကျူရှင်၊ ကျူရှင်နဲ့ ကျောင်းနဲ့တင်ပြီးနေတာထက် ပတ်ဝန်းကျင်နဲ့ ထိတွေ့ဝင်ဆံ့စေချင်တာ။ ခုခေတ် မိဘတွေ၊ ဆရာတွေပြောနေတဲ့ စာကျက်ကြ၊ စာကျက်ကြဆိုတာမျိုး မကြိုက်ပါဘူး။ စာကျက်ဖို့မလိုဘူး၊ စာကြည့်ရမယ်၊ နားလည်အောင် ကြည့်ရမယ်လို့ပဲ ယူဆပါတယ်။

လူ့စွမ်းအားအရင်းအမြစ်လို့ ပြောပြောနေကြတာ တချို့က စာတတ်တာ၊ နည်းပညာကျွမ်းကျင်တာ၊ ဘာသာရပ်ကျွမ်းကျင်တာလောက်ကို ရည်ရွယ်သတ်မှတ်လက်ခံနေကြတယ်။ တကယ်တော့ လူ့စွမ်းအားအရင်းအမြစ်ဆိုရာမှာ အတတ်ပညာ၊ အသိပညာ၊ ကျွမ်းကျင်မှု၊ ပေါင်းသင်းဆက်ဆံမှု၊ စိတ်နေစိတ်ထား၊ ယဉ်ကျေးမှုဓလေ့စရိုက်၊ အကျင့်စာရိတ္တစတဲ့ ကိုယ်ရည်ကိုယ်သွေးတွေ အရည်အချင်းတွေပါ ထည့်စဉ်းစားသင့်ပါတယ်။ ဒါတွေအားလုံးပြည့်စုံတဲ့ ပညာတတ်တွေ မွေးထုတ်ဖို့တာဝန်မှာ အခြေခံပညာကျောင်းများက အဓိကကျမှာပါ။ မိဘ၊ ဆရာ၊ ကျောင်းသား သုံးနားညီမှ အဆင်ပြေချောမွေ့မှာပါ။

ဒီနေ့ လူငယ်တွေကိုယ်ရည်ကိုယ်သွေးတွေ ကျနေတယ်ထင်ပါတယ်။ အရွယ်နဲ့လိုက်ဖက်မယ့် အသိပညာဗဟုသုတတွေ နည်းနေပါတယ်။ အသက်ကြီးလာတာနဲ့အမျှ တိုးတက်လာရမယ့် ရင့်ကျက်မှုတွေပျောက်နေပါတယ်။ မလုပ်တတ် မကိုင်တတ်၊ မပြောတတ် မဆိုတတ်၊ မသွားတတ် မလာတတ်တွေ တွေ့နေရပါတယ်။ ဒါတွေဟာ စာတော်ဖို့ဆိုတဲ့ လမ်းကြောင်းတစ်ခုတည်းကို သွားနေကြလို့ တွေ့ကြုံနေရတဲ့ အထွေထွေအားနည်းချက်တွေပါ။ ဒါကြောင့် လူငယ်တွေရဲ့ စွမ်းအားတွေနည်းပြီး နိုင်ငံတော်လည်း အကျိုးမရှိဖြစ်နေမယ်ထင်ပါတယ်။ ရေရှည်အတွက် စဉ်းစားကြည့်ရင် စိတ်လေးစရာပါ။

ဒီဆောင်းပါးရေးနေတုန်းမှာပဲ တိုက်တိုက်ဆိုင်ဆိုင် မေလ ၂၆ ရက်နေ့က ပြည်ထောင်စုလွှတ်တော်မှာ အမျိုးသားပညာရေးမူဝါဒကော်မရှင်ရဲ့ ခြောက်လတာကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးတဲ့သတင်းတွေ ကြားမိဖတ်မိပါတယ်။

ကိုယ်စားလှယ်တစ်ယောက်ကတော့ ဒီနေ့အချိန်အထိ အခြေခံပညာကဏ္ဍမှာ အတန်းအဆင့်အသီးသီးအတွက် တိကျခိုင်မာတဲ့ မူဝါဒမရှိသေးဘူးဆိုတာ နှစ်စဉ်ပြောင်းလဲနေတဲ့ အမိန့်၊ ညွှန်ကြားချက်တွေကြည့်ရင် သိနိုင်ပါတယ်တဲ့။ ပညာရည်စစ်ဆေးအကဲဖြတ်ခြင်း၊ စာမေးပွဲမူဝါဒများဟာ မြန်မာ့ပညာရေးကို အများကြီးရိုက်ခတ်ပါတယ်တဲ့။ မိဘနဲ့ ကျောင်းသားများက ပညာရေးနဲ့ဆရာ ဆရာမများအပေါ် ယုံကြည်မှုပျောက်ဆုံးခဲ့ရင် လက်ရှိအကောင်အထည်ဖော်နေတဲ့ အမျိုးသားပညာရေးစီမံကိန်းကောင်းကြီး ဗုန်းဗုန်းလဲကျစေနိုင်ပါတယ်တဲ့။ ပညာရေးဌာနတွေက လုပ်ငန်းစဉ်တွေကို ကြားနာစုံစမ်းလေ့လာဆဲ အဆင့်သာရှိသေးပြီး ထူးခြားစွာဆောင်ရွက်နိုင်ခြင်းမရှိသေးပါဘူးတဲ့။ လှုပ်သာလှုပ်ပြီး ရှေ့ကို မရွေ့တဲ့ ကလေးစီးအရုပ် လှုပ်မြင်းစီးသလို မဖြစ်သင့်ကြောင်း အကြံပြုလိုပါတယ်တဲ့။ ကောင်းလိုက်တဲ့ ထောက်ပြဆွေးနွေးချက်လေးမှာ လက်တွေ့နဲ့ထပ်တူကျလှပါတယ်။

နောက်လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်ကတော့ ပြီးခဲ့တဲ့ခေတ်အဆက်ဆက်မှာလည်း ပညာရေးကိုလှန်ချင်သလိုလှန်၊ မှောက်ချင်သလိုမှောက်၊ ပြောင်းချင်သလိုပြောင်းခဲ့ပြီးတော့ ပညာရေးနိမ့်ကျလာပါတယ်ဆိုတာကို တစ်ခါမှ ဝန်မခံဘဲနဲ့ ကျောင်းတွေ၊ တက္ကသိုလ်တွေ တစ်ပြုံလုံးမှာ များပြားလာတာ၊ မအောင်မရှိ ငါ့တပည့်ဆိုသလို တန်းစဉ်အအောင်ပေးလာတာ၊ အောင်ချက်ရာနှုန်းမြင့်မားရေး၊ ဂုဏ်ထူးများများထွက်ရေး၊ အရေအတွက်ကိန်းဂဏန်းများပြားရေးကိုသာ ခေါက်ရိုးကျိုးလာတဲ့ အရည်အသွေး သတ်မှတ်ချက်တွေက သံသယဖြစ်ဖွယ်ပါလို့ ဆွေးနွေးသွားပါတယ်။ ဒက်ထိပါပဲ။ အရည်အချင်းရှိအောင် မွေးထုတ်ပေးနိုင်ခြင်းမရှိတာကို ထောက်ပြဆွေးနွေးသွားတာပါ။

နောက်တစ်ယောက်က ဆွေးနွေးရာမှာ ဆရာ ဆရာမလေးတွေနဲ့ အခုသွားမယ့် ပညာရေးစနစ်သစ်ကြီး အံဝင်ခွင်ကျမှုရှိ၊ မရှိ၊ ကျကျနန ပယ်ပယ်နယ်နယ်သုံးသပ်ဖို့လိုကြောင်း၊ ပညာရေးစနစ်တွေဟာ မြှင့်ရင်းမြှင့်ရင်းနဲ့ နိမ့်လာကြောင်း၊ ဒါတွေကို သင်ခန်းစာယူပြီး မြှင့်ရင်းနဲ့ နိမ့်မသွားအောင် ကြိုးစားပေးကြဖို့တိုက်တွန်းကြောင်း ဆွေးနွေးသွားပါတယ်။ အလွန်ကောင်းတဲ့ သတိထားလိုက်နာသင့်တဲ့ ပြုပြင်ဆောင်ရွက်သင့်တဲ့အချက်တွေပါပဲ။

ရေးလက်စနဲ့ နည်းနည်းတော့ဆက်ချင်တယ်။ ဆရာ ဆရာမတွေအပိုင်းပါ။ စောစောက လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်ဆွေးနွေးသလိုပေါ့။ သတိရလို့ပါ။ တစ်လောက လူမှုကွန်ရက်စာမျက်နှာမှာ ဆရာ ဆရာမတွေအဆင့်တိုးမြှင့်ရေးအရည်အချင်းစစ်ဆေးရေးအဖွဲ့ဝင် ဆရာမကြီးတစ်ယောက်က လာဖြေတဲ့ဆရာ ဆရာမတွေရဲ့ဖြေကြားမှုကို စိတ်ဆင်းရဲစွာနဲ့ ရေးပြီးသုံးသပ်ထားတာပါ။ ကြည့်ရတာ မြန်မာစကားပုံဆိုရိုးလေးတွေကို အစဖော်ပေးပြီး အဆုံးသတ်ခိုင်းတာပါ။ ဥပမာ သူခိုးပြေးမှဆိုရင် ထိုးကွင်းထ မဟုတ်ဘဲ တလွဲဖြေ၊ အစကောင်းမှဆိုရင်လည်း အနှောင်းသေချာ မဟုတ်ဘဲ တလွဲဖြေ၊ ဥပမာ ခြောက်ခုလောက်ပြသွားပြီးတော့ ကလေးတွေကို သင်မယ့် ဆရာ ဆရာမတွေရဲ့ အရည်အချင်းက ဒီလောက်တောင်ပဲလား၊ ကြည့်လုပ်ကြပါဦးတဲ့။ ကျွန်တော်တောင်မှ သားတွေကတော့ လွတ်ပြီး မြေးနဲ့ နောက်မွေးလာမယ့် ကလေးတွေအတွက် ရင်လေးမိပါသေးတယ်လို့ မှတ်ချက်ရေးလိုက်မိပါတယ်။

ဆရာ ဆရာမတွေအပိုင်းက လိုအပ်ချက်တွေများမှာပါ။ စစ်ဆေးအကဲဖြတ်မှုဆိုတဲ့ စီပီအာ ခေါ်မလား။ ဆရာ ဆရာမတွေ လစဉ်မှန်မှန်လုပ်ရင် အကျိုးရှိစေနိုင်ပေမယ့် မလုပ်ရင် အလကားပါပဲ။ ကျွန်တော် ကျောင်းအုပ်လုပ်တုန်းကလည်း လစဉ်မတင်ကြလို့ နှိုးဆော်တိုက်တွန်းသတိပေးနည်းမျိုးစုံနဲ့ လုပ်ခိုင်းရတယ်။ နှစ်ကုန်မှ ကြုံသလို အေဘီစီဒီတွေနဲ့ လုပ်ကြရင် သုံးသပ်ချက်တွေက တော်တော် စဉ်းစားစရာပါ။ အပြစ်ပြောနေတာ မဟုတ်ပါ။ တကယ်ကိုယ်တိုင်ထိုင်ပြီး အောင်၊ ရှုံး ဆွေးနွေးတဲ့နေရာမှာ ဒါကို ထည့်စဉ်းစားရတာမို့ ရေးပြမိတာပါ။ ဆိုလိုတာက လက်အောက်ကို အားကိုးယုံကြည်မှုနဲ့ လက်အောက်ကတာဝန်ယူမှု၊ တာဝန်ခံမှုတွေက စဉ်းစားစရာပါ။ ဆရာဆိုတာ ကလေးတွေကို စာတတ်အောင်၊ ပညာတတ်အောင် သင်တတ်ရမှာပါ။ စာမသင်တတ်တဲ့ ဆရာ ဆရာမတွေလည်း ကြုံခဲ့ဖူးပါတယ်။ အလားတူ တပည့်တွေရဲ့ နားထဲ၊ ဦးနှောက်ထဲ စွဲသွားအောင် သင်ပြနိုင်တဲ့ ဆရာ ဆရာမတွေလည်းရှိပါတယ်။

ရေးမယ်ဆိုရင်တော့ ပြောမဆုံးပေါင် တောသုံးထောင်ဆိုသလိုပေါ့။ လိုရင်းကတော့ အခြေခံပညာကျောင်းများဟာ မိဘများနဲ့ ပူးပေါင်းပြီး စာတော်စာတတ်တဲ့ကလေးများသာမဟုတ်ဘဲ ပညာတတ်လူငယ်များ မွေးထုတ်ပေးနိုင်အောင် စဉ်းစားဆောင်ရွက်ပေးနိုင်ကြပါစေ။ ယောင်တောင်တောင် အတတစာပဲတတ်ပြီး ဘာမှမလုပ်တတ်မကိုင်တတ်၊ ကိုယ်ရည်ကိုယ်သွေးညံ့ဖျင်းစွာနဲ့ ကြီးပြင်းလာတဲ့လူငယ်များ ဖြစ်မလာအောင် ဂရုစိုက်ပေးကြပါ။ အတန်းစဉ်နဲ့ လိုက်ဖက်ညီမယ့် အတွေးအခေါ်အယူအဆ စိတ်နေစိတ်ထားတွေရှိပြီး ရင့်ကျက်မှုရှိတဲ့လူငယ်များဖြစ်အောင် ကြိုးစားပေးကြပါ။ ဆရာ ဆရာမများကိုယ်တိုင်ကလည်း ပီတိကိုစားပြီး အားရှိနိုင်တဲ့အရည်အချင်းပြည့်ဝသော ဆရာ ဆရာမများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးကြပါ။ နိုင်ငံအတွက် အကျိုးရှိမယ့် ခိုင်မာတိကျကောင်းမွန်ပြည့်စုံတဲ့ ပညာရေးစနစ်တစ်ခုနဲ့ ပြောင်းလဲသင့်တာ ပြောင်းလဲပြီး ပညာရေးလောကကို မြှင့်တင်ပေးပြီး အခြေခံပညာတတ်မြောက်အောင် သင်ကြားပေးတဲ့ အခြေခံပညာကျောင်းများဖြစ်အောင် ဝိုင်းဝန်းကြိုးစားပေးကြပါ။ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာကောင်းတဲ့ လူငယ်များ မွေးထုတ်ပေးနိုင်ကြပါစေ။ ။

# မြန်မာ့အာမခံလုပ်ငန်း လျော်ကြေးငွေပေးအပ်ပွဲကျင်းပ

**ရန်ကုန် မေ ၃၁**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်းတွင် အာမခံအကာအကွယ်များ ဝယ်ယူထားရှိပြီး ကုန်ပစ္စည်း၊ မော်တော်ယာဉ်၊ အဆောက်အအုံနှင့် လူ့အသက်ဆုံးရှုံးခဲ့သူများအတွက် ဆုံးရှုံးနစ်နာမှုလျော်ကြေးငွေ ပေးအပ်သည့် အခမ်းအနားကို ရန်ကုန်မြို့ မြန်မာ့အာမခံလုပ်ငန်း (ရုံးချုပ်) စတုတ္ထထပ်အစည်းအဝေးခန်းမ၌ မေ ၂၉ ရက် မွန်းလွဲ ၃ နာရီက ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မြန်မာ့အာမခံလုပ်ငန်း ဌာနအသီးသီးမှ အကြီးအကဲများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဆုံးရှုံးနစ်နာမှု လျော်ကြေးများ လက်ခံရယူရန် အကျိုးခံစားခွင့်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန္ဒာဦးက အဖွင့်အမှာစကားပြောကြားရာတွင် သင်္ဘောသားအသက်အာမခံလုပ်ငန်းမှ ကွယ်လွန်သူ သင်္ဘောသားတစ်ဦးလျှင် ကျပ် သိန်း ၅၀ ဖြင့် နှစ်ဦးအတွက် အကျိုးခံစားခွင့် ငွေကျပ် ၁၀ သန်း၊ အလုံးစုံ မော်တော်ယာဉ် အာမခံထားရှိသော မော်တော်ယာဉ်နှစ်စီးအတွက် လျော်ကြေးငွေကျပ် ၂၃ ဒသမ ၁၀ သန်း၊ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားပြီး ရေစိုပျက်စီးဆုံးရှုံးမှု လျော်ကြေးငွေကျပ် ၃၅ ဒသမ ၉၈ သန်းနှင့် MV. ချမ်းတီတီ ရေယာဉ်နစ်မြုပ်မှုတွင် ရေကြောင်းကုန်ပစ္စည်း အာမခံထားရှိသူ ကုန်ပစ္စည်းပိုင်ရှင် ခုနစ်ဦး၊ ပေါ်လစီစောင်ရေ ၁၁ စောင်အတွက် လျော်ကြေးငွေကျပ် ၂၁၉ ဒသမ ၆၀ သန်း စုစုပေါင်း လျော်ကြေးငွေကျပ် ၂၈၈ ဒသမ ၆၈ သန်းကို ပေးအပ်ခြင်းဖြစ်ကြောင်းနှင့် မြန်မာ့အာမခံလုပ်ငန်းတွင် အာမခံလုပ်ငန်းများကို လွယ်ကူလျင်မြန်စွာ လက်ခံဆောင်ရွက်ပေးနေသကဲ့သို့ နစ်နာဆုံးရှုံးမှုဖြစ်ပွားသူများကိုလည်း နစ်နာကြေးလျော်ကြေးငွေများ လျင်မြန်စွာ စိစစ်ထုတ်ပေးခြင်းဖြင့် အာမခံလုပ်ငန်းအပေါ် ပြည်သူများ ပိုမိုယုံကြည်အားကိုးလာကာ ပြည်သူများ၏အကျိုးစီးပွားနှင့် နိုင်ငံတော်အကျိုးစီးပွားကို ဆတက်ထမ်းပိုး ပိုမိုတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားသည်။



ယင်းနောက် အာမခံလျော်ကြေး၊ နစ်နာကြေးလက်ခံရရှိသူကလည်း ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# နေပြည်တော်စည်ပင်သာယာရေးကော်မတီ ရုံးလုပ်ငန်းဆောင်ရွက်မှုစနစ် စတင်အသုံးပြုခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၃၁**

နေပြည်တော် စည်ပင်သာယာရေးကော်မတီ၏ ရုံးလုပ်ငန်းဆောင်ရွက်မှုစနစ်(e-Office စနစ်)ကို စတင်အသုံးပြုခြင်းအခမ်းအနားကို မေ ၃၀ ရက် နံနက်ပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမရှိ မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်မြို့တော်ဝန် ဒေါက်တာမျိုးအောင်၊ နေပြည်တော်ကောင်စီဝင်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင် ဦးဝင်းထိန်၊ ပြည်သူ့လွှတ်တော်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ဆောက်လုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ အတွင်းရေးမှူး ဦးနေဖူးဗဆွေ၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ အတွင်းရေးမှူး ဦးဘိုဘိုဦးနှင့် နေပြည်တော်ကောင်စီနယ်မြေမှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ရခိုင်ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးမင်းအောင်၊ ရှမ်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီး စိုင်းဆွန်စိုင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**



အခမ်းအနားတွင် မြို့တော်ဝန် ဒေါက်တာမျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး CCD Co.,Ltd မှ CTO ဦးအံ့ထူးနိုင်က e-Office စနစ် လုပ်ဆောင်မှုများကို ရှင်းလင်းတင်ပြခြင်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ညွှန်ကြားရေးမှူး ဦးဇော်ဝင်းနှင့် ဝန်ထမ်းများက e-Office စနစ်လက်တွေ့အသုံးပြုမှုကို သရုပ်ပြရှင်းလင်းပြသခြင်း၊ ပြည်သူ့လွှတ်တော်၌ မြန်မာနိုင်ငံတွင် e-Gov စနစ်ဖြင့် အစိုးရလုပ်ငန်းများ ဆောင်ရွက်ရန် အဆိုတင်သွင်းခဲ့သူ ပန်းပဲတန်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးနေဖူးဗဆွေက e-Gov ဆိုင်ရာ လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို အကြံပြုဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်မှ ဥက္ကဋ္ဌ ဦးခွန်ဦးနှင့် Xeros ကုမ္ပဏီမှ ဦးနေလင်းတို့က e-Office စနစ်အား ဖြည့်စွက်အကြံပြုဆွေးနွေးပြီး ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင် ဦးဝင်းထိန်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်များ လုပ်ငန်းညှိနှိုင်း

**နေပြည်တော် မေ ၃၁**

ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်များ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ (၂/၂၀၁၇)ကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး စုပေါင်းခန်းမ၌ မေ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက မြန်မာနိုင်ငံတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုများနှင့်အညီ ကောင်းမွန်သည့် ပြည်သူ့ဘဏ္ဍာငွေစီမံခန့်ခွဲမှုအပေါ် ပြည်သူများ၏ မျှော်မှန်းချက်သည် ပိုမိုကြီးမားလာပါကြောင်း၊ ပြည်သူ့ဘဏ္ဍာငွေစီမံခန့်ခွဲမှုကောင်းမွန်လာစေရေးနှင့် ပြည်သူတို့အတွက် အကျိုးသက်ရောက်မှုရှိစေရေးအတွက် “စစ်ဆေးခြင်းဖြင့် ပြည့်အကျိုးဆောင်အံ့” ဆောင်ပုဒ်နှင့်အညီ ထိရောက်စွာ စစ်ဆေးဖော်ထုတ်နိုင်ခြင်းဖြင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ဒေသစာရင်းစစ်ရုံးများအပေါ် ပြည်သူတို့၏ ယုံကြည်ကိုးစားမှုများ ပိုမိုဖြစ်ပေါ်လာစေရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း အမှာစကားပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုစာရင်းစစ်ချုပ်က စစ်ဆေးရေးလုပ်ငန်းများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရန်အပြင် စစ်ဆေးရေးလုပ်ငန်းများ၏ အရည်အသွေးများ ကြီးကြပ်ထိန်းချုပ်ကြရန်၊ စစ်ဆေးရေးလုပ်ငန်းများကိုလည်း ဘဏ္ဍာရေးစာရင်းစစ်ဆေးခြင်း၊ ဥပဒေစည်းမျဉ်းများလိုက်နာမှုစစ်ဆေးခြင်းအပြင် လုပ်ငန်းဆောင်တာ စစ်ဆေးခြင်းဟုခေါ်သည့် သုံးစွဲသည့်ငွေကြေးသည် တန်ရာတန်ကြေး ရ၊ မရစစ်ဆေးခြင်းတို့ကိုပါ ဖောင်းပေးစစ်ဆေးကြရာတွင် ပယောဂကင်းစွာ၊ ဘက်လိုက်မှုကင်းစွာ၊ ဓမ္မဓိဋ္ဌာန်ကျစွာစစ်ဆေးရန်အတွက် လွတ်လပ်စွာ စစ်ဆေးရမည်ဖြစ်ကြောင်း၊ Professional Ethics များဖြစ်သည့် Integrity၊ Competence၊ Diligence၊ Confidentiality၊ Public Interests တို့ကို လိုက်နာကျင့်သုံးကြရန်နှင့် ယခုလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင်လည်း တွေ့ကြုံရသည့်အခက်အခဲများ၊ စိန်ခေါ်မှုများအပေါ် ကျော်လွှားဖြေရှင်းနိုင်မှုများ၊ စစ်ဆေးဖော်ထုတ်မှုများကိုလည်း အချင်းချင်းအတွေ့အကြုံဗဟုသုတများ မျှဝေဖလှယ်သွားကြရန် မှာကြားသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲသို့ တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **(ကြေးမုံ)**

# မုံရွာမြို့နယ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ၁၆ ရွာမှ အတိုးငွေကျပ်သိန်း ၁၁၀၀ ကျော်ဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မည်

**မုံရွာ မေ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင်စီမံကိန်းကာလ သုံးနှစ်တာကာလအတွင်း ကျေးရွာ ၁၆ ရွာမှ အတိုးငွေကျပ်သိန်းပေါင်း ၁၁၄၆ ကျော် ကောက်ခံရရှိပြီး ယင်းငွေဖြင့် ကျေးရွာများ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြန်လည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ စီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကြိုးကြာကန်+ညောင်ပင်လှကျေးရွာအား နှစ်ရွာပေါင်း တစ်ယူနစ်ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အထိ စုစုပေါင်း ၁၆ ရွာတို့တွင် အရင်းမပျောက် လည်ပတ်ရန်ပုံငွေဖြင့် ရှင်သန်လျက်ရှိကြောင်း၊ ယင်းရွာများမှ ရရှိသည့်အတိုးရငွေများ၏ ၅၀ ရာခိုင်နှုန်းကို ချေးငွေအဖြစ် ပြန်လည်ထုတ်ချေးပြီး ကျန်ငွေများကို သက်ဆိုင်ရာကျေးရွာများ၏ ဖွံ့ဖြိုးရေးတွင် ပြန်လည်အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

“သုံးနှစ်ပြည့်ဆိုတာနဲ့ စီမံကိန်းဝင် ကျေးရွာတစ်ရွာကို ကျပ်သိန်း တစ်ရာနဲ့အထက် အတိုးငွေရရှိနေပါပြီ။ အဲဒီငွေတွေနဲ့ ကိုယ့်ကျေးရွာမှာ မီးလင်းရေး၊ ရေရရှိရေး၊ လမ်းတံတား၊ အခြားကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ ကျေးရွာပြည်သူအများ သဘောတူဆုံးဖြတ်ပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်”ဟု မုံရွာမြို့နယ် ကျေးလက်ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ယဉ်ယဉ်ချိုက ပြောသည်။

အဆိုပါ မြစိမ်းရောင်လည်ပတ်ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်း၊ အသက်မွေးဝမ်းကျောင်း၊ အရောင်းအဝယ်၊ မီးလင်းရေးနှင့် ရေလုပ်ငန်းစသည့် ဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး အတိုးနှုန်းနည်းပါးသည့်အတွက် အဆင်ပြေကြောင်း မုံရွာမြို့နယ်ရှိ စီမံကိန်းဝင်ကျေးရွာဒေသခံများထံမှ သိရသည်။

**(ဖိုးချမ်း-မုံရွာ)**



# Shwe Zabu River View Complex အရောင်းပြပွဲ ကျင်းပမည်

**ရန်ကုန် မေ ၃၁**

Shwe Zabu River View Complex အရောင်းပြပွဲကို အလုံမြို့နယ်ကမ်းနားလမ်းမကြီးပေါ်ရှိ Shwe Zabu River View Complex မြေညီထပ်၌ ဇွန် ၃ ရက်နှင့် ၄ ရက်တို့တွင် ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

Shwe Zabu River View Complex မှာ ရန်ကုန်မြို့ အလုံကမ်းနားလမ်းမကြီးပေါ်တွင် စင်ကာပူနည်းပညာဖြင့် မြေအကျယ် ၁ ဒသမ ၅ ဧကပေါ်တွင် နိုင်ငံတကာအဆင့်မီ တည်ဆောက်ထားခြင်းဖြစ်သည်။ Shwe Zabu River View Complex ၌ တာဝါစုစုပေါင်း လေးလုံးရှိပြီး အခန်းပေါင်း ၁၀၄ ခန်းပါဝင်ကာ ၁၃ ယောက်စီး Schindler lift ရှစ်စီးပါဝင်သည်။ ၂၄ နာရီ လျှပ်စစ်မီးအပြည့်အဝရရှိနိုင်ရန် မီးစက်နှစ်လုံး တပ်ဆင်ထားပြီး လုံခြုံရေးစနစ်အတွက် Video Phone နှင့် CCTV များ တပ်ဆင်ပေးထားကာ မီးဘေးအန္တရာယ်အတွက် ဂါလန် ၃၀၀၀၀ ဆံ့ မီးသတ်ရေကန်နှင့် fire alarm system များ တပ်ဆင်ပေးထားသည်။

တာဝါအတွင်းနေပြည်သူများအဆင်ပြေစေရန်အတွက် Mini mart (24 hours)များ၊ ရုပ်ရှင်ရုံနှင့် ကာရာအိုကေ Home Theatre & Karaoke ခန်းမများ၊ Ambassador Lounge များ၊ Gym Room (Professional) များ၊ Beauty Saloon များ၊ Playground၊ ရေကူးကန်နှင့် ကားပါကင်များ ပါဝင်ကြောင်း သိရသည်။

အရောင်းပြပွဲလာ Shwe Dagon Pagoda View နှင့် River View အခန်းဝယ်ယူပြည်သူများအတွက် သားစဉ်မြေးဆက် လက်ဆင့်ကမ်းပိုင်ဆိုင်နိုင်သော အခန်းများကို ကနဦး ၃၀ ရာခိုင်နှုန်း ငွေပေးသွင်းပြီး ၇၀ ရာခိုင်နှုန်းကို ဘဏ်ဖြင့် ချိတ်ဆက်၍ သုံးနှစ်မှ (၁၅)နှစ်အထိ အရစ်ကျဝယ်ယူနိုင်ရန် စီစဉ်ထားသည်။

Shwe Zabu Deik ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူက “ခုမှ အထပ်မြင့်အဆောက်အအုံတွေက တည်ဆောက်နေတုန်းပဲရှိနေပါသေးတယ်။ ခုလို facility စုံလင်တဲ့ ကွန်ဒိုမီနီယံထွက်ဖို့ဆိုတာ နောက်ထပ် သုံးနှစ်လောက် စောင့်ရပါလိမ့်မယ်။ ပြီးတော့ အလုံကမ်းနားလမ်းမကြီးဆိုတာက China Town နဲ့လည်းနီးပြီး Shopping Mall များနဲ့လည်းနီးပါတယ်။ ဒီအလုံကမ်းနားလမ်းက ယာဉ်ကြောပိတ်ဆို့မှု လုံးဝမရှိတာကြောင့် ဒီကွန်ဒိုမှာ နေထိုင်မယ့်ပြည်သူများအတွက် အစစအရာရာအဆင်ပြေစေရပါလိမ့်မယ်။ လက်ကျန်အခန်းကလည်း သိပ်မကျန်တော့တာမို့ အခန်းဝယ်ယူသူပြည်သူများ အဆင်ပြေဝယ်ယူနိုင်ရန် စီစဉ်ထားပါတယ်”ဟု ပြောသည်။

အဆိုပါ Shwe Zabu River View Complex အား ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်က စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၅ ခုနှစ် ဧပြီလတွင် အပြီးသတ်ဆောက်လုပ်ဆောင်ရွက်ခဲ့ကာ အခန်းဝယ်ယူနေထိုင်ကြသည့် ပြည်သူများ အဆင့်အတန်းခေတ်မီစွာ နေထိုင်နိုင်ရေးအတွက် ဆောင်ရွက်ထားရှိကြောင်း Shwe Zabu Deik ကုမ္ပဏီလီမိတက်မှ သိရသည်။

**စိုးဝင်း**(MLA)

■

# ဆီးဂိမ်းပြိုင်ပွဲအတွက် မြန်မာအမျိုးသမီးအသင်း လေ့ကျင့်မှုစတင်

**ရန်ကုန် မေ ၃၁**

မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာအမျိုးသမီးအသင်းသည် ပဏာမကစားသမား ၂၇ ဦးဖြင့် မေ ၂၉ ရက်မှစ၍ လေ့ကျင့်မှုများပြုလုပ်နေပြီဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ဆီးဂိမ်းပြိုင်ပွဲအတွက် နှစ်လကျော် အချိန်ယူပြင်ဆင်မည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းနည်းပြချုပ် နယ်သာလန်နိုင်ငံသား ရော်ဂျာရိုင်နာသည် အမျိုးသမီးလိဂ်ပြိုင်ပွဲ ပထမအကျော့ပွဲစဉ်များအား တစ်ပွဲချင်းလိုက်လံကြည့်ရှုကာ ကစားသမားများ၏ ခြေစွမ်းကို ပြန်လည်လေ့လာကာ ပဏာမကစားသမားများ ပြန်လည်ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ယခုပြန်လည်ဖွဲ့စည်းလိုက်သည့် မြန်မာအမျိုးသမီးအသင်းတွင် လူသစ်ကစားသမားအချို့ ပြန်လည်ပါဝင်လာပြီး ဝါရင့်ကွင်းလယ်ကစားသမား သန်းသန်းထွေးလည်း တစ်ကျော့ပြန်ရွေးချယ်ခံခဲ့ရသည်။ မြန်မာအမျိုးသမီးအသင်းတွင် အဓိက ကစားသမားများဖြစ်သည့် စန်းစန်းမော်၊ ဝေဝေအောင်၊ ခင်မာလာထွန်း၊ နော်အားလိုဝါးဖော၊ ရီရီဦး၊ ခင်မိုးဝေ၊ ဝင်းသီဂီထွန်းတို့ ပါဝင်လာပြီး မျက်နှာသစ်ကစားသမားများဖြစ်သော နုနု၊ စန်းသော်သော်၊ ချစ်ချစ်၊ လွဲလွဲလှိုင်တို့လည်း ရွေးချယ်ခံခဲ့ရသည်။

မြန်မာအမျိုးသမီးအသင်းသည် ဆီးဂိမ်းပြိုင်ပွဲအတွက် ရက်ပေါင်း ၇၀ ကျော် ပြင်ဆင်ချိန်ရရှိမည်ဖြစ်ပြီး ပြိုင်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် တရုတ်နိုင်ငံသို့ သွားရောက်၍ ခြေစမ်းပွဲများကစားရန် စီစဉ်ထားပြီး ဇူလိုင်လအတွင်း သွားရောက်ဖွယ်ရှိနေသည်။ ဆီးဂိမ်းပြိုင်ပွဲတွင် အမျိုးသမီးဘောလုံးပြိုင်ပွဲကို ၁၉၈၅ ခုနှစ်တွင် စတင်ကျင်းပခဲ့သော်လည်း အိမ်ရှင်နိုင်ငံများမှာ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ဆုတံဆိပ်ရယူနိုင်ရန် အလားအလာမရှိပါက ထည့်သွင်းကျင်းပခြင်းမရှိပေ။ ယခုနောက်ပိုင်းဆီးဂိမ်းပြိုင်ပွဲများတွင် ၂၀၁၁၊ နှင့် ၂၀၁၅ ပြိုင်ပွဲတို့တွင် အမျိုးသမီးဘောလုံးပြိုင်ပွဲပါဝင်ခဲ့ခြင်းမရှိဘဲ နောက်ဆုံးကျင်းပခဲ့သည့် ၂၀၁၃ မြန်မာဆီးဂိမ်းတွင် မြန်မာအသင်းက တတိယနေရာရရှိကာ ထိုင်းအသင်းက ရွှေတံဆိပ်ရရှိထားသည်။

ယခုပြန်လည်ဖွဲ့စည်းထားသည့် မြန်မာအမျိုးသမီးအသင်းတွင် ဂိုးသမား- မြဖူးငုံ၊ မေဇင်နွယ်၊ ဇာဇာမြင့်၊ မျိုးမြမြငြိမ်း၊ နောက်တန်း-ခင်သန်းဝေ၊ စန်းစန်းမော်၊ ဝေဝေအောင်၊ ဖူးပွင့်ခိုင်၊ ဇင်မာဝင်း၊ ငယ်ငယ်ထွေး၊ ဇင်မာထွန်း၊ အိရတနာဖြိုး၊ လွဲလွဲလှိုင်၊ ချစ်ချစ်၊ အလယ်တန်း-ခင်မာလာထွန်း၊ ခင်မိုမိုထွန်း၊ မေစံပယ်ဖူး၊ ရူပါခိုင်၊ သန်းသန်းထွေး၊ သန္တာမိုး၊ နော်အားလိုဝါးဖော၊ ရှေ့တန်း- ရီရီဦး၊ ခင်မိုးဝေ၊ ဂျူလိုင်ကျော်၊ ဝင်းသီဂီထွန်း၊ နုနု၊ စန်းသော်သော်တို့ ပါဝင်နေသည်။

**(ရှိုင်းထက်ဇော်)**

# ဆိုင်ကလုန်းမုန်တိုင်းမိုရာကြောင့် ပျက်စီးဆုံးရှုံးမှုများ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၃၁**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဆိုင်ကလုန်းမုန်တိုင်း မိုရာ၏ အရှိန်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ရခိုင်ပြည်နယ်အတွင်းရှိ တပ်နယ်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့သို့ ရောက်ရှိပြီး စစ်တွေမြို့အတွင်း ပျက်စီးဆုံးရှုံးမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် စစ်တွေမြို့ ကျေးတောပိုက်ဆိပ်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲ (ကျေးတောခွဲ)၌ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးပြီး မုန်တိုင်း၏အရှိန်ကြောင့် အမိုးများလန်ကျကာ ပျက်စီးလျက်ရှိသည့် စာသင်ဆောင်ကို အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေး ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး စစ်တွေတပ်နယ်၌ လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံးနှင့် တပ်ရင်း/တပ်ဖွဲ့ဝင်များ အတွင်းရှိ အုပ်ချုပ်မှုအဆောက်အအုံများ၊ ရိပ်သာများ၊ အိမ်ထောင်သည် လိုင်းခန်းများ၏ ပျက်စီးဆုံးရှုံးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဘူးသီးတောင်တပ်နယ်သို့ ရောက်ရှိပြီး ဘူးသီးတောင်တပ်နယ်အတွင်း ပျက်စီးမှုများကိုလှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်ပြီး စစ်တွေမြို့အတွင်းရှိ မုန်တိုင်းအရှိန်ကြောင့် လဲကျပျက်စီးကာ လမ်းပိတ်ဆို့နေသည့် သစ်ပင်သစ်ကိုင်းများအား တပ်နယ်မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဖယ်ရှားရှင်းလင်းနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ၎င်းတို့အတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယနေ့တွင် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက လေဘေးသင့်ဒေသများအတွက် လှူဒါန်းသည့် ထောက်ပံ့ပစ္စည်းများကို တပ်မတော်လေယာဉ်ဖြင့် စစ်တွေမြို့သို့ ပို့ဆောင်ခဲ့သည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး



စိုးဝင်းသည် ယနေ့မွန်းလွဲ ၁ နာရီခွဲခန့်တွင် စစ်တွေလေဆိပ်၌ လေဘေးသင့် တပ်မတော်သားများနှင့် ဝန်ထမ်းမိသားစုများအတွက် စားသောက်ဖွယ်ရာများနှင့် အိမ်မိုးသွပ်များကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အာဆီယံတက္ကသိုလ်များဆိုင်ရာ အားကစားပွဲ ကျင်းပမည်

**ရန်ကုန် မေ ၃၁**

၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် (၁၉)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များဆိုင်ရာ အားကစားပွဲကို မြန်မာနိုင်ငံ၌ အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပနိုင်ရန်အတွက် အာဆီယံတက္ကသိုလ်များဆိုင်ရာ အားကစားကောင်စီနှင့် မြန်မာတက္ကသိုလ်များဆိုင်ရာ အားကစားအဖွဲ့ချုပ်တို့အကြား ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ်ဝင်းရှိ စိန်ရတုခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက်၍ နှုတ်ခွန်းဆက်အဖွင့်အမှာစကား ပြောကြားသည်။




ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် တက္ကသိုလ်များဆိုင်ရာ အားကစားပြိုင်ပွဲများကို မြန်မာနိုင်ငံတွင် မကျင်းပနိုင်ခဲ့သည်မှာ နှစ်ပေါင်းအတန်ကြာရှိခဲ့ပြီဖြစ်ကြောင်း၊ ယခုလာမည့် ၂၀၁၈ ခုနှစ်တွင် အိမ်ရှင်နိုင်ငံအဖြစ် တက္ကသိုလ်များဆိုင်ရာ (၁၉)ကြိမ်မြောက် အားကစားနည်းအလိုက် ပြိုင်ပွဲများကို စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများနှင့်အညီ ကျင်းပသွားမည်ဖြစ်ကြောင်း၊ မိမိနိုင်ငံတွင် တက္ကသိုလ်အားကစားပြိုင်ပွဲများကို ကျောင်းသား ကျောင်းသူများသာမက ပြည်သူများပါ ပူးပေါင်းပါဝင်ကြည့်ရှုနိုင်ရန်အတွက် ရာသီဥတုအချိန်အခါသင့်သော ၂၀၁၈ ခုနှစ် ဒီဇင်ဘာလကို ရွေးချယ်သတ်မှတ်ထားပြီး မိမိတို့၏ ရိုးရာယဉ်ကျေးမှုနှင့်အညီ လှေလှော်အားကစားပြိုင်ပွဲများကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အာဆီယံတက္ကသိုလ်များဆိုင်ရာ အားကစားနည်းစနစ်များ၏ စည်းမျဉ်းစည်းကမ်း ဥပဒေများနှင့် ပတ်သက်၍ ပါဝင်ဆွေးနွေးကြရန် ရန်ကုန်အဝေးသင်တက္ကသိုလ် ဓာတုဗေဒဌာန ပါမောက္ခ(ဌာနမှူး)ဒေါက်တာသဇင်လွင်က ကြေညာရာ အာဆီယံတက္ကသိုလ်များဆိုင်ရာဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စင်ကာပူတက္ကသိုလ်များဆိုင်ရာ အားကစားကော်မတီမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံတက္ကသိုလ်များဆိုင်ရာ အားကစားအဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအားကစားဝန်ကြီးဌာနနှင့် တက္ကသိုလ်များဆိုင်ရာ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းနှင့် အဖွဲ့ချုပ် အတွင်းရေးမှူး ဒေါက်တာလှတင့်တို့က အားကစားနည်းစနစ်အလိုက် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ကြသည်။

အဆိုပါ ၂၀၁၈ ခုနှစ် အာဆီယံတက္ကသိုလ်များဆိုင်ရာ (၁၉)ကြိမ်မြောက် အားကစားပြိုင်ပွဲကို ပြေးခုန်ပစ်၊ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်၊ စားပွဲတင်တင်းနစ်၊ ရေကူး၊ မြားပစ်၊ စစ်တုရင်၊ ကရာတေးဒို၊ ဗိုဗီနမ်၊ ဝူရှူး၊ ပီတန်း၊ လှေလှော်နှင့် ဂေါက်သီးရိုက်ပြိုင်ပွဲ စသည့် အားကစားနည်း ၁၆ မျိုးတို့ဖြင့် ကျင်းပရန် စီစဉ်ထားကြောင်း အဖွဲ့ချုပ်အတွင်းရေးမှူး ဒေါက်တာလှတင့်က ပြောကြားသည်။ **(စောသိန်းဝင်း)**

### ❁ ငါးနိုင်ငံ ဓမ္မခရီးစဉ်မှ

ဆရာတော်၊ သံဃာတော်များအား တာဝန်ရှိသူများက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်ပြီး ဆရာတော်၊ သံဃာတော်များသည် မြဝတီမြို့၊ ရွှေတိဂုံပုံတူမဟာကနကရွှေစေတီတော်သို့ ကြွရောက်ပြီး စေတီတော်ပရိဝုဏ်၌ ဗောဓိညောင်ပင်အား စိုက်ပျိုးပေးခဲ့သည်။ အဆိုပါ ငါးနိုင်ငံ ဓမ္မခရီးစဉ်အဖွဲ့တွင် မြန်မာနိုင်ငံ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ် နိုင်ငံများမှ စုစုပေါင်း သံဃာတော် ၇၈ ပါးပါဝင်ခဲ့ပြီး ကျိုက်ထီးရိုးစေတီတော်သို့ ဖူးမြော်ရန် ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

### ❂ မျိုးသုဉ်းမည့်အန္တရာယ်မှ

မျောက်လွှဲကျော်(မျက်ခုံးဖြူ)များကို မေ ၅ ရက်မှ စတင်ကာ ဖုန်ကန်ရာဇီဘေးမဲ့တောရှိ ယင်းမျောက်များ ကျက်စားရာနေရာများတွင် နမူနာတစ်ကွက်လျှင် နှစ်ကီလိုမီတာစတုရန်းကွက် ဝန်းကျင်ရှိသော (၁၀)ကွက် သတ်မှတ်ကာ အသံကိုနားထောင်၍ မျောက်လွှဲကျော်ကောင်ရေ ခန့်မှန်းခြင်းနည်းစနစ်ကို အသုံးပြုပြီး ကောက်ယူခြင်းဖြစ်ကြောင်း၊ လက်ရှိတွင် အကွက်(၄)နှင့် အကွက်(၆)ကို ကောက်ယူမှု ပြီးသွားပြီဖြစ်ကာ ၂၀၁၈ ခုနှစ် နှစ်လယ်ပိုင်းတွင် အကွက်အားလုံး ကောက်ယူပြီးစီးမည်ဖြစ်ကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)မှ တာဝန်ခံ ကိုဆမ်ဘုံဆင်က ပြောသည်။

"ကျွန်တော်တို့ သုတေသနလုပ်မယ့် ဒီနမူနာအကွက် (၁၀)ခုစလုံး ပြီးသွားရင်တော့ ဒီတောထဲမှာ ကျက်စားနေတဲ့ Gibbon တွေရဲ့ အကောင်ရေ ဘယ်လောက်ကျန်ရှိသေးတယ်ဆိုတာကို ခန့်မှန်းနိုင်မယ် ထင်ပါတယ်" ဟု ၎င်းက ပြောသည်။

၂၀၁၅-၂၀၁၆ ခုနှစ်ကလည်း ဖုန်ကန်ရာဇီဘေးမဲ့တောတွင် မျောက်လွှဲကျော်မျိုးစိတ်များကို ခွဲခြားသတ်မှတ်နိုင်ရန်အတွင် သုတေသနတစ်ခု ပြုလုပ်ခဲ့ဖူးကြောင်း၊ ထမံသီဘေးမဲ့တောနှင့် ဟူးကောင်းချိုင့်ဝှမ်းဘေးမဲ့တောတွင်လည်းမျောက်လွှဲကျော်(မျက်ခုံးဖြူ)များရှိကြောင်း သိရသည်။

ဖုန်ကန်ရာဇီဘေးမဲ့တောထဲရှိ မျောက်လွှဲကျော်(မျက်ခုံးဖြူ)များကို သုတေသနပြုခြင်းနှင့် စာရင်းကောက်နေသော သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာအစီအစဉ်)သည် ၁၉၉၃ ခုနှစ်ကတည်းက သစ်တောဦးစီးဌာနနှင့် သဘောတူစာချွန်လွှာ (MoU) ထိုးကာ မြန်မာနိုင်ငံအတွင်းရှိ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေသောအဖွဲ့ဖြစ်သည်။ **(ညီတူး)**

### ❒ မိုရာမုန်တိုင်းမှ

ဧရာဝတီတိုင်းဒေသကြီးတွင် မော်လမြိုင်ကျွန်း၊ ဖျာပုံနှင့် ငပုတောမြို့နယ်တို့၌ အိမ် ၂၂ လုံး လုံးဝပျက်စီးခဲ့ပြီး အနည်းငယ်ပျက်စီးခဲ့သည့် အိမ် ၁၄ လုံးရှိကြောင်း သိရသည်။

ချင်းပြည်နယ်တွင် ဟားခါး၊ ထန်တလန်နှင့် ဖလန်းမြို့နယ်တို့၌ အိမ်တစ်လုံး လုံးဝပျက်စီးခဲ့ပြီး ၅၂ လုံးမှာ အနည်းငယ်ပျက်စီးမှုများ ဖြစ်ပွားခဲ့သည်။ ထို့အပြင် ဘာသာရေးအဆောက်အအုံ သုံးလုံးအနည်းငယ်ပျက်စီးခဲ့ပြီး ဝန်ထမ်းအိမ်ရာ ငါးလုံးနှင့် ဆေးရုံတစ်လုံး၊ စာသင်ကျောင်း သုံးလုံး ပျက်စီးခဲ့ကြောင်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ သိရသည်။ **(ကြေးမုံ)**

# မုန်တိုင်းကြောင့် မောင်တောမြို့ပေါ်နှင့် ကျေးရွာများရှိ စာသင်ကျောင်းတချို့ပျက်စီးခဲ့သော်လည်း ကျောင်းဖွင့်နိုင်ရန် စီစဉ်ထား

**မောင်တော မေ ၃၁**

မောင်တောမြို့နယ်တွင် ဆိုင်ကလုန်းမုန်တိုင်း မိုရာတိုက်ခတ်မှုကြောင့် မြို့ပေါ်နှင့် ကျေးရွာများရှိ စာသင်ကျောင်းတချို့ ပျက်စီးခဲ့သော်လည်း ဇွန် ၁ ရက်တွင် ကျောင်းဖွင့်နိုင်ရန် စီစဉ်ထားပြီးဖြစ်ကြောင်း ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ပြောသည်။

"စာသင်ကျောင်းအများစုက တော်တော်လေး ပျက်စီးသွားပါတယ်။ အဓိကပျက်စီးတာက ခေါင်မိုးပေါ့။ အမြန်ဆုံးပြုပြင်နိုင်အောင် ဆောင်ရွက်နေတယ်။ တချို့ မိုးယိုတဲ့နေရာတွေကို ယာယီကာပြီး မိုးလုံအောင်လုပ်မယ်။ ချက်ချင်းပဲ ဒါကိုပြုပြင်မယ်။ မနက်ဖြန် ကျောင်းတက်ရက်ဖြစ်တဲ့အတွက်ကြောင့် မြို့ပေါ်နဲ့ ကျေးလက်ဒေသမှာရှိတဲ့ စာသင်ကျောင်းတွေ တစ်ပြိုင်နက်တည်း ကျောင်းဖွင့်နိုင်အောင် စီစဉ်ထားပြီးဖြစ်ပါတယ်။ ကလေးတွေရော ဆရာ ဆရာမတွေရော အားလုံးပြောပြီးပါပြီ" ဟု ၎င်းက ပြောသည်။

ပြည်နယ်ဝန်ကြီး ဒေါက်တာချမ်းသာသည် မောင်တောခရိုင် အုပ်ချုပ်ရေးမှူး ဦးရဲထွန်းနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းက ဆိုင်ကလုန်းမုန်တိုင်း မိုရာတိုက်ခတ်မှုကြောင့် မောင်တောမြို့ပေါ်နှင့် ကျေးလက်ဒေသများတွင် ပျက်စီးသွားသည့် စာသင်ကျောင်းများ၊ ဆေးရုံနှင့် ကျေးလက်ဆေးပေးခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

"ဆေးရုံ၊ ဆေးခန်း တော်တော်များများကတော့ အပျက်အစီးနည်းပါတယ်။ ခေါင်မိုးလန်တာလောက်ပဲ ရှိတယ်။ အဲဒီအတွက်လည်း ခေါင်မိုးအမြန်မိုးမယ်။ ဆေးကုသရေးလုပ်ငန်းတွေတော့ မပျက်အောင် ဆောင်ရွက်နေပါတယ်" ဟု လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ပြောသည်။

မုန်တိုင်းကြောင့် ပျက်စီးသွားသည့် စာသင်ကျောင်းများနှင့် ဆေးရုံ၊ ဆေးခန်းများကို ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့၏ ဘတ်ဂျက်အပြင် သဘာဝဘေးအန္တရာယ်ရန်ပုံငွေများဖြင့် ပြုပြင်ဆောင်ရွက်ရန် ရည်မှန်းထားကြောင်း လူမှုရေးဝန်ကြီးက ပြောသည်။

**သတင်း-မင်းသစ်**
**ဓာတ်ပုံ-ရဲထွန်း**



# ပညာရေးဝန်ကြီးဌာန၏ ယခုနှစ်ဆောင်ပုဒ်အရ ကျောင်းထွက်သူပပျောက်ရေးကို ဦးတည်ဆောင်ရွက်နေ

**နေပြည်တော် မေ ၃၁**

ပညာရေးဝန်ကြီးဌာန၏ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ချမှတ်ထားသည့် ဆောင်ပုဒ်အရ ကျောင်းထွက်သူပပျောက်ရေးကို ဦးတည်စေသည့် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံနိုင်စေရေးနှင့် မူလတန်းပညာသင်ယူသူများအားလုံး မူလတန်းပညာသင်ယူပြီးမြောက်ရေးအတွက် ပညာရေးဝန်ကြီးဌာနမှ အခမဲ့ မသင်မနေရစနစ်ဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက မေ ၃၀ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမ၌ကျင်းပခဲ့သည့် မန္တလေးတိုင်းဒေသကြီး ကျောင်းအပ်နှံရေးနေ့ အခမ်းအနားတွင် ပြောကြားခဲ့သည်။

၂၀၁၆ ခုနှစ် ယူနက်စကို၏ အစီရင်ခံစာအရ မြန်မာနိုင်ငံသည် ကမ္ဘာတွင် ကျောင်းထွက်သူအများဆုံး ဒုတိယနိုင်ငံအဖြစ် အင်ဒိုနီးရှားနိုင်ငံနှင့် ပူးတွဲရပ်တည်နေသော်လည်း လူဦးရေအရ ကမ္ဘာပေါ်တွင် ကျောင်းထွက်သူအများဆုံးနိုင်ငံအဖြစ် ဖော်ပြခံရကြောင်း သိရသည်။

"အိန္ဒိယနိုင်ငံက ကျောင်းထွက်သူဦးရေငါးသန်းနဲ့ ပထမနေရာမှာ ရှိပေမယ့် လူဦးရေက ၁ ဒသမ ၃ ဘီလီယံဆိုတော့ ရာခိုင်နှုန်းနဲ့တွက်ရင် နည်းသွားတယ်။ မြန်မာနိုင်ငံနဲ့ အင်ဒိုနီးရှားနိုင်ငံက ကျောင်းထွက်သူဦးရေနှစ်နိုင်ငံပေါင်း ၂ ဒသမ ၃သန်းနဲ့ ဒုတိယနေရာမှာ ပူးတွဲရပ်တည်နေတယ်။ ဒါပေမယ့် အင်ဒိုနီးရှားနိုင်ငံက လူဦးရေ သန်း ၂၅၀ ရှိပါတယ်။ မြန်မာနိုင်ငံက ၅၅ သန်းပဲ ရှိတာပါ။ အဲဒီနှုန်းတွေနဲ့ ယှဉ်ကြည့်မယ်ဆိုရင်တော့ မြန်မာနိုင်ငံက လက်ရှိလူဦးရေအရ ကျောင်းထွက်သူ အမြင့်ဆုံးနိုင်ငံအဖြစ် ဖော်ပြခံနေရတယ်။ ဒါကြောင့် ကျောင်းထွက်သူပပျောက်ရေးကို ဦးတည်ဆောင်ရွက်နေတာပါ"ဟု ၎င်းက ပြောသည်။

ထို့ပြင် ကျောင်းထွက်သူပပျောက်ရေးအပြင် ပညာသင်ယူသူကလေးတိုင်း ပညာရေးအရည်အသွေးမြင့်မားစေရန် ဆရာ ဆရာမများ၏ အရည်အသွေး၊ သင်ကြားသင်ယူမှုနည်းစနစ်များ၊ သင်ရိုးညွှန်းတမ်းများ၏ အရည်အသွေးမြင့်မားစေရန်အတွက်လည်း ဆောင်ရွက်လျက်ရှိပြီး ဆရာ ဆရာမများ အရည်အသွေးမြင့်မားစေရန် နှစ်နှစ်သင်ပညာရေးကောလိပ်များကို လေးနှစ်သင်ပညာရေးဒီဂရီကောလိပ်များအဖြစ် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"သင်ကြားသင်ယူမှု နည်းစနစ်တွေအတွက် နွေရာသီကာလတွေမှာ မွမ်းမံသင်တန်းတွေ၊ သင်ယူသူဗဟိုပြုနည်းစနစ်တွေကို ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ သင်ရိုးညွှန်းတမ်းမြှင့်တင်ဖို့အတွက် ယမန်နှစ်က KG ပညာရေးစနစ်ကို သင်ရိုးသစ်နဲ့ စတင်သင်ကြားပေးခဲ့ပြီးတော့ ဒီနှစ်မှာတော့ ပထမတန်းကို ဘာသာရပ် ၁၀ မျိုးပါဝင်တဲ့ သင်ရိုးသစ်နဲ့ စတင်သင်ကြားတော့မှာ ဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

ပညာရေးအရည်အသွေး ကောင်း၊ မကောင်းကို နိုင်ငံတကာမှ ကျောင်းနေနှုန်းမြင့်မားမှု၊ ကျောင်းထွက်နှုန်း လျော့နည်းမှုနှင့် မူလတန်းအဆင့်၌ တစ်မိနစ်အတွင်း စာဖတ်စွမ်းရည်အပေါ်တွင် မူတည်၍ တိုင်းတာလျက်ရှိပြီး ပညာရေးဝန်ကြီးဌာနအနေဖြင့် Grade-2 ကျောင်းသား ကျောင်းသူများကို တစ်မိနစ်အတွင်း အနည်းဆုံး စာလုံးရေ ၄၀ ဖတ်နိုင်ရန် ဦးတည်ဆောင်ရွက်လျက်ရှိသဖြင့် ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ မိဘအုပ်ထိန်းသူများက ပူးပေါင်းပါဝင်ပေးကြရန် တိုက်တွန်းပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင်ကလည်း "နိုင်ငံတော်အစိုးရမှ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေးအတွက် အခမဲ့ပညာရေးစနစ်ကို ဆောင်ရွက်ပေးနေသည့်အပြင် ပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်နှင့် ကျောင်းဝတ်စုံများကိုလည်း အခမဲ့ဖြန့်ဝေပေးနေသဖြင့် မိဘပြည်သူများမှ မိမိတို့၏ ကျောင်းနေအရွယ်ကလေးများကို မည်သည့်အခက်အခဲဖြစ်နေစေကာမူ ကျောင်းသို့အရောက် ပို့ပေးကြရန်နှင့် မူလတန်းအဆင့် အောင်မြင်သည်အထိ ကျောင်းမထွက်စေဘဲ သင်ကြားခွင့်ပေး၍ နိုင်ငံတော်၏ ပညာရေးရည်မှန်းချက်အောင်မြင်စေရန် ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားခဲ့သည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**



**မန္တလေးတိုင်းဒေသကြီး ကျောင်းအပ်နှံရေးနေ့အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်တို့ ကျောင်းသား မိဘများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး အကြိမ်(၇၀)မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ညီလာခံသို့ တက်ရောက်

**နေပြည်တော် မေ ၃၁**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် မေ ၂၃ ရက် နံနက်ပိုင်းက ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ ကုလသမဂ္ဂဌာနချုပ်ရှိ Palais des Nations ၌ကျင်းပသည့် အကြိမ်(၇၀)မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ညီလာခံသို့ တက်ရောက်ခဲ့သည်။ ညနေပိုင်းတွင် Palais des Nations ခန်းမ၌ကျင်းပသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ရွေးချယ်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ညီလာခံသို့ တက်ရောက်လာကြသည့် အဖွဲ့ဝင် ၁၉၄ နိုင်ငံအနက် မဲပေးပိုင်ခွင့်ရှိသည့် ၁၈၆ နိုင်ငံမှ ကျန်းမာရေးဝန်ကြီးများနှင့် တာဝန်ရှိသူတစ်ဦးစီမှ မဲပေးရွေးချယ်ခဲ့ပြီး အနိုင်ရရှိခဲ့သည့် အီသီယိုးပီးယားနိုင်ငံမှ Dr. Tedros Adanom Ghebreyesus အား ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်အသစ်အဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။

ညွှန်ကြားရေးမှူးချုပ်အသစ်အား ဂုဏ်ပြုနှုတ်ဆက်စကားများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဒေသကြီး ခြောက်ခုမှ ကိုယ်စားလှယ်တစ်ဦးစီက ပြောကြားခဲ့ပြီး ညွှန်ကြားရေးမှူးချုပ်အသစ် Dr. Tedros Adanom Ghebreyesus က မိန့်ခွန်းပြောကြားခဲ့သည်။

မေ ၂၃ ရက် နံနက် ၁၁ နာရီတွင် ဂျီနီဗာမြို့ Inter Continental Hotel တွင် GE Health Care မှ CEO၊ Mr. John Flannery နှင့်အဖွဲ့အားတွေ့ဆုံ၍ ရောဂါရှာဖွေရေးနှင့် ကုသရေး၊ အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းများအတွက် လူ့စွမ်းအားအရင်းအမြစ် လေ့ကျင့်သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Poonam Khetrapal Singh နှင့် တွေ့ဆုံဆွေးနွေးသည်။

မေ ၂၄ ရက် နံနက်ပိုင်းက ကော်မတီ A အစည်းအဝေးခန်းမ နားနေဆောင်၌ Asia - Pacific Leaders of Malaria Alliance အဖွဲ့မှ Executive Director၊ Dr. Benjamin Rolfe နှင့်တွေ့ဆုံ၍ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၄ ရက်မှ ၁၀ ရက်အထိ မြန်မာနိုင်ငံ နေပြည်တော်တွင် APLMA အဖွဲ့၏ ဝန်ကြီးအဆင့်အစည်းအဝေး ပြုလုပ်နိုင်ရေး၊ အဓိကထည့်သွင်းဆွေးနွေးမည့်အကြောင်းအရာများနှင့် သက်ဆိုင်ရာနိုင်ငံများမှ ဝန်ကြီးများအား ဖိတ်ကြားနိုင်ရေး၊ ဇွန်လ နောက်ဆုံးပတ်အတွင်း ဩစတြေးလျ ပါလီမန်အဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်တွေ့ဆုံဆွေးနွေးနိုင်ရေးကိစ္စရပ်များ ဆွေးနွေးခဲ့သည်။

ယင်းနောက် Global Fund မှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ရန်ပုံငွေရရှိခွဲဝေသုံးစွဲရေးဆိုင်ရာ ကိစ္စရပ်များ၊ တီဘီရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းအား ပိုမိုအလေးပေးဆောင်ရွက်ရေးကိစ္စရပ်များ၊ သတ်မှတ်ချိန်အတွင်း ရန်ပုံငွေများ အကျိုးရှိရှိအသုံးပြုနိုင်ရေးနှင့် လုပ်ငန်းများ ပြီးမြောက်စွာဆောင်ရွက်နိုင်ရေးကိစ္စရပ်များ ဆွေးနွေးသည်။

ယင်းနောက် ကော်မတီ A အစည်းအဝေးခန်းရှိ Room (23) တွင် Scaling Up Nutrition (SUN) Movement Secretariat မှ Director၊ Ms. Florence Lasbennes နှင့်အဖွဲ့အား တွေ့ဆုံသည်။

မွန်းလွဲပိုင်းတွင် ဂျပန်နိုင်ငံ Parliamentary Vice-Minister of Health , Labour and Welfare မှ Mr. Seishi Baba နှင့်အဖွဲ့အား တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံကြား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအား ဆွေးနွေးသည်။

ထို့နောက် Restaurant Vieux Bois တွင် ကျင်းပသည့် Anti Microbial Resistance (AMR) ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ Lunch on Meeting သို့ တက်ရောက်ခဲ့သည်။

ထို့နောက် Palais des Nations အောက်ရှိ နားနေဆောင်၌ UICC မှ CEO၊ Dr. Cary Adams နှင့် C / Can 2025 မှ Dr. Sue Henshall တို့နှင့်တွေ့ဆုံ၍ ရန်ကုန်မြို့အား ကင်ဆာရောဂါကာကွယ်ကုသရေး အထူးစီမံချက်ဝင် မြို့ကြီးတစ်မြို့အဖြစ် City Cancer Control Project ၌ထည့်သွင်းထားပြီး အရှေ့တောင်အာရှနိုင်ငံများအတွင်း ပထမဆုံးပါဝင်ခွင့်ရသည့် မြို့ကြီးတစ်မြို့အဖြစ် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် တာဝန်ရှိသူများပါဝင်သည့် အစည်းအဝေးအား ရန်ကုန်မြို့တွင် ၂၀၁၇ ဇူလိုင်လအတွင်း ကျင်းပရန်လျာထားချက်အပေါ် ဆွေးနွေးကြသည်။

ထို့နောက် IAEA/ WHO/ IARC အုပ်စုမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံတွင် ကင်ဆာရောဂါကာကွယ်ကုသရေးအတွက် အရေးပေါ်လိုအပ်လျက်ရှိသည့် လေ့ကျင့်သင်ကြားပေးရေးဆိုင်ရာ ကိစ္စရပ်များ၊ ဓာတ်ရောင်ခြည်ဆိုင်ရာ စက်များ ကိုင်တွယ်အသုံးပြုသူများနှင့် ပတ်ဝန်းကျင်ရှိလူနာများ ဓာတ်ရောင်ခြည်သင့်မှုမှ ကြိုတင်ကာကွယ်ရေးဆိုင်ရာ နည်းလမ်းများ၊ လိုအပ်လျက်ရှိသည့် စက်ပစ္စည်းများ ကူညီထောက်ပံ့ပေးရေးကိစ္စရပ်များ၊ ကင်ဆာရောဂါကာကွယ်ကုသရေး နည်းဗျူဟာစီမံချက် အချောသပ်အကောင်အထည်ဖော်ဆောင်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးကြသည်။

ထို့နောက် Adagio Apathol Hotel ၌ Foundation Merieux မှ DG ၊ Mr. Beroit Miribel နှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံ၌ ရန်ကုန်၊ မန္တလေး၊ တောင်ကြီးတို့တွင် BSL 3 အဆင့်ရှိ ဓာတ်ခွဲခန်းများနှင့် အခြားဓာတ်ခွဲခန်းများ ကွန်ရက်စနစ်ထားရှိ အကောင်အထည်ဖော်နိုင်ရေးနှင့် အမျိုးသားကျန်းမာရေး၊ ဓာတ်ခွဲခန်းအဆင့်မြှင့်တင်ရေးကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးသည်။

မေ ၂၅ ရက် ညနေပိုင်းတွင် ကော်မတီ(A) အစည်းအဝေးခန်းမရှိ သီးခြားအစည်းအဝေးခန်းမတွင် Nippon Foundation မှ ဥက္ကဋ္ဌ Mr. Sasakawa နှင့်အဖွဲ့အား တွေ့ဆုံဆွေးနွေးကြသည်။

ထို့နောက် ဂျီနီဗာမြို့ Novotel Hotel ၌ Biomerieux မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံ၌ Anti Microbial Resistance လုပ်ငန်းများ ပိုမိုပြင်စွာဆောင်ရွက်နိုင်ရန် Point Prevalence Survey for Antibiotic ပြုလုပ်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် နည်းပညာဆိုင်ရာ ကူညီထောက်ပံ့နိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။




**အကြိမ်(၇၀)မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ညီလာခံသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး (ယာ) တက်ရောက်စဉ်။**

**(သတင်းစဉ်)**

# အသက်(၉၀)နှင့်အထက် အဘိုး၊ အဘွားများအား လူမှုရေးပင်စင် ထောက်ပံ့မည်

**ရန်ကုန် မေ ၃၁**

မြန်မာနိုင်ငံအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ရှိကြသော အသက်(၉၀)နှင့်အထက် အဘိုး၊ အဘွားများအတွက် လူမှုရေးပင်စင်ကို ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများမှတစ်ဆင့် စစ်တမ်းများကောက်ယူကာ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့ ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာနမှ သိရသည်။

"အသက်(၉၀)နှင့်အထက် အဘိုး၊ အဘွားတွေကို လူမှုရေးပင်စင်ပေးအပ်ဖို့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ကစတင်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ အဘိုး၊ အဘွားတစ်ဦးကို တစ်လငွေကျပ် ၁၀၀၀၀ နှုန်းနဲ့ သုံးလတစ်ကြိမ် ပေးအပ်နိုင်ဖို့ သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတစ်ဆင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးတွေကနေ အဘိုး၊ အဘွားတွေရဲ့လက်ဝယ်ကို ပေးအပ်သွားမှာပါ။ လူမှုဝန်ထမ်းဦးစီးဌာနအနေနဲ့ ဝန်ထမ်းအင်အားအခက်အခဲရှိတာကြောင့် ရပ်ကွက်၊ ကျေးရွာတွေအထိ ပေးအပ်နိုင်ဖို့ကို ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးတွေကနေ တစ်ဆင့် ပေးအပ်သွားမှာ ဖြစ်ပါတယ်။ မွန်မြတ်တဲ့အလုပ်ဖြစ်လို့ အားလုံးဝိုင်းဝန်းကူညီပေးစေလိုပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက ရန်ကုန်မြို့ ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်း၌ မေလတတိယပတ်က ကျင်းပခဲ့သော လူမှုရေးပင်စင်အစည်းအဝေးတွင် ပြောကြားခဲ့သည်။

လက်ရှိအနေအထားအရ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီး၌ အသက်(၉၀)နှင့်အထက် အဘိုး၊ အဘွား ၄၂၀၀ ကျော်ရှိပြီး နိုင်ငံတစ်ဝန်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးအနေဖြင့် အသက်(၉၀)နှင့်အထက် အဘိုး၊ အဘွား ၃၀၀၀၀ ကျော် ရှိကြောင်း သိရသည်။

ယခုနှစ်အတွက် ပထမအကြိမ် လူမှုရေးပင်စင် ပေးအပ်နိုင်ရေးအတွက် နိုင်ငံတော်၏ ဘတ်ဂျက်ငွေ ကျပ် ၄ ဒသမ ၂ ဘီလီယံ ခွင့်ပြုထားကြောင်း သိရသည်။ ထိုသို့ ထောက်ပံ့ရေးပင်စင်ပေးအပ်ခြင်းသည် လူမှုဝန်ထမ်းဦးစီးဌာန၏ Social Protection ရှစ်ခု၌ သက်ကြီးပင်စင် ပေးအပ်ခြင်းသည် တစ်ခုအပါဝင်ဖြစ်ကြောင်း သိရသည်။

ယခုအခါ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ လူမှုဝန်ထမ်းဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးတို့မှ အဘိုး၊ အဘွား ဦးရေစာရင်းများအား ပြုစုကာ ယခုနှစ် ဧပြီလမှ စတင်ပေးအပ်သွားမည်ဖြစ်ရာ ဇွန်လတွင် သုံးလပြည့် လူမှုရေးပင်စင်ပေးအပ်နိုင်ရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့ ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာနရုံးမှ သိရသည်။

ပြီးခဲ့သည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်က တစ်နှစ်လုံးစာအဖြစ် အသက်(၉၀)နှင့်အထက် အဘိုး၊ အဘွားတစ်ဦးလျှင် ငွေကျပ် ၁၈၀၀၀၊ အသက်(၁၀၀)နှစ်အထက် တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်း ထောက်ပံ့ပေးခဲ့ကြောင်း သိရပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင်လည်း အသက်(၉၀)နှင့်အထက် အဘိုး၊ အဘွားတစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀၊ အသက်(၁၀၀)နှင့်အထက် တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းတို့ဖြင့် လစဉ် လူမှုရေးပင်စင်ထောက်ပံ့ငွေအဖြစ် ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

**စိုးဝင်း**(MLA)

❑



# နေပြည်တော်တွင်ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများအတွက် ကျပ် ဘီလီယံ ၂၄ သန်းကျော်သာရရှိ

**နေပြည်တော် မေ ၃၁**

နေပြည်တော်စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီမှ ကျင်းပသော (၁/၂၀၁၇)အစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီက နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၂)၌ကျင်းပရာ နေပြည်တော်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီ ဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးတင်ထွဋ်က အဖွင့်အမှာစကားပြောကြားသည်။

နေပြည်တော်ကောင်စီမှ ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းအတွက် ငွေကျပ် ဘီလီယံ ၆၉ ဒသမ ၉၀၃ သန်း အဆိုပြုတင်ပြခဲ့သော်လည်း အမှန်ဘဏ္ဍာငွေရရှိမှုမှာ ငွေကျပ် ဘီလီယံ ၂၄ ဒသမ ၇၇၆ သန်းသာရရှိခဲ့ကြောင်း၊ သက်ဆိုင်ရာဌာနများနှင့် အုပ်ချုပ်ရေးမှူးများအနေဖြင့်လည်း အမှန်တကယ်လိုအပ်သော ဒေသဖွံ့ဖြိုးရေးအတွက် အလားအလာရှိသည်များကို အဓိကထားရေးဆွဲကြရန်လိုကြောင်း၊ သို့မှသာ ဒေသဖွံ့ဖြိုးရေးအတွက် ပိုမိုထိရောက် အောင်မြင်နိုင်မည်ဖြစ်ကြောင်း နေပြည်တော် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ အတွင်းရေးမှူး နေပြည်တော်စီမံကိန်းဦးစီးရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်စန္ဒာဦးက ပြောကြားသည်။

ဆက်လက်ပြီး ကော်မတီအတွင်းရေးမှူး ဒေါ်စန္ဒာဦးက ဒေသတစ်ခုနှင့်တစ်ခု မတူညီသည့်အတွက် အားသာသည့် ကဏ္ဍများကို အလေးထားဆောင်ရွက်ရမှာဖြစ်ကြောင်း၊ အကောင်အထည်ဖော်မည့် လုပ်ငန်းစီမံကိန်းများကို ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်းနှင့် သုံးသပ်ခြင်းတို့ကို ပြုလုပ်ရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဌာနများအနေဖြင့်လည်း အခြေခံအကျဆုံးဖြစ်သည့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်စီမံကိန်းဦးစီးမှူးများနှင့်အတူ Project Work များကို ပေါင်းစပ် လုပ်ကိုင်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းစီမံကိန်းများကို သတ်မှတ်ဘောင်အတွင်းမှ သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်နိုင်ရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသော နေပြည်တော်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဝင်များ၊ ခရိုင်၊ မြို့နယ်ကော်မတီဝင်များက မိမိတို့နယ်ပယ်အလိုက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ကြမည့်လုပ်ငန်းများကို အသေးစိတ်ရှင်းလင်းဆွေးနွေးခြင်းနှင့် သိရှိလိုသည်များကို ညှိနှိုင်းဆွေးနွေးမေးမြန်းခဲ့ကြကြောင်း သိရသည်။

**သန့်မောင်(ပြန်/ဆက်)**

# သောက်သုံးရေရှားပါးပြတ်လပ်မှုများအတွက် ထောက်ပံ့ကူညီဆောင်ရွက်ပေး

**နေပြည်တော် မေ ၃၁**

၂၀၁၇ ခုနှစ် နွေရာသီကာလတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့၌ သောက်သုံးရေများ ရှားပါးပြတ်လပ်မှုဖြစ်ပေါ်လျက်ရှိရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ရေရှားပါးမှုဖြစ်ပွားသည့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အခြားသောဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ ပြည်သူများ သောက်သုံးရေရရှိစေရန် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ဦးစီးဌာနအောက်ရှိ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်ဦးစီးမှူးရုံးများမှ သောက်သုံးရေရှားပါးသည့် ရပ်ကွက်၊ ကျေးရွာများသို့ သောက်သုံးရေဖြန့်ဝေပေးခြင်းအား နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ရေတွင်းရေကန်များ၊ စက်ရေတွင်းများ၊ ယာယီရေလှောင်ကန်များ၊ ရေသန့်စက်များ လိုအပ်လျက်ရှိကြောင်း ပြည်သူများက ဦးစီးဌာန Call Centre သို့ဆက်သွယ်၍ အကူအညီတောင်းခံလာမှုအပေါ် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ် ခရိုင်ဦးစီးမှူးရုံးများက တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းစိစစ်၍ လိုအပ်ချက်များကို ဦးစားပေးအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

သောက်သုံးရေရှားပါးမှုဒဏ်ကို ခံစားရသည့်ပြည်သူများအတွက် ဧပြီ ၃ ရက်မှ မေ ၂၃ ရက်အထိ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနအနေဖြင့် သောက်ရေစုစုပေါင်း ဂါလန် ၃၃၀၁၅၀၊ သောက်သုံးရေသန့် လီတာ ၂၀ ပါ ဘူးပေါင်း ၂၁၂၅ ဘူးနှင့် ရေသန့်ကတ် ၆၀၀ တို့အား တိုင်းဒေသကြီး၊ ပြည်နယ် ရှစ်ခုရှိ မြို့နယ်ပေါင်း ၂၃ မြို့နယ်သို့ ဖြန့်ဝေပေးခဲ့ခြင်းအတွက် ငွေကျပ် ၉ ဒသမ ၉၂၃၉၅ သန်း၊ ရေသန့်စက် လေးလုံး၊ ရေကန် ခုနစ်ကန်၊ အဝီစိတွင်း တစ်တွင်းနှင့် အုတ်စီရေတွင်း တစ်တွင်းတို့အတွက် ငွေကျပ် ၆၂ သန်း စုစုပေါင်းငွေကျပ် ၇၁ ဒသမ ၉၂၃၉၅ သန်းအား ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**



# ကမ္ဘာ့ဘဏ်အကူအညီဖြင့် ဆောင်ရွက်မည့် စီမံကိန်းများအား အကြံဉာဏ်ရယူဆွေးနွေး

**ဖြူး မေ ၃၁**

ကမ္ဘာ့ဘဏ်အကူအညီဖြင့် ပထမ ၁၈ လအတွင်း ဆောင်ရွက်မည့် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် အရေးပေါ်ပြန်လည်ထူထောင်ရေးစီမံကိန်းများအား အကြံဉာဏ်ရယူဆွေးနွေးပွဲကို ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် စည်ပင်သာယာခန်းမ၌ မေ ၂၇ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ညှိနှိုင်းအကြံဉာဏ်ရယူဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းညွှန့်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နီဝင်း၊ ခရိုင်ကျေးလက် ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်သန်းလွင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့မိ၊ မြို့ဖများ၊ ငတိုးခင်၊ ကျေးပင်ပေါက်၊ ပျဉ်းမပင်၊ ကင်ပွန်းခြုံ၊ သစ်ပတ်ကျေးရွာ ငါးရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းညွှန့်နှင့် ခရိုင်ဦးစီးမှူး ဦးအောင်သန်းလွင်တို့က အမှာစကားပြောကြားကြပြီး မြို့နယ်ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးစိုးနိုင်က အကြံဉာဏ်ရယူဆွေးနွေးပွဲနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(ဖြူး မြင့်ဦး)**

# ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ပေါင် မေ ၃၁**

မွန်ပြည်နယ် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝမြင့်မားစေရန်နှင့် မြို့ပြနှင့် ကျေးလက်ကွာဟမှု ကျဉ်းမြောင်းစေရန်ရည်ရွယ်၍ ကဏ္ဍအလိုက် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးလှမျိုးဝင်း၊ ပေါင်မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်နှင့် အဖွဲ့သည် မေလ တတိယပတ်က ရေရှားပါးပြတ်လပ်မှုမရှိစေရန် အဟောက်ကျေးရွာ၊ ဒရိန်းကျေးရွာ၊ ကျားဘိုကျေးရွာနှင့် ဝဲပတန်ကျေးရွာ သောက်သုံးရေကန်ငါးကန်ပြန်လည်ပြုပြင်မည့်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ပေါင်မြို့နယ်အတွင်း လူထုဗဟိုပြုစီမံကိန်း ပထမနှစ်စက်ဝန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဝဲပတန်ကျေးရွာနှင့် အဟောက်ကျေးရွာ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဘီးလင်းတွင် လမ်းရေနုတ်မြောင်းဖွင့်ပွဲ ကျင်းပ

**ဘီးလင်း မေ ၃၁**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဘီးလင်းမြို့နယ် လူထုဗဟိုပြုစီမံကိန်းနှင့် ဒုတိယနှစ်စက်ဝန်းအတွက် လမ်းရေနုတ်မြောင်းဖွင့်ပွဲနှင့် လူထုစစ်ဆေးပွဲကို မေ ၂၇ ရက်က ရင်းအုံကျေးရွာအုပ်စု နယ်ခြားကျေးရွာ၌ ကျင်းပသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးက ဆက်လက်ဆောင်ရွက်မည့် လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများကိုလည်း အားနည်းချက်၊ အားသာချက်များကို သင်ခန်းစာယူပြီး မိမိတို့ကျေးရွာဖွံ့ဖြိုးရန် အဖွဲ့အစည်းများအလိုက် ပူးပေါင်းဆောင်ရွက်ရန် မှာကြားသည်။ နယ်ခြားကျေးရွာတွင် လမ်းရေနုတ်မြောင်းအား လူထုဗဟိုပြုစီမံကိန်းမှ ထောက်ပံ့ငွေကျပ် သိန်း ၁၀၀ ကျော်အကုန်အကျခံဆောက်လုပ်ခြင်းဖြစ်ပြီး ကနဦး ပေ ၃၀၀၀ ကျော် လျာထားရာမှ ကျေးရွာလူထုပါဝင်မှုဖြင့် ပေ ၄၀၀၀ ပြီးစီးခဲ့ကြောင်း သိရသည်။ ရေနုတ်မြောင်းတူးခြင်းဖြင့် မိုးရာသီတွင် ရေကြီးရေလျှံမှု လျော့ကျမည်ဖြစ်သည်။

**မြို့နယ်(ပြန်/ဆက်)**



## လိုက်ထရပ်ယာဉ်အား ရွှေမန်းသူခရီးသည်တင်ယာဉ်မှဝင်တိုက်၊ နှစ်ဦးသေ၊ ၁၄ ဦးပြင်းထန်ဒဏ်ရာများရရှိ

**နေပြည်တော် မေ ၃၁**
ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး ဥတ္တရသီရိမြို့နယ် ပန်းတင်အမြန်လမ်းမကြီးရဲစခန်းအပိုင် မိုင်တိုင် (၂၀၇/၄) နှင့်(၂၀၇/၅)အကြား၌ မေ ၃၁ ရက် နံနက်၂ နာရီခန့်က မန္တလေးမှ ရန်ကုန်သို့ သန်းနိုင်စိုး (နေရပ်လိပ်စာ စုံစမ်းဆဲ) မောင်းနှင်လာသော ယာဉ်အမှတ်6H/----- ရွှေမန်းသူခရီးသည်တင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ ရှေ့လမ်းစပ်၌ ရပ်ထားသော ယာဉ်အမှတ် 8G/ ----- လိုက်ထရပ်၏ နောက်ပိုင်းအားဝင်ရောက်တိုက်မိခဲ့ရာ လိုက်ထရပ်ယာဉ်ပေါ် လိုက်ပါလာသူများအနက် အမျိုးသားနှစ်ဦးမှာ ယာဉ်တိုက်မှုဖြစ်ပွားရာနေရာတွင် ပွဲချင်းပြီးသေဆုံးခဲ့ပြီး ၁၄ ဦးမှာ ပြင်းထန်ထိခိုက်ဒဏ်ရာများရရှိကာ ရဲတပ်ဖွဲ့ပိုင်ယာဉ်ဖြင့် နေပြည်တော် ခုတင် (၁၀၀၀) ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

သေဆုံး/ထိခိုက်ဒဏ်ရာရရှိသူများမှာ တွံတေးမြို့နယ် မယ်ပြေကျေးရွာတွင် နေထိုင်ကြသူများဖြစ်ပြီး အမြန်လမ်းမကြီးတာဝန်ရှိသူများက လိုအပ်သည်များ ကူညီပေးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်ကြောင့် ရွှေမန်းသူယာဉ်မှာ ကျပ်သိန်း ၂၀ ဖိုးခန့် ပျက်စီးခဲ့ပြီး လိုက်ထရပ်ယာဉ်မှာ ကျပ်၁၅ သိန်းဖိုးခန့် ပျက်စီးခဲ့သည်။



ယာဉ်အား မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်းသန်းနိုင်စိုးအား ပန်းတင်အမြန်လမ်းမကြီးရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
**(ဖြိုးကိုလင်း)**

## ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၃၁**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ မေ ၃၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၃၁ စီး၊ သွင်းကုန် ၅၇၄ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၄ စီး၊ သွင်းကုန် ၁၇၇ စီးဖြင့် ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၃၀ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၅ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆ ဒသမ ၅၄ သန်းခန့်) စုစုပေါင်း တားဆီးမှု ၁၆ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၇ ဒသမ ၅၄ သန်းခန့်)အား သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၃၀ ရက်တွင် မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် Toyota Crown တစ်စီး၊ Toyota Alphard နှစ်စီး၊ Suzuki Carry တစ်စီး၊ Nissan Elgrand တစ်စီး၊ Nissan X-Trail တစ်စီး၊ Toyota Kluger နှစ်စီး၊ Nissan Wingroad တစ်စီး၊ Diahatsu Hijet တစ်စီး၊ Toyota Hiace တစ်စီးနှင့် Toyota Wish သုံးစီးတို့အား မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသဖြင့် အဆိုပါ ယာဉ် ၁၄ စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆ သန်းခန့်) အား တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ၂၂ ဘီးယာဉ် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးလက်ဖက်ရည်ဆိုင်ဝင်တိုက်



**တောင်ကြီး မေ ၃၁**
ရွှေညောင်မြို့ စဉ့်ဟယ်ဈေးအရှေ့ဘက် တောင်ကြီး-ကလော-မိတ္ထီလာ ပြည်ထောင်စုလမ်းမ မိုင်တိုင် (၁၀၆/၅) ၌ မေ ၃၁ ရက် နံနက် ၆ နာရီခွဲတွင် ကျောက်မီးသွေးများ တင်ဆောင်လာသည့် ၂၂ ဘီးတွဲကား 2E/. . . . ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရှိသစ်ပင်၊ ဖုန်းတိုင်နှင့် ထူးရှယ်လက်ဖက်ရည်ဆိုင်တို့ကို တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် လက်ဖက်ရည်ဆိုင် အဆောက်အအုံနှင့် ကားဂိုဒေါင်တို့ ပျက်စီးကာ လမ်းလျှောက်နေသည့် ထောက်ပံ့နှင့်ပို့ဆောင်ရေး တပ်ရင်းမှ တပ်ကြပ်စောအလွင်ကိုပါ တိုက်မိခဲ့ရာ နေရာတွင်သေဆုံးခဲ့သည်။ ယာဉ်မောင်း သန်းတင့်ဆွေနှင့် ယာဉ်နောက်လိုက် အောင်နိုင်ဦးတို့မှာ ဒဏ်ရာများ(အတွင်းလူနာ၊ မစိုးရိမ်ရ)ရရှိခဲ့ပြီး သေဆုံးသူနှင့် ဒဏ်ရာရသူ နှစ်ဦးအား တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီးသို့ ပို့ဆောင်ကုသစစ်ဆေးခဲ့ကြောင်းနှင့် ယာဉ်အား မဆင်မခြင်မောင်းနှင်သူ သန်းတင့်ဆွေအား ရွှေညောင်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။
**နိုင်ထွန်း(TGI)**

## လာအိုနိုင်ငံသို့ သယ်ဆောင်သွားမည့် ငွေကျပ် ၃၁၆ သိန်း ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ကျိုင်းလပ်၌ သိမ်းဆည်းရမိ

**ကျိုင်းလပ် မေ ၃၁**
ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းလပ်မြို့နယ် မြန်မာ-လာအိုချစ်ကြည်ရေးတံတားအနီး၌ မေ ၃၀ ရက် မွန်းလွဲပိုင်းက လာအိုနိုင်ငံသို့ သယ်ဆောင်သွားမည့် ငွေကျပ် ၃၁၆ သိန်းကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများအား သိမ်းဆည်းရမိသည်။

ဖြစ်စဉ်မှာ မေ ၃၀ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် ကျိုင်းလပ်မြို့ မြန်မာ-လာအိုချစ်ကြည်ရေးတံတား၌ တံတားလုံခြုံရေးတာဝန်ထမ်းဆောင်နေသာ နယ်မြေခံတပ်မှ ဗိုလ်ကြီးမင်းသူခန့် ဦးစီးတပ်ဖွဲ့ဝင် ခုနစ်ဦးသည် လာအိုနိုင်ငံသို့ မူးယစ်ဆေးဝါးသယ်ဆောင်ရန်ရှိကြောင်း သတင်းအရ မြန်မာ-လာအိုချစ်ကြည်ရေးတံတားနှင့် မီတာ ၈၀၀ ခန့်အကွာ စက်လှေဆိပ်အနီး၌ ကင်းပုန်းဝပ်စောင့်ဆိုင်းနေစဉ် ဦးချာဆောင် (၄၆ နှစ်) ကျာခမ်းဆောင်ကျေးရွာ ကျိုင်းလပ်မြို့နေသူအား လုံခြုံရေးအဖွဲ့မှ မသင်္ကာသဖြင့် ခေါ်ယူစစ်ဆေးခဲ့ရာ ၎င်းကိုင်ဆောင်လာသော ပီနံအိတ်အတွင်းမှ မူးယစ်ဆေးဝါးဟု ယူဆရသော အထုပ်များ တွေ့ရှိရသဖြင့် ကျိုင်းလပ်နယ်မြေရဲစခန်းမှူး ရဲအုပ်တင်လင်းမောင် ဦးစီးတပ်ဖွဲ့ဝင်များ၊ အမှတ်(၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် တံတားရဲကင်းမှူး ရဲအုပ်ဇော်ခင်တို့ရှေ့မှောက်တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်း၍ ဖွင့်ဖောက်စစ်ဆေးခဲ့ရာ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၆၆၈ ပြားခန့် (အလေးချိန် ၁၂၆ ဒသမ ၆၈ ဂရမ်) ခန့်မှန်းတန်ဖိုး ၃၁၆၇၀၀၀၀ ကျပ်အား သိမ်းဆည်းရမိသည်။

အမှုမှ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ လက်ဝယ်တွေ့ရှိသူ ဦးချာဆောင် (၄၆ နှစ်)အား ကျိုင်းလပ်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။
**(၁၁၁)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဆောင်ရွက်

**နေပြည်တော် မေ ၃၁**
ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ယာဉ်မတော်တဆမှု လျော့နည်းကျဆင်းရေးနှင့် ပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာများ ရရှိစေရေးတို့အတွက် အမှတ်(၁) ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲ နေပြည်တော်မှ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များသည် ဝန်ကြီးဌာန/ရုံးများ၊ စာသင်ကျောင်းများ၊ ယာဉ်မောင်းသင်တန်းများ၊ ရပ်ကွက်/ကျေးရွာများနှင့် ကားဂိတ်/ဆိုင်ကယ် ကယ်ရီဂိတ်များသို့ သွားရောက်ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးခြင်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

အမှတ်(၁) ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲမှ ဒုရဲအုပ်ဌေးလွင် ဦးစီး(၁+၃) ဦးသည် နေပြည်တော် ရဲတပ်ဖွဲ့၏ မှုခင်းပညာပေးယာဉ်ဖြင့် လိုက်ပါ၍ ပျဉ်းမနားမြို့နယ် အာဟာရသုခဈေး အနီး၌ လာရောက်လေ့လာသူ ပြည်သူ ၈၀ တို့အား ယနေ့ နံနက် ၉ နာရီတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ပြခန်းများ ရှင်းလင်းပြသကာ ပညာပေးဟောပြောခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။
**(ယာဉ်ထိန်းရဲတပ်ဖွဲ့)**



## မြန်အောင်မြို့နယ်တွင် လူတစ်ဦး မိုးကြိုးထိမှန်သေဆုံး

**မြန်အောင် မေ ၃၁**
ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် မြန်အောင်မြို့နယ်တွင် မေ ၃၀ ရက် မွန်းတည့် ၁၂ နာရီခန့်က မိုးသည်းထန်ပြီး လေပြင်းတိုက်ခတ်ခဲ့ခြင်းကြောင့် တယ်ကုန်းကျေးရွာအုပ်စုရှိ ကျေးရွာနှစ်ရွာတွင် နေအိမ်ကိုးလုံးပြိုကျပျက်စီးပြီး နေအိမ် ၂၃ လုံးတွင် အမိုးအကာများပျက်စီးခြင်း၊ မြစ်ကျိုးကျေးရွာအုပ်စု မာလကုကုန်းကျေးရွာတွင် နေအိမ်တစ်လုံးပြိုကျပျက်စီးပြီး နေအိမ် ၁၂ လုံးတွင် အမိုးအကာများပျက်စီးခဲ့ခြင်း၊ ကြက်ခြံတစ်ခြံ ပြိုကျပျက်စီးခြင်းနှင့် ဈေးဆိုင်နှစ်ဆိုင်တွင် အမိုးအကာများပျက်စီးခြင်းတို့ဖြစ်ပွားခဲ့သည်။

ပေါက်ကုန်းစွန်းကျေးရွာအုပ်စု ပေါက်ကုန်းစွန်းကျေးရွာတွင် နေအိမ်တစ်လုံး၊ ဂုံညှင်းတန်းကျေးရွာတွင် ၂၁ လုံး၊ ကရင်ကုန်းကျေးရွာတွင် လေးလုံး၊ ပျိုးခင်းချောင်ကျေးရွာတွင် ကိုးလုံး၊ ရွာသစ်ကုန်းကျေးရွာတွင် ၁၀ လုံး၊ လေးတူးကျေးရွာအုပ်စု လေးတူးကြီးကျေးရွာတွင် လေးလုံး၊ လေးတူးလေးကျေးရွာတွင် ၁၁ လုံးတို့ အမိုးအကာများပျက်စီးခဲ့ပြီး ရွှေကျင်ကျေးရွာအုပ်စု ကျူတောလေးကျေးရွာတွင် ဦးမြင့်လွင် (၄၆)နှစ်သည် လယ်ကွင်းပြင်ရှိ စပါးပျိုးခင်း၌ ပျိုးကြဲနေစဉ် မိုးကြိုးထိမှန်သဖြင့် နေရာတွင်ပင် သေဆုံးသွားသည်။
**(မြို့နယ်ပြန်/ဆက်)**

## သစ်တင်ယာဉ်အား ဆီဘောက်ဆာယာဉ်ကဝင်တိုက်၊ ယာဉ်မောင်းသေဆုံး

**တောင်ငူ မေ ၃၁**
ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ မြို့သစ်နယ်မြေရဲစခန်းအပိုင်၌ မေ ၃၁ ရက် နံနက် ၂ နာရီခန့်က ရန်ကုန်-မန္တလေးကားလမ်းဟောင်း တပင်ရွှေထီးရပ်ကွက် မိုင်တိုင် (၁၈၄/၇) အနီးတွင် ထက်ပိုင် (၂၆) နှစ် စိုးလွင်အောင်ကုမ္ပဏီဝင်း ရပ်စောက်မြို့နေသူ မောင်းနှင်လာသော ယာဉ်အမှတ် ၄င/. . . . ၂၂ ဘီး သစ်တင်တွဲကားသည် ကားလမ်းမဘေးတွင်ရပ်၍ ပြင်ဆင်နေစဉ် စောဆာလောလ (၃၀) နှစ် ကျုံပျော်မြို့နေသူမောင်းနှင်လာသော ယာဉ်အမှတ် 1N/. . . . . ၂၂ ဘီး ဆီဘောက်ဆာယာဉ်က ဝင်တိုက်ခဲ့ရာ စောဆာလောလမှာ နေရာတွင်ပင်သေဆုံးခဲ့ပြီး ယာဉ်မှာ ဦးခေါင်းကြေမွပျက်စီးခဲ့ရာ ခန့်မှန်းတန်ဖိုး ကျပ်သိန်း ၂၀ ခန့် ပျက်စီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တောင်ငူမြို့သစ်ရဲစခန်းမှ ယာဉ်အား မဆင်မခြင်မောင်းနှင်သူ စောဆာလောလအား အရေးယူထားကြောင်း သိရသည်။
**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

# နှစ်နှစ်အတွင်း ဝင်းဂါး အဖြေရှာပေးရတော့မယ့် အာဆင်နယ်ရဲ့ ပရီမီယာလိဂ်ဖလား ပုစ္ဆာ

မေလှသင်း - စုစည်းသည်






အာဆင်နယ်အသင်းက နည်းပြ ဝင်းဂါးကိုပေါင် ၁၆ သန်းတန် နှစ်နှစ်သက်တမ်းတိုးစာချုပ်ကို ထပ်မံချုပ်ဆိုလိုက်ပါတယ်။ အာဆင်နယ် အဓိကရှယ်ယာရှင် ခရွန်ကီနဲ့ ဝင်းဂါးတို့ တနင်္လာနေ့ တွေ့ဆုံပြီးနောက် မေ ၃၀ ရက်က ပြုလုပ်တဲ့ အာဆင်နယ်ဘုတ်အဖွဲ့အစည်းအဝေးမှာ အစောပိုင်းက ကမ်းလှမ်းထားပြီးဖြစ်တဲ့ နှစ်နှစ်စာချုပ်ကို ထပ်မံအတည်ပြုဖို့ သဘောတူလိုက်တာ ဖြစ်ပါတယ်။ ဝင်းဂါးကို နည်းပြအဖြစ် ဆက်လက်ခန့်အပ်ဖို့ နည်းပြဘုတ်အဖွဲ့ဝင်တွေက မဲပေးရာမှာ ထောက်ခံမဲ ၅၈ ရာခိုင်နှုန်း၊ ကန့်ကွက်မဲ ၄၁ ရာခိုင်နှုန်းနဲ့ ကြားနေမဲ တစ်ရာခိုင်နှုန်း ရှိခဲ့တာပါ။ ဒါပေမယ့် ဒီစာချုပ်သစ်ဟာ ကန့်ကွက်မှုတွေ အများကြီးကြားထဲက ဖြစ်တည်လာခဲ့တာဖြစ်ပြီး ဒီစာချုပ်ကို ကမ်းလှမ်းခဲ့တဲ့ အာဆင်နယ်ရော လက်မှတ်ရေးထိုးခဲ့တဲ့ ဝင်းဂါးပါ အာဆင်နယ်အသင်း နှစ်ပေါင်းများစွာ ရှာမတွေ့ခဲ့တဲ့ ပရီမီယာလိဂ်ဖလားလက်မဲ့ ပုစ္ဆာရဲ့အဖြေကို ဒီနှစ်နှစ်အတွင်း မဖြစ်မနေရှာပေးဖို့ တာဝန်ရှိပါတယ်။

တိုက်တိုက်ဆိုင်ဆိုင်ဆိုသလိုပဲ ဝင်းဂါးနဲ့ အာဆင်နယ်တို့ သက်တမ်းတိုးမှုဟာ အာဆင်နယ်အနေနဲ့ နှစ် ၂၀ ကာလအတွင်း ထိပ်တန်း(၄)နေရာအပြင်ဘက်မှာ ပထမဦးဆုံး အဆုံးသတ်ခဲ့တဲ့ ရာသီအပြီးဖြစ်နေတာပါ။ ဒီတော့ ဘယ်လိုအကြောင်းတရားတွေကိုကြည့်ပြီး ဝင်းဂါးကို သက်တမ်းတိုးခဲ့ပါသလဲ။ အင်္ဂလန်မီဒီယာတွေကတော့ ခရွန်ကီဟာ သူ့ရဲ့ဘဏ်စာရင်းထဲ ဒေါ်လာသန်းပေါင်း မြောက်မြားစွာ တိုးပွားအောင် ရှာဖွေပေးနေတဲ့ဝင်းဂါးကို လက်မလွှတ်လိုခြင်းက အခုစာချုပ်ကို ဖြစ်ပေါ်လာစေတဲ့ အဓိကအကြောင်းတရားလို့ ရေးသားကြပါတယ်။

ဒါပေမယ့် ဒီအချက်က ဝင်းဂါးရဲ့ အနာဂတ်ကို သက်ရောက်မှုရှိခဲ့ပေမယ့် အက်ဖ်အေဖလားမှာ ချယ်လ်ဆီးလို အသင်းမျိုးကို အနိုင်ကစားပြီး ချန်ပီယံဖြစ်အောင် စွမ်းဆောင်ပြနိုင်ခဲ့တာကြောင့် ဘုတ်အဖွဲ့ဝင်တွေရဲ့ ယုံကြည်မှုကို ပြန်လည်ရရှိခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် ရေရှည်စီမံကိန်းတွေ တစ်ဝက်တစ်ပျက်ဖြစ်နေဆဲ အနေအထား၊ ဝင်းဂါးနေရာကို ဘယ်သူအစားထိုးမလဲဆိုတာ တိတိကျကျအဖြေထုတ်နိုင်ခြင်းမရရှိသေးတာတွေက နောက်ကွယ်က အကြောင်းတရား ဖြစ်ပါတယ်။ အာဆင်နယ်ဟာ ဂျူဗင်တပ်နည်းပြ အယ်လီဂရီ၊ အက်သလက်တီကိုနည်းပြ ဆီမွန်နီ၊ မိုနာကိုနည်းပြ ဂျာဒင်တို့ကို အနာဂတ်နည်းပြလောင်းအဖြစ် ရည်မှန်းထားပေမယ့် တကယ်တမ်းမှာ ဒီနည်းပြတွေကိုလည်း ချက်ချင်းလက်ငင်းခေါ်ဖို့ မလွယ်သေးပါဘူး။ ဒါကြောင့် ဝင်းဂါးကို နှစ်ရာသီ ဆက်လက်ကိုင်တွယ်ခိုင်းခြင်းကသာ လျှင် လက်ရှိ ပစ္စုပ္ပန်အတွက် အကောင်းဆုံးဖြစ်မယ်လို့ ယူဆပြီး မျက်စိမှိတ်ဆုံးဖြတ်လိုက်ကြတာ ဖြစ်ပါတယ်။

အာဆင်နယ် ကစားသမားဟောင်း အီယန်ရိုက်ကတော့ ဝင်းဂါးကို သက်တမ်းတိုးလိုက်နိုင်ခြင်းက အာဆင်နယ်ဘုတ်အဖွဲ့ဝင်တွေရဲ့ မှန်ကန်တဲ့ ဆုံးဖြတ်ချက်ဖြစ်ပြီး ဘာမှ အဆင်သင့်မဖြစ်သေးတဲ့ အနေအထားမှာ ဝင်းဂါးကို ထုတ်ပယ်လိုက်ရင် အာဆင်နယ်အသင်း ဖရိုဖရဲဖြစ်ကျန်ခဲ့တာကလွဲရင် ဘာတစ်ခုမှ ကောင်းလာဖို့ မရှိဘူးလို့ သူ့အမြင်ကို ပြောပါတယ်။ ဒါပေမယ့် ဂယ်ရီလိုင်နီကာကတော့ "ခင်ဗျားတို့ ချန်ပီယံလိဂ်ဝင်ခွင့်မရဘဲ ဂရစ်ဇ်မန်းလို ထိပ်တန်းကစားသမားကိုခေါ်လို့ရမယ်များ ထင်နေသလား။ ဒါမှမဟုတ်ရင် အခြားအသင်းထက် လစာကို ပိုသုံးရင်တော့ ရနိုင်ပါလိမ့်မယ်။ ကစားသမားကောင်းတွေရဖို့ ဒီနည်းလမ်းတစ်ခုပဲရှိတယ်"လို့ အာဆင်နယ်ရဲ့ ကစားသမားခေါ်ယူမှုအပိုင်းကို သုံးသပ်ခဲ့ပါတယ်။

ဝင်းဂါးကတော့ လာမယ့်ရာသီမှာ အာဆင်နယ်ဟာ ချယ်လ်ဆီး၊ စပါး၊ မန်ယူ၊ မန်စီးတီးနဲ့ လီဗာပူးအသင်းတွေကို အကောင်းဆုံးယှဉ်ပြိုင်ပြီး ၁၃ နှစ်ကြာ ဝေးကွာခဲ့တဲ့ ပရီမီယာလိဂ်ဖလားကို ရယူမယ်လို့ ကြွေးကြော်လိုက်ပါတယ်။ ဝင်းဂါးအုပ်စိုးခဲ့တဲ့ နှစ် ၂၀ ကျော်ကာလအတွင်း အာဆင်နယ်ရဲ့ အဓိကပြိုင်ဘက်တွေ ဖြစ်ခဲ့တဲ့ မန်ယူ၊ ချယ်လ်ဆီး၊ မန်စီးတီးနဲ့ လီဗာပူးအသင်းတွေမှာ မန်နေဂျာပေါင်း ၄၂ ဦး အထိ ပြောင်းလဲခန့်အပ်ခဲ့ပြီးပါပြီ။ ဒီကာလအတွင်း လီဗာပူးဟာ ပရီမီယာလိဂ်ဖလား မရရှိခဲ့ပေမယ့် ချန်ပီယံလိဂ်လို ဥရောပအမြင့်မားဆုံး ဆုဖလားတစ်ကြိမ် ရယူပြနိုင်ခဲ့ပြီး မန်ယူက ပရီမီယာလိဂ်ဖလား ၁၀ ကြိမ်၊ ချယ်လ်ဆီးက ငါးကြိမ်၊ မန်စီးတီးက နှစ်ကြိမ်ရယူနိုင်ခဲ့ကြတာပါ။ မန်ယူဟာ နည်းပြပိုင်းအပြောင်းအလဲဖြစ်ပြီး နောက် ပရီမီယာလိဂ် ချန်ပီယံပြန်မဖြစ်သေးပေမယ့် ချယ်လ်ဆီးကတော့ မတူညီတဲ့ နည်းပြတွေရဲ့ လက်အောက်မှာ ပရီမီယာလိဂ်ဖလားကို ငါးကြိမ်တိုင်ရယူနိုင်ခဲ့တာဖြစ်ပါတယ်။

အာဆင်နယ်အနေနဲ့ အခုထိ ဘယ်ကစားသမားကိုမှ ရေရေရာရာ မခေါ်ယူနိုင်သေးပေမယ့် မာရက်ဇ်ကို ပေါင်သန်း ၄၀၊ အခြားတိုက်စစ်ကစားသမား၊ ခံစစ်ကစားသမားတစ်ဦး ထပ်ခေါ်မယ်လို့ သတင်းထွက်နေပါတယ်။ ဒါ့အပြင် ဘယ်လ်ဂျီယံလိဂ် ထိပ်တန်းဂိုးသွင်းရှင်ဖြစ်တဲ့ နိုင်ဂျီးရီးယားလူငယ်ကစားသမားလေး ဟင်နရီအိုကာယူကက်နဲ့ သဘောတူညီချက်ရပြီးပြီလို့ သတင်းထွက်နေပါတယ်။ ဝင်းဂါးကတော့ အာဆင်နယ်ရဲ့ လက်ရှိ လူစာရင်းနဲ့တင် ပရီမီယာလိဂ်ဖလားရရှိအောင် စွမ်းဆောင်နိုင်တယ်လို့ဆိုခဲ့ပြီး ချယ်လ်ဆီးကို အနိုင်ရရှိခဲ့တဲ့ အက်ဖ်အေဖလားပြိုင်ပွဲကိုကြည့်ပြီး ဒီအချက်မှန်တယ်ဆိုတာကို အဖြေထုတ်နိုင်တယ်လို့ ထောက်ပြပါတယ်။

ဝင်းဂါးဟာ အာဆင်နယ်ကို ကိုင်တွယ်ခဲ့တဲ့ နှစ် ၂၀ ကျော်ကာလမှာ ကစားသမား ၁၆၂ ဦးအတွက် ပေါင်သန်း ၇၀၀အသုံးပြုခဲ့ပြီးဖြစ်ပါတယ်။ ဒီကာလအတွင်း ချန်ပီယံဖလား ၁၆ လုံးကို ရယူနိုင်ခဲ့ပြီးဖြစ်ပေမယ့် ပရီမီယာလိဂ်ဖလားမရတာ ၁၃ နှစ်ကြာပါပြီ။ သူ့ရဲ့ နည်းပြသက်တမ်း ပထမ ၁၀ နှစ်အတွင်းမှာ ပရီမီယာလိဂ်သုံးလုံး၊ အက်ဖ်အေဖလား လေးလုံးရယူနိုင်ပြီး အင်္ဂလန်ရဲ့သမိုင်းမှာ အအောင်မြင်ဆုံး နိုင်ငံခြားသားနည်းပြတစ်ဦးအဖြစ် မှတ်တမ်းဝင်ထားခဲ့သူပါ။ ဒါပေမယ့် နောက်ပိုင်းနှစ်တွေမှာတော့ အာဆင်နယ်ရဲ့ အနေအထားဟာ အကျဘက်ကို ဦးတည်လာပြီး ပရိသတ်တွေက ဝင်းဂါးအပေါ်ထားခဲ့တဲ့ ချစ်ခြင်းတွေနေရာမှာ ဆန့်ကျင်မှုတွေ၊ ဒေါသတွေသာ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးလာတဲ့ အနေအထားအဖြစ် ပြောင်းသွားပါတယ်။

ဆန့်ကျင်မှုတွေရှိနေတဲ့ကြားက အခုလို ဝင်းဂါးအပေါ် သက်တမ်းတိုးစာချုပ်ချုပ်ဆိုလိုက်ခြင်းက ပရိသတ်တွေရဲ့ ဆန္ဒကိုဆန့်ကျင်ရာရောက်ပြီး လာမယ့်ရာသီမှာသာ အာဆင်နယ်အသင်း ရလဒ်မကောင်းရင် အရင်ကထက် ဆန့်ကျင်မှုတွေ ပိုမိုတိုးလာနိုင်တယ်ဆိုတာ ကြိုတွက်လို့ရပါတယ်။ အာဆင်နယ်အသင်းရဲ့ ထူးခြားချက်က ရာသီအစဆို ခြေစွမ်းပိုင်းကောင်းမွန်တည်ငြိမ်ပြီး ဒီဇင်ဘာ၊ ဇန်နဝါရီကာလကစလို့ ခြေစွမ်းပိုင်းယိမ်းယိုင်လာကာ ရာသီသိမ်းခါနီးရောက်မှ အကောင်းမွန်ဆုံး ခြေစွမ်းကို ပြန်လည် မြင်တွေ့ရတာဖြစ်ပါတယ်။ ဒီလို နှစ်စဉ်နှစ်တိုင်း တူညီတဲ့ အခြေအနေနဲ့ ပရီမီယာလိဂ်ဖလားလွဲချော်နေတာဟာ ကစားသမားအရန်အင်အားမပြည့်စုံမှု၊ အသင်းကို ဦးဆောင်နိုင်မယ့် ကစားသမားမရှိဘဲ အကုန်လုံးဟာ တန်းတူရည်တူ အရည်အချင်းလောက်ပဲရှိကြတာ၊ ကစားသမားတွေမှာ အနိုင်ရလိုစိတ် ပြင်းထန်မှုမရှိတာတွေက အာဆင်နယ်အသင်းရဲ့ ၁၃ နှစ်ကြာ ပရီမီယာလိဂ်ကပ်ဘေးကိုထပ်ကာတလဲလဲ ကြုံတွေ့စေတဲ့ အကြောင်းတရားတွေ ဖြစ်နေပါတယ်။

ဝင်းဂါးကတော့ ဘီဘီစီရေဒီယိုနဲ့ တိုက်ရိုက်ဆွေးနွေးခန်းမှာ သူ့အပေါ်ဆန့်ကျင်မှုတွေဟာ သူ့ဘဝမှာ ဘယ်တော့မှ မမေ့နိုင်တဲ့အကြောင်းတရား ဖြစ်နေမှာဖြစ်ပြီး ဒီလိုဆန့်ကျင်မှုတွေကို ရပ်တန့်ဖို့ သူကိုယ်တိုင်ပဲ အဖြေထုတ်မယ်လို့ ဖြေကြားခဲ့ပါတယ်။ ပရိသတ်တွေရဲ့ ဆန့်ကျင်မှုတွေဟာ အိမ်ကွင်း၊ အဝေးကွင်းမရွေးဖြစ်ခဲ့သလို ကွင်းထဲမှာ လမ်းပေါ်မှာ စသဖြင့် နေရာစုံမှာ ဖြစ်ခဲ့တာပါ။ ဘလက်ဘန်းနဲ့ ဆဲလ်တစ်တိုက်စစ်မှူးဟောင်း ဆက်တန်က ဝင်းဂါးဟာ ပါတီပွဲကနေ မထွက်ချင်တဲ့ ဦးလေးကြီး တစ်ယောက်လို ဖြစ်နေပြီး အပြောင်းအလဲ မလုပ်လိုတာကြောင့် အာဏာရှင်ပုံစံမျိုးဖြစ်နေတယ်လို့ ဝေဖန်ခဲ့ပါသေးတယ်။

ဒါပေမယ့် ဒီလို ဝေဖန်မှုတွေ၊ ဆန့်ကျင်မှုတွေကို ရပ်တန့်မယ့်သူဟာလည်း သူကိုယ်တိုင်ပဲ ဖြစ်ရမယ်လို့ သန္နိဋ္ဌာန် ချထားတဲ့ ဝင်းဂါးအနေနဲ့ ဒီစကားတည်အောင် ကြိုးပမ်းပြဖို့ လိုအပ်နေပါပြီ။ ဒါပေမယ့် ချန်ပီယံလိဂ်ဝင်ခွင့်လွဲချော်ခြင်းရဲ့ နောက်ဆက်တွဲ ဆိုးကျိုးတွေအဖြစ် အသင်းရဲ့ ထိပ်တန်းကစားသမားတွေကို ထွက်ခွာမသွားအောင် စည်းရုံးရေး၊ ကစားသမားသစ်များ လာရောက်ကစားချင်အောင်ဆွဲဆောင်ရေးအပြင် ဘောလုံး ဒါရိုက်တာ ခန့်အပ်ရေးကိစ္စရပ်တွေကိုပါ အရင်ကထက် အားထုတ်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ သချောတာက ဂုဏ်သိက္ခာအဖတ်ဆယ်ဖို့ အစွမ်းကုန်ပေးဆပ်ချင်တယ်ဆိုရင် လွန်ခဲ့တဲ့ ၁၃ နှစ်အတွင်း ကျရှုံးမှုတွေထဲကနေ ဖောက်ထွက်ပြီး ချဉ်းကပ်နည်းသစ်တစ်ခုကိုတော့ ရှာဖွေရပါလိမ့်မယ်။ ဒီလိုမှမဟုတ်ရင်တော့ ဒီနှစ်နှစ်မှာလည်း အချိန်ကုန်သွားတာပဲရှိပြီး ပရိသတ်တွေစွပ်စွဲသလို ဝင်းဂါးဟာ အာဆင်နယ်ကို တစ်နှစ်ထက်တစ်နှစ် အကျဘက်ကိုဆွဲခေါ်သွားတဲ့ အာဏာရှင်နည်းပြဆိုတဲ့အချက်မှန်ကန်တယ်ဆိုတာ သက်သေပြသွားသလို ဖြစ်ပါလိမ့်မယ်။ ဒီတော့ လာမယ့်ရာသီ အာဆင်နယ် ဘာတွေပြောင်းလဲသွားမလဲ၊ ဘာတွေကို ဘယ်လို အသစ် ပြန်တည်ဆောက်မလဲဆိုတာ စိတ်ဝင်တစား စောင့်ကြည့်ရင်းနဲ့ . . .။ ။

**ဝင်းဂါးကတော့ လာမယ့်ရာသီမှာ အာဆင်နယ်ဟာ ချယ်လ်ဆီး၊ စပါး၊ မန်ယူ၊ မန်စီးတီးနဲ့ လီဗာပူးအသင်းတွေကို အကောင်းဆုံးယှဉ်ပြိုင်ပြီး ၁၃ နှစ်ကြာ ဝေးကွာခဲ့တဲ့ ပရီမီယာလိဂ်ဖလားကို ရယူမယ်လို့ ကြွေးကြော်လိုက်ပါတယ်။ ဝင်းဂါးအုပ်စိုးခဲ့တဲ့ နှစ် ၂၀ ကျော်ကာလအတွင်း အာဆင်နယ်ရဲ့ အဓိကပြိုင်ဘက်တွေ ဖြစ်ခဲ့တဲ့ မန်ယူ၊ ချယ်လ်ဆီး၊ မန်စီးတီးနဲ့ လီဗာပူးအသင်းတွေမှာ မန်နေဂျာပေါင်း ၄၂ ဦး အထိ ပြောင်းလဲခန့်အပ်ခဲ့ပြီးပါပြီ။ ဒီကာလအတွင်း လီဗာပူးဟာ ပရီမီယာလိဂ်ဖလား မရရှိခဲ့ပေမယ့် ချန်ပီယံလိဂ်လို ဥရောပအမြင့်မားဆုံး ဆုဖလားတစ်ကြိမ် ရယူပြနိုင်ခဲ့ပြီး မန်ယူက ပရီမီယာလိဂ်ဖလား ၁၀ ကြိမ်၊ ချယ်လ်ဆီးက ငါးကြိမ်၊ မန်စီးတီးက နှစ်ကြိမ် ရယူနိုင်ခဲ့ကြတာပါ။ မန်ယူဟာ နည်းပြပိုင်းအပြောင်းအလဲဖြစ်ပြီးနောက် ပရီမီယာလိဂ် ချန်ပီယံပြန်မဖြစ်သေးပေမယ့် ချယ်လ်ဆီးကတော့ မတူညီတဲ့နည်းပြတွေရဲ့ လက်အောက်မှာ ပရီမီယာလိဂ်ဖလားကို ငါးကြိမ်တိုင်ရယူနိုင်ခဲ့တာဖြစ်ပါတယ်။**

# မန္တလေးရပ်ဝန်းသတင်းများ

## စစ်ကိုင်းတိုင်းဒေသကြီး၌ကျောင်းအပ်နှံရေးနေ့အခမ်းအနားကျင်းပ

**စစ်ကိုင်း မေ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများ၏ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မုံရွာမြို့ ခရိုင်စီမံခန့်ခွဲမှုကော်မတီရုံး မြသလ္လာခန်းမ၌ မေ ၂၉ ရက် နံနက် ၈ နာရီက ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာမြင့်နိုင်နှင့်ဇနီး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ အခြေခံပညာ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံ၊ ကျောင်းသုံးပုံနှိပ်စာအုပ်၊ ကျောင်းသုံး ဗလာစာအုပ်များကိုလည်းကောင်း၊ အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းသုံး ပုံနှိပ်စာအုပ်များကိုလည်းကောင်း အသီးသီးထောက်ပံ့ပေးအပ်ကြသည်။

အခမ်းအနားတွင် အခြေခံပညာ KG တန်းမှ စတုတ္ထတန်းအထိ ကျောင်းဝတ်စုံ ၅၈၆၄၉၂ စုံ၊ ဗလာစာအုပ် ၇၁၈၃၀၆ ဒါဇင်၊ ပုံနှိပ်စာအုပ်များအဖြစ် ပထမတန်းအတွက် အစုံ ၁၄၄၀၈၀၊ ဒုတိယတန်းအတွက် ၁၃၄၃၃၃ စုံ၊ တတိယတန်းအတွက် ၁၃၃၇၁၅ စုံ၊ စတုတ္ထတန်းအတွက် ၁၂၆၅၀၇ စုံအားလည်းကောင်း၊ ပဉ္စမတန်းအတွက် ၁၁၈၆၉၇ စုံ၊ ဆဋ္ဌမတန်းအတွက် ၁၀၉၇၈၄ စုံ၊ သတ္တမတန်းအတွက် ၁၀၂၆၀၅ စုံ၊ အဋ္ဌမတန်းအတွက် ၉၀၉၁၅ စုံ၊ နဝမတန်းအတွက် ၈၀၇၈၁ စုံနှင့် ဒသမတန်းအတွက် အစုံ ၅၇၆၇၀ အားထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သူငယ်တန်းကျောင်းဝင်နှုန်းသည် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် ၉၉ ဒသမ ၅၇ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ၉၉ ဒသမ ၉၀ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ကြောင်း၊ အတန်းကူးပြောင်းမှုနှုန်းတွင် မူလတန်းအဆင့်မှ အလယ်တန်းအဆင့်သို့ ၉၂ ရာခိုင်နှုန်းနှင့်အထက် ကူးပြောင်းနိုင်ကြောင်းနှင့် အလယ်တန်းမှ အထက်တန်းအဆင့်သို့ ကူးပြောင်းမှုတွင် ၉၇ ရာခိုင်နှုန်းအထိရှိကြောင်း တိုင်းဒေသကြီး အခြေခံပညာဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**





## မန္တလေးတိုင်းဒေသကြီး လွှတ်တော်သစ် တည်ဆောက်ပြီးစီး လွှတ်တော်ရေးရာကော်မတီရုံး၊ ကိုယ်စားလှယ်အိပ်ဆောင်များပါဝင်

**မန္တလေး မေ ၃၁**

မန္တလေးတိုင်းဒေသကြီး လွှတ်တော်သစ်ကို မန္တလေးခရိုင်အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်မန္တလေး-မတ္တရာကားလမ်းအနီးတွင် ၂၀၁၅ ခုနှစ် လယ်ပိုင်းမှ စတင်တည်ဆောက်ခဲ့ရာ ၂၀၁၇ ခုနှစ် မေနောက်ဆုံးပတ်တွင် တည်ဆောက်မှု ၉၀ ရာခိုင်နှုန်း ပြီးစီးလျက်ရှိပြီး ခေတ်လှေကားတပ်ဆင်ရန်သာ ကျန်ရှိတော့သည်။ မန္တလေးတိုင်းဒေသကြီး လွှတ်တော်သစ်ကြီးတွင် လွှတ်တော်ခန်းမဆောင်၊ လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌရုံးခန်းများ၊ ဧည့်ခန်းမ၊ လွှတ်တော်ရေးရာကော်မတီရုံးခန်းများ၊ မြို့နယ်များမှ လာရောက်သည့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များအတွက် အိပ်ဆောင်များ၊ လုံခြုံရေးဂိတ်၊ ယာဉ်ရပ်နားရန်နေရာများ ပါဝင်တည်ဆောက်ထားသည်။ လွှတ်တော်ရုံးလုပ်ငန်းများကို ယခင်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့သော်လည်း ၂၀၁၇-၂၀၁၈ ခုနှစ်မှစတင်ပြီး လွှတ်တော်ရုံးဖွဲ့စည်းပုံဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

မန္တလေး တိုင်းဒေသကြီး လွှတ်တော်သစ်သည် မြန်မာမှုအနုပညာများဖြင့် အလှဆင်ထားပြီး မန္တလေးတောင်အနီးတွင် တည်ရှိသဖြင့်မန္တလေးမြို့ပြယုဒ် အဆောက်အအုံသစ်ကြီးဖြစ်ကြောင်းသိရသည်။

**သီဟကိုကို(မန္တလေး)**

## ငြိမ်းချမ်းရေးအတွက် စီးပွားရေးလုပ်ငန်းများဟောပြောဆွေးနွေး

**ချမ်းအေးသာစံ မေ ၃၁**

မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် United Nations Global Network Myanmar တို့ စီစဉ်ကျင်းပသော ငြိမ်းချမ်းရေးအတွက် စီးပွားရေးလုပ်ငန်းများ Business for Peace-B4P ဟောပြောဆွေးနွေးပွဲကို မေ ၂၉ ရက် မွန်းလွဲ ၁ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၇၈)လမ်းနှင့် (၃၄)လမ်းထောင့်၊ ရတနာပုံစူပါစင်တာ စတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက မြန်မာပြည်သူလူထု၏ ရေရှည်တည်တံ့သည့် လူမှုစီးပွားဘဝဖြစ်စေရေး ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေး ဝိုင်းဝန်းဖော်ဆောင်ရန်ရည်ရွယ်၍ Business for Peace-B4P ဟောပြော ဆွေးနွေးပွဲကျင်းပရခြင်းရည်ရွယ်ချက်ကိုရှင်းလင်းပြောကြားပြီးမန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးအောင်သန်းက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပါမောက္ခဒေါက်တာ အောင်ထွန်းသက်က ငြိမ်းချမ်းရေးအတွက်စီးပွားရေးလုပ်ငန်းများ ဟောပြောဆွေးနွေးပြီး တက်ရောက်လာသူများ၏သိလိုသော မေးခွန်းများကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဦးမြတ်သူ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းကျော်ဇော၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**မောင်ပြည်သူ(မန္တလေး)**

# ဆေးရွက်ကြီးအစား အခြားသင့်လျော်သည့်သီးနှံများ အစားထိုးစိုက်ပျိုးရန်လိုအပ်

**မုံရွာ မေ ၃၁**

ဆေးရွက်ကြီး စိုက်ပျိုးခြင်းအစား ဒေသအလိုက်အခြားသင့်လျော်သည့် သီးနှံများ အစားထိုးစိုက်ပျိုးရန်လိုသလို ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း ထုတ်လုပ်ဖြန့်ဖြူး ရောင်းချသူများအနေဖြင့် နိုင်ငံတော်မှပြဋ္ဌာန်းထားသော ဥပဒေနှင့် ညွှန်ကြားချက်များကို လိုက်နာရန်လိုအပ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက မေ ၃၀ ရက် နံနက် ၁၀ နာရီက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနခန်းမ၌ ကျင်းပသော ၂၀၁၇ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား၌ ပြောကြားသည်။

"အများပြည်သူတွေအနေနဲ့ ဆေးလိပ် ဆေးရွက်ကြီးရဲ့ အန္တရာယ်တွေကို သိရှိပြီးတဲ့နောက် ရှောင်ကြဉ်ကြဖို့ ဖြတ်နိုင်အောင်ကြိုးစားကြဖို့လိုပါတယ်။ ဆေးရွက်ကြီးစိုက်ပျိုးမှုအစား ဒေသအလိုက် သင့်လျော်တဲ့သီးနှံတွေ အစားထိုးစိုက်ဖို့လိုသလို ဆေးလိပ်နဲ့ဆေးရွက်ကြီးထွက် ပစ္စည်းထုတ်လုပ်ဖြန့်ဖြူး ရောင်းချသူတွေအနေနဲ့ နိုင်ငံတော်က ပြဋ္ဌာန်းထားတဲ့ ဥပဒေနဲ့ ညွှန်ကြားချက်တွေကို လိုက်နာဆောင်ရွက်ဖို့လိုပါတယ်" ဟု ဝန်ကြီး ဒေါက်တာ ဇော်ဝင်းက ပြောကြားသည်။

ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို ၂၀၀၆ ခုနှစ် မေ ၄ ရက်တွင် နိုင်ငံတော်က ပြဋ္ဌာန်းခဲ့ပြီး ၂၀၀၇ ခုနှစ် မေ ၄ ရက်တွင် အာဏာ စတင်တည်ပြီဖြစ်သော်လည်း လက်ရှိ ၁၀ နှစ်ကျော်ကာလတွင် ဥပဒေကို သိရှိနားလည်မှုလိုက်နာမှု အားနည်းနေသေးပြီး ကျောင်းသားလူငယ် လူရွယ်ကလေးများ ဆေးလိပ်၊ ဆေးရွက်ကြီး စတင်စမ်းသပ်သောက်သုံးခြင်းကို ထိရောက်စွာ ကာကွယ်နိုင်ရန်နှင့် လက်ရှိသုံးစွဲနေသူများအနေဖြင့် သုံးစွဲလိုစိတ်လျော့နည်းလာစေရန်ရည်ရွယ်၍ ဥပဒေကိုပြဋ္ဌာန်းထားသော်လည်း သိရှိနားလည်လိုက်နာမှု အားနည်းနေသေးကြောင်း ဝန်ကြီးက ဆက်လက်ပြောကြားသည်။

၂၀၁၇ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အထိမ်းအမှတ် အခမ်းအနား၌ လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက အဖွင့်အမှာစကားပြောကြားကာ စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာသံလွင်ထွန်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးထံမှ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် လေ့လာချက်များအရ ဆေးလိပ်သောက်သုံးမှု ၂၆ ရာခိုင်နှုန်းရှိသည်ကိုတွေ့ရပြီး အမျိုးသား ၄၄ရာခိုင်နှုန်း၊ အမျိုးသမီး ရှစ်ရာခိုင်နှုန်းသည် လက်ရှိဆေးလိပ်သောက်သုံးနေသူများ ဖြစ်သလို Smokeless Tobacco ဟုခေါ်သော ဆေးရွက်ကြီးပါသော ကွမ်းသုံးစွဲမှုသည် ၄၃ ရာခိုင်နှုန်းခန့်ရှိပြီး အမျိုးသား ၆၂ ရာခိုင်နှုန်းနှင့် အမျိုးသမီး၂၄ ရာခိုင်နှုန်း ရှိကြောင်း သိရသည်။

အရှေ့တောင်အာရှဒေသတွင်း နိုင်ငံများအနက် မြန်မာနိုင်ငံသည် Smokeless Tobacco သုံးစွဲမှု အများဆုံးဖြစ်နေသည်ကိုတွေ့ရသောကြောင့် ဆေးလိပ်သောက်သုံးမှုနှင့်အတူ ကွမ်းစားသုံးမှုကိုပါလျှော့ချနိုင်ရန် အားလုံးကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက သဝဏ်လွှာတွင်ထည့်သွင်းတိုက်တွန်းထားသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## အမရပူရမြို့နယ်ရှိစာသင်ကျောင်းများတွင် ခြင်ဆေးဖျန်း

**မန္တလေး မေ ၃၁**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ အမရပူရမြို့နယ်ရှိ စာသင်ကျောင်းများ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို စနစ်တကျလုပ်ဆောင်ပေးလျက်ရှိသည်။ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးနှင့် ခြင်ပေါက်ပွားမှုကင်းရေးအတွက် အဓိကဆောင်ရွက်လျက်ရှိသည်။ကျောင်းဖွင့်ချိန်တွင် ကျောင်းသား ကျောင်းသူများ ခြင်အန္တရာယ်ကင်းဝေးကာ ခြင်မှအစပြု၍ ဖြစ်တတ်သော ရောဂါများ ကင်းဝေးစေရန်အတွက် ဒေသခံတာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

လက်ရှိကာလတွင် အမရပူရမြို့နယ် ဥယျာဉ်တော်ကျေးရွာအတွင်းရှိ သရက်တန်းကျေးရွာစာသင်ကျောင်း၊ ရွာသစ်ကျေးရွာ စာသင်ကျောင်း ၊ ကမ္ဘဲ့ကျေးရွာစာသင်ကျောင်း၊ မြစ်ငယ် အ-ထ-က နှင့် အခြားကျောင်းများကို ခြင်ဆေးဖျန်းခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာနအနေဖြင့် အမှိုက်သန့်ရှင်းရေးဌာနခွဲ၊ မြောင်းသန့်ရှင်းရေးဌာနခွဲနှင့်အတူ ကျန်းမာရေးဌာနခွဲသုံးခုဖြင့် မြို့နေပြည်သူလူထုအကျိုးကို ဆောင်ရွက်လျက်ရှိသည်။ ကျန်းမာရေးဌာနခွဲသုံးခုအနေဖြင့် ကူးစက်ရောဂါ ရှိ-မရှိ ထောက်လှမ်းစုံစမ်းခြင်း၊ အစားအသောက် သန့်ရှင်းမှု ရှိ-မရှိ စစ်ဆေးခြင်း၊ သိမ်းဆည်းထားသောအမှိုက်များမှ တစ်ဆင့်ဘေးအန္တရာယ် ရှိ- မရှိစစ်ဆေးခြင်း၊ ဘေးအန္တရာယ်ဖြစ်ခြင်းနှင့် ပတ်ဝန်းကျင်အနှောင့်အယှက်ဖြစ်စေမည့် ကိစ္စများစုံစမ်းတင်ပြခြင်း၊ ခြင်၊ ယင်၊ ကြွက် နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကျန်းမာရေးပညာပေးလုပ်ငန်းများ၊ တောင်းရမ်းစားသောက်သူပပျောက်ရေးလုပ်ငန်းများနှင့် လူနေရပ်ကွက်များတွင် ခြင်ဆေးဖျန်းခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

**တိမ်တမန်**



## ညောင်ဦးမြို့နယ်အတွင်း အခြေခံပညာကျောင်း ၄၆ ကျောင်း အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ရရှိ

**ညောင်ဦး မေ ၃၁**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်း ယခု ၂၀၁၇ -၂၀၁၈ ပညာသင်နှစ်တွင် အခြေခံပညာကျောင်း ၄၆ ကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိခဲ့ကြောင်း ညောင်ဦးမြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ယခုနှစ် ညောင်ဦးမြို့နယ်အတွင်း အခြေခံပညာကျောင်း ၄၆ ကျောင်း အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ရရှိသည့်ကျောင်းများမှာ အခြေခံပညာ အထက်တန်းကျောင်းခွဲအဆင့်မှ အခြေခံပညာ အထက်တန်းကျောင်းအဆင့် တစ်ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်းအဆင့်မှ အခြေခံပညာ အထက်တန်းကျောင်းခွဲအဆင့် (နှစ်) ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းခွဲအဆင့်မှ အခြေခံပညာအလယ်တန်းကျောင်းအဆင့် ၂၆ ကျောင်း၊ အခြေခံပညာမူလွန်ကျောင်းအဆင့်မှ အခြေခံပညာ အလယ်တန်းကျောင်းခွဲအဆင့် ခြောက်ကျောင်း၊ အခြေခံပညာမူလတန်းကျောင်းအဆင့်မှ အခြေခံပညာမူလွန်အဆင့် သုံးကျောင်း၊ အခြေခံပညာမူလတန်းကျောင်းခွဲအဆင့်မှ အခြေခံပညာမူလတန်းကျောင်းအဆင့် ခုနှစ်ကျောင်းနှင့် ကိုယ့်အားကိုယ်ကိုးဖွင့်လှစ်သည့် စာသင်ကျောင်းအဆင့်မှ အခြေခံပညာ မူလတန်းကျောင်းခွဲအဆင့် (၁) ကျောင်း စုစုပေါင်း ၄၆ ကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ ညောင်ဦးမြို့နယ်အတွင်း အခြေခံပညာကျောင်းများ ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိခဲ့သည့်အတွက် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရေးအပိုင်းတွင် အချိန်ကုန်လူပင်ပန်းသာသာစေပြီး ပိုမိုအဆင်ပြေလာနိုင်မည်ဖြစ်ကြောင်း ညောင်ဦးမြို့နယ်ပညာရေးမှူးရုံးမှ ဒုတိယမြို့နယ်ပညာရေးမှူး ဦးအောင်ငွေးက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## မူးယစ်ဆေးစွဲသူများပြန်လည်ထူထောင်ရေးအသင်းရုံးခွဲဖွင့်

**နေပြည်တော် မေ ၃၁**
နေပြည်တော် ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ တွင် ပါဝင်ဆောင်ရွက်ခဲ့သူ စေတနာ လုပ်အားရှင်များအား ဂုဏ်ပြုခြင်း၊ အလှူငွေပေးအပ်ပွဲနှင့် မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ) နေပြည်တော်အသင်းခွဲရုံး(ယာယီ)ဖွင့်ပွဲ အခမ်းအနားကို မေ ၂၉ ရက် နံနက် ၈ နာရီက ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် နေပြည်တော်ကြက်ခြေနီရုံး၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ ဦးအေးမောင်စိန်နှင့် မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ) နေပြည်တော်အသင်းခွဲရုံးဥက္ကဋ္ဌ ဦးစံရှိန်တို့က အမှာစကားများ အသီးသီးပြောကြားကြသည်။

ဆက်လက်၍ တာဝန်ရှိသူများက ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရေးနှင့် ကယ်ဆယ်ရေး လုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်ခဲ့သူ စေတနာလုပ်အားရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခြင်း၊ အလှူရှင်များက အလှူငွေများ အသီးသီး ပေးအပ်ကြပြီး နေပြည်တော်ကောင်စီဝင်များနှင့် နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ရွှေသောင်းတို့က မူးယစ်ဆေးစွဲသူများပြန်လည်ထူထောင်ရေး အသင်း(မြန်မာ) နေပြည်တော်အသင်းခွဲရုံး(ယာယီ)အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

အဆိုပါ အခမ်းအနားကို နေပြည်တော် ကောင်စီဝင်များ၊ နေပြည်တော်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)၊ နေပြည်တော်အသင်းခွဲရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ခဲ့ကြသည်။

**သန့်မောင်**



## တရားဝင်သစ်တောထွက်ပစ္စည်းများ ဥပဒေနှင့်အညီ ကုန်သန်းရောင်းဝယ်ရေး သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှု တိုးမြှင့်ဆောင်ရွက်ခြင်း အလုပ်ရုံဆွေးနွေး

**မြစ်ကြီးနား မေ ၃၁**
မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂ (EU) တို့ ပူးပေါင်း၍ တရားဝင် သစ်တောထွက်ပစ္စည်းများ ဥပဒေနှင့်အညီ ကုန်သန်းရောင်းဝယ်ရေးဆိုင်ရာ ကောင်းမွန်သောသစ်တော စီမံအုပ်ချုပ်လုပ်ကိုင်မှု တိုးမြှင့်ဆောင်ရွက်ခြင်း (FLEGT-VPA) အလုပ်ရုံဆွေးနွေးပွဲကို မေ ၃၁ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြား၍ သစ်တောဦးစီးဌာန (နေပြည်တော်) မှ ညွှန်ကြားရေးမှူး ဦးကျော်ဇောက အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရသည့် ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်းချုပ်မှ အကြံပေး ဦးမျိုးမင်းက တရားဝင် သစ်တောထွက်ပစ္စည်းများ ဥပဒေနှင့်အညီ ကုန်သန်းရောင်းဝယ်ရေးဆိုင်ရာ ကိစ္စရပ်များအားလည်းကောင်း၊ မြန်မာနိုင်ငံ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ (ရန်ကုန်)မှ ဒုတိယရဲမှူးကြီးဝင်းထွန်းက မြန်မာနိုင်ငံအတွင်း တရားဝင်သစ်တောထွက်ပစ္စည်းများ ဥပဒေနှင့်အညီ ကုန်သန်းရောင်းဝယ်ရေးဆိုင်ရာ ကောင်းမွန်သော သစ်တော စီမံအုပ်ချုပ်လုပ်ကိုင်မှု တိုးမြှင့်ဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများအားလည်းကောင်း၊ မြန်မာ့သစ်လုပ်ငန်း (ရန်ကုန်)မှ မန်နေဂျာ ဒေါက်တာတင်တင်မြင့်က တရားဝင် သစ်ဖြစ်ကြောင်း အာမခံသည့်စနစ်နှင့် ပတ်သက်၍ လုပ်ငန်းများဆိုင်ရာတို့အားလည်းကောင်း၊ သစ်တောဦးစီးဌာန (နေပြည်တော်) ညွှန်ကြားရေးမှူး ဦးကျော်ဇောက အစိုးရအသစ်လက်ထက် သစ်တောကဏ္ဍ ပြုပြင်ပြောင်းလဲခြင်းဆိုင်ရာတို့အား ပရိုဂျက်တာဖြင့် အကျယ်တဝင့် ရှင်းလင်းတင်ပြကာ တက်ရောက်လာသူများမှ သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် ကချင်ပြည်နယ်အတွင်း တရားဝင် သစ်တောထွက်ပစ္စည်းများ ဥပဒေနှင့်အညီ ကုန်သန်းရောင်းဝယ်ရေးဆိုင်ရာ ကောင်းမွန်သောသစ်တောစီမံ အုပ်ချုပ်လုပ်ကိုင်မှု တိုးမြှင့်ဆောင်ရွက်ရာတွင် ပူးပေါင်းကူညီ ဆောင်ရွက်လျက်ရှိသည့် လူမှုရေးအသင်းအဖွဲ့များ သစ်အခြေခံ ပရိဘောဂ လုပ်ငန်းရှင်များအသင်းနှင့် သစ်တောဦးစီးဌာန ရုံးချုပ်တို့မှ တာဝန်ရှိသူများက ပုဂ္ဂလိကကဏ္ဍ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ လုပ်ငန်းစဉ်များကို အသီးသီး ရှင်းလင်းတင်ပြဆွေးနွေးကာ တင်ပြဆွေးနွေးမှုများအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးကြသည်။

အခမ်းအနားသို့ ပြည်နယ် တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်ဥပဒေချုပ် ဦးဒီဆင်ရမ်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ဥရောပသမဂ္ဂ (EU) မှ တာဝန်ရှိသူများ အရပ်ဘက်အဖွဲ့အစည်းများမှ ဖိတ်ကြားထားသူများ သတင်းမီဒီယာများမှ သတင်းထောက်များ စုစုပေါင်း အင်အား ၁၄၀ ခန့်တက်ရောက်ကြောင်း သိရသည်။

**သူရိန်စိုး(ကချင်မြေ)**

## မုန်တိုင်းဒဏ်ကြောင့် အရေးပေါ်ကိစ္စကြုံလာလျှင် ကယ်ဆယ်ရေးဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်မှုများပြုလုပ်

**မကွေး မေ ၃၁**
လတ်တလောဖြစ်ပေါ်နေသော မုန်တိုင်းအခြေအနေကြောင့် မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် တောင်ကျရေစီးဆင်းမှုများ သတိထားရန် မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က သတိပေးထားပြီး မုန်တိုင်းနှင့်ဆက်စပ်၍ ဧရာဝတီမြစ်ကြောင်း တစ်လျှောက် အရေးပေါ်အခြေအနေကျလာလျှင် ကယ်ဆယ်ရေးလုပ်ငန်းများ ချက်ချင်းဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားကြောင်း မကွေးမြို့နယ်မီးသတ်စခန်းမှ သိရသည်။



"မုန်တိုင်းအခြေအနေကို စောင့်ကြည့်နေတာပါ။ မုန်တိုင်းက ဘယ်ရောက်သွားပြီလဲ။ ဘယ်အဆင့်ရှိပြီလဲ ဆိုတာတွေကို ၂၄ နာရီစောင့်ကြည့်နေတာပါ။ အခုချိန်က အရေးပေါ်ကာလဖြစ်တဲ့အတွက် တပ်ဖွဲ့ဝင်တွေကို အမြဲအဆင်သင့်ဖြစ်အောင် စုဖွဲ့ထားပါတယ်" ဟု မကွေးမြို့နယ် မီးသတ်စခန်းမှူး ဦးစိုးညွှန့်က ပြောသည်။

တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး၏ ညွှန်ကြားချက်ဖြင့် ရှေးဦးပြုစုခြင်းဆိုင်ရာ ကိရိယာများကို ပြန်လည်စစ်ဆေး၍ ဖြည့်စွက်သင့်သည်များကိုလည်း ထပ်မံဖြည့်စွက်ကာ အရန်သင့်ပြုလုပ်ထားကြောင်း၊ ရေဘေး လေဘေးဖြစ်လျှင် အသုံးပြုရသော ပစ္စည်းများကိုလည်း အဆင်ပြေချောမွေ့စွာ သုံးနိုင်ရန် စစ်ဆေးထားကြောင်း ၎င်းက ဆိုသည်။

မုန်တိုင်းကျရောက်လျှင် ရေကြီးရေလျှံမှုများဖြစ်ပေါ်တတ်သဖြင့် လူ ၂၅ ယောက်ခန့် စီးနိုင်သည့် ဖိုက်ဘာလှေ၊ ရော်ဘာလှေများ အရန်သင့်ပြင်ဆင်ခြင်း၊ အင်ဂျင်များစစ်ဆေးခြင်း၊ အသက်ကယ်အင်္ကျီများ၊ ဘောကွင်းများ၊ ကြိုးပစ်သေနတ်များ၊ ကြိုးခွေများ အရန်သင့်ပြင်ဆင်ခြင်းလုပ်ငန်းများကို မေ ၂၉ ရက် နံနက်ပိုင်းက မကွေးမြို့နယ်မီးသတ်ဌာနမှ တပ်ဖွဲ့ဝင် ၃၅ ဦးဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

## အင်းတော်မြို့တွင်အခြေခံရှေးဦးပြုစုခြင်းသင်တန်းဖွင့်ပွဲကျင်းပ

**အင်းတော် မေ ၃၁**
စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်ကြက်ခြေနီအသင်းခွဲတို့ပူးပေါင်း၍ အခြေခံရှေးဦးပြုစုခြင်း သင်တန်းဖွင့်ပွဲကို မေ ၂၈ ရက် နံနက် ၉ နာရီက အင်းတော်မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ဖွင့်ပွဲတွင် အင်းတော်မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြတ်ကိုထွေးနှင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကျော်ကျော်လင်းတို့က အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌဒေါ်ဝေညိုက သင်တန်းဖွင့်လှစ်ရခြင်း ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြတ်ကိုထွေး၊ မြို့နယ် ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကျော်ကျော်လင်း၊ မြို့နယ် အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်ဝေညိုတို့က သင်တန်းသူ သင်တန်းသားများအား ကြက်ခြေနီဝတ်စုံများ ထောက်ပံ့ပေးအပ်သည်။ သင်တန်းသို့ သင်တန်းသား ၂၂ ဦး တက်ရောက်ခဲ့ကြောင်းသိရသည်။

ဖွင့်ပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြတ်ကိုထွေး၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကျော်ကျော်လင်း၊ မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်ဝေညို၊ အင်းတော်မြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဒေါ်ခင်ဝင်းကြည်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ သင်တန်းသားများတက်ရောက်ခဲ့ကြသည်။

**ကိုမင်း(အင်းတော်)**

## အခြေခံပညာကျောင်း (၇၆) ကျောင်းအား ကြက်ခြေနီဆေးပုံးပေးအပ်

**တောင်တွင်းကြီး မေ ၃၁**
မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် စန္ဒာသူရိယကျန်းမာပညာ လူမှုကူညီရေးအသင်းမှ လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ဆေးရုံဆေးခန်းနှင့်ဝေးကွာသည့် အခြေခံပညာကျောင်းပေါင်း ၇၆ ကျောင်းသို့ ကျောင်းကြက်ခြေနီဆေးပုံးပေးအပ်လှူဒါန်းပွဲနှင့် ရှေးဦးသူနာပြုစုနည်းသင်တန်းကို မေ ၃၀ ရက် နံနက် ၉ နာရီက မြို့မအလယ်တန်းကျောင်းခွဲ၌ ကျင်းပသည်။

ပေးအပ်ပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟိန်းထက်အောင်၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးလှမြင့်တို့က အမှာစကားပြောကြားခဲ့ပြီး အသင်းကြီးစတင်တည်ထောင်သူ ဦးဝေလွင် ဒုတိယညွှန်ကြားရေးမှူး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန နေပြည်တော်က အသင်းကြီးအားငွေပဒေသာပင် ၂၅ သိန်း စိုက်ထူလှူဒါန်းခဲ့ကြောင်း၊ ယခုအခါအခြားအလှူရှင်မိသားစုများပါထည့်ဝင်လှူဒါန်းကြသဖြင့် ငွေကျပ်သိန်း ၁၀၀ အား ဘဏ်တွင်အပ်နှံစိုက်ထူထားကြောင်း ပြောကြားခဲ့ပြီး ဥက္ကဋ္ဌ ဒေါက်တာကျော်ဆွေက ဆေးနှင့်ဆေးပုံးများပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ အလှူရှင်မိသားစုများမှ ကျောင်းအုပ်ဆရာကြီးများအား ကျောင်းကြက်ခြေနီဆေးပုံးများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**၅၈၀**

# ဒေသဖွံ့ဖြိုးရေးအတွက် တည်ဆောက်ရေးလုပ်ငန်းသည် အရေးကြီး

**ပဲခူး မေ ၃၁**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ ခန်းမ၌ မေ ၃၀ ရက် မွန်းလွဲ ၂ နာရီက Bago Regional Construction Control Authority (BRCCA) ပဲခူးတိုင်းဒေသကြီး တည်ဆောက်မှုကြီးကြပ်ရေး အာဏာပိုင်အဖွဲ့ ဖွဲ့စည်းနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပသည်။

ရှေးဦးစွာ ဝန်ကြီးချုပ် ဦးဝင်းသိန်းက ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် တည်ဆောက်ရေးလုပ်ငန်း များသည်လည်း အရေးကြီးကြောင်း၊ ပဲခူးတိုင်းဒေသ ကြီးတွင် မည်သည့်တည်ဆောက်ရေး လုပ်ငန်းမျိုး ကိုမဆို တည်ဆောက်ရေးသုံးပစ္စည်းများ၊ ဒီဇိုင်းများ၊ အရည်အသွေးများ စသည်တို့ကို တာဝန်ယူစစ်ဆေး ပေးနိုင်သည့် အဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်းရန် လိုအပ်လျက်ရှိနေကြောင်း၊ ၎င်းတည်ဆောက်ရေး လုပ်ငန်းများကို တာဝန်ယူမှု၊ တာဝန်ခံမှု စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပဲခူးတိုင်းဒေသကြီး တည် ဆောက်ရေးကြီးကြပ်မှုကော်မတီအား အထောက် အပံ့ဖြစ်စေမည့် Bago Regional Construction Control Authority(BRCCA) ပဲခူးတိုင်းဒေသကြီး တည်ဆောက်မှုကြီးကြပ်ရေး အာဏာပိုင်အဖွဲ့ကို ဖွဲ့ စည်းနိုင်ရေးနှင့် လက်ရှိလိုအပ်နေသည့် တည် ဆောက်ရေးလုပ်ငန်းများ၏ အရည်အသွေးများ၊



စံချိန်စံညွှန်းများကို တိတိကျကျ ဖြည့်ဆည်းဆောင် ရွက်ပေးနိုင်ရန် ရည်ရွယ်ဖွဲ့စည်းရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဝန်ကြီးများနှင့် တက်ရောက်လာသည့် ဌာနဆိုင်ရာများ၊ ပြင်ပ အင်ဂျင်နီယာ ပညာရှင်များ မှ ဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး Bago Regional Construction Control Authority(BRCCA) တွင် ပါဝင်သင့်သည့် အဖွဲ့ဝင်များ၏ အမည်စာရင်း (မူကြမ်း)အား ထုတ်ပြန်နိုင်ခဲ့သည်။

အစည်းအဝေးသို့ ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် ဝန်ကြီးများ၊ ဥပဒေချုပ်နှင့် အစိုးရအဖွဲ့ ညွှန်ကြားရေး မှူး၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ပြင်ပ အင်ဂျင်နီယာ ပညာရှင်များ တက်ရောက်ကြ ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ၂၀၁၇–၂၀၁၈ ပညာသင်နှစ် တနင်္သာရီတိုင်းဒေသကြီး ကျောင်းအပ်နှံရေးနေ့အခမ်းအနားကျင်းပ

**ထားဝယ် မေ ၃၁**

ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေနိုင်ရေးအတွက် အသိပေး လှုံ့ဆော်သည့်အနေဖြင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနားများကို တိုင်းဒေသ ကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အသီးသီးတွင်ကျင်းပလျက်ရှိရာ ၂၀၁၇ -၂၀၁၈ ပညာသင်နှစ် တနင်္သာရီတိုင်းဒေသကြီး ကျောင်းအပ်နှံရေးနေ့ အခမ်းအနား ကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အ-ထ-က (၁) ကျောင်း၌ မေ ၃၀ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို အခြေခံပညာကျောင်းသား၊ ကျောင်းသူလေး များက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး တနင်္သာရီတိုင်းဒေသ ကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က ကျောင်းနေအရွယ်ကလေးများ ကျောင်း နေနိုင်အောင်၊ ပညာသင်ယူနိုင်အောင်ပံ့ပိုးခြင်းဖြင့် ရင်ဆိုင်နေရသည့် အမျိုးမျိုးသော စိန်ခေါ်မှုများကို တုံ့ပြန်အနိုင်ယူဖို့၊ လူ့စွမ်းအားအရင်း အမြစ်များကို အစွမ်းကုန်ဖွံ့ဖြိုးအောင် ဆောင်ရွက်ဖို့လိုမှာဖြစ်ကြောင်း၊ နိုင်ငံ တစ်နိုင်ငံ၏ ချမ်းသာကြွယ်ဝမှုသည် အသိပညာ (Knowledge) ဖြစ်ပြီး လူတိုင်း အကျုံးဝင်ပညာရေးဖြစ်သည့် (Inclusive Education) အစီအစဉ်ဖြင့် ကိုယ် စိတ်ချို့တဲ့နေသည့် ကလေးများကိုလည်း စိတ်ရှည်ရှည်ထားပြီး လူမှုအသိုင်း အဝိုင်းမှာ ဝင်ဆံ့အောင် ပညာသင်ကြားပေးကြရမှာဖြစ်ကြောင်း ပြောကြား သည်။

ဆက်လက်၍ အသက်ငါးနှစ်အရွယ်ကလေးများအားလုံးနှင့်ကျောင်းနေအရွယ် ကလေးကျောင်းသို့ရောက်ရှိပြီး ပညာသင်ယူခွင့်ရရှိရေး၊ အတန်းစဉ်ကျောင်း ထွက်နှုန်းကျဆင်းပြီး အလယ်တန်းနှင့် အထက်တန်းပညာ ပြီးဆုံးသည်အထိ ကျောင်းနေမြဲရေးလုပ်ငန်းများက ဌာနဆိုင်ရာများ၊ မိဘပြည်သူများ၊ လူမှုရေး အသင်းအဖွဲ့များက ပူးပေါင်းပါဝင်ပြီး မျက်မှောက်ကာလပညာခေတ်၏ စိန်ခေါ်မှုများကို ဝိုင်းဝန်းဖြေရှင်းကြစေလိုကြောင်း ပြောကြားသွားသည်။

ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီးပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဒေါ်မြင့်စိန်က ကျောင်းအပ်နှံရေးနှင့် ပတ်သက်၍ရှင်းလင်းပြောကြားရာတွင် အခြေခံကျောင်းသားစာရင်းများကို ကောက်ယူထားပြီးဖြစ်ကြောင်းနှင့် ဇွန်လ ပထမပတ်ကုန်ပါက ကျောင်းဝင်နှုန်းစာရင်းရရှိမှာဖြစ်ကြောင်း၊ မူလတန်း ကလေးများအား နိုင်ငံတော်အစိုးရမှ ပံ့ပိုးပေးမှုများ၊ အလယ်တန်းနှင့် အထက် တန်းကလေးများအား နိုင်ငံတော်အစိုးရမှပံ့ပိုးပေးမှုများ၊ ပညာရေးဝန်ကြီးဌာန ၏ မိဘများသို့ ပန်ကြားချက်များ၊ ဆရာ၊ဆရာမများ လိုက်နာရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တနင်္သာရီတိုင်းဒေသကြီး လူမှုရေးနှင့်စည်ပင်သာယာဝန်ကြီး ဦးဟိုပင်က ပညာရေးဝန်ကြီးဌာနမှထောက်ပံ့သည့် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ မူလတန်းအဆင့် အတွက် အခမဲ့ဗလာစာအုပ်များနှင့် ကျောင်းဝတ်စုံများကို သက်ဆိုင်ရာ မြို့နယ် ပညာရေးမှူးများသို့ပေးအပ်ခဲ့ပြီး အခြေခံပညာကျောင်းသားကျောင်းသူလေး များက ဇာတိမာန်သီချင်းသီဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရ သည်။

**တိုင်းဒေသကြီးပြန်/ ဆက်**

# အရပ်ဘက်လူမှုဖွံ့ဖြိုးရေးအဖွဲ့အစည်းများအား ရှင်းလင်းတင်ပြခြင်းအခမ်းအနား လှိုင်ကော်မြို့၌ပြုလုပ်

**လှိုင်ကော် မေ ၃၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကယားပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း (CDD) လုပ်ငန်းစဉ်များကို အရပ်ဘက်လူမှုဖွံ့ဖြိုးရေးအဖွဲ့အစည်းများအား ရှင်းလင်းတင်ပြခြင်းနှင့် အကြံဉာဏ်များ ရယူခြင်း အခမ်းအနားကို မေ ၃၀ ရက် နံနက် ၉ နာရီက လှိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ပြုလုပ်ရာ ကယား ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီး ဦးဘော့စ်ကို တက်ရောက်အဖွင့်အမှာ စကားပြောကြားသည်။

ဆက်လက်၍ လူထုဗဟိုပြုစီမံကိန်းလုပ်ငန်း စဉ်များ၊ ဝယ်ယူရေးလုပ်ငန်းစဉ်များ၊ ဘဏ္ဍာရေး လုပ်ငန်းစဉ်များ၊ အကြံပြုတိုင်ကြားဖြေရှင်းရေး လုပ်ငန်းစဉ်များ၊ ကျားမရေးရာထည့်သွင်းဆောင် ရွက်ခြင်းလုပ်ငန်းအစီအစဉ်များ၊ သတင်းအချက် အလက်စုဆောင်းခြင်း လုပ်ငန်းစဉ်များအား တာဝန် ရှိသူများက အသီးသီးရှင်းလင်းတင်ပြကြပြီး တက် ရောက်လာသော အရပ်ဘက်လူမှုဖွံ့ဖြိုးရေးအဖွဲ့ အစည်းများမှ သိလိုသည်များ၊ အကြံပြုချက်များ ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

လူထုဗဟိုပြုစီမံကိန်း(CDD) လုပ်ငန်းစဉ်များ အား ပိုမိုနားလည်သိရှိစေရန် ကယားပြည်နယ် အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေ သော လူထုဗဟိုပြုစီမံကိန်း၊ စီမံကိန်းလုပ်ငန်း တိုး တက်မှုအခြေအနေများ သိရှိစေရန်၊ လူထုဗဟိုပြု စီမံကိန်းနှင့် အရပ်ဘက်လူမှုဖွံ့ဖြိုးရေးအဖွဲ့အစည်း များ ပူးပေါင်းမှုအားကောင်းလာစေရန်၊ စီမံကိန်း ပိုမိုအောင်မြင်စေရန် အရပ်ဘက်လူမှုဖွံ့ဖြိုးရေး အဖွဲ့အစည်းများ၏ အမြင်များ၊အကြံဉာဏ် ရယူ ရန် စသည့်ရည်ရွယ်ချက်များဖြင့် အရပ်ဘက်လူမှု ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအား ရှင်းလင်းတင်ပြရ ခြင်းနှင့် အကြံဉာဏ်များရယူခြင်းဖြစ်ကြောင်း သိရ သည်။

**ပြည်နယ်ပြန်/ ဆက်**

# တစ်နှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲ တိုးတက်မှု အခြေအနေများနှင့်ပတ်သက်၍ သတင်းစာရှင်းလင်း

**ပုသိမ် မေ ၃၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ တစ်နှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲ တိုးတက်မှုအခြေအနေများနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို မေ ၃၀ ရက် မွန်းလွဲ ၂ နာရီက ဧရာရွှေဝါ ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး အစိုးရသစ်၏ တိုးတက်ပြုပြင်ပြောင်း လဲရေးဆောင်ရွက်ခဲ့မှုအစီအစဉ်များ ရိုက်ကူးထုတ်လွှင့်ရေးဦးစီးကော်မတီ ဥက္ကဋ္ဌ လျှပ်စစ်စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းငြေးက အမှာစကားပြောကြားသည်။

ဆက်လက်၍ စီးပွားရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ မြို့ပြ၊ ကျေးလက်နှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ၊ ဆက်သွယ်ရေး ကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ သဘာဝဘေးနှင့် ပတ်သက်၍ ဆောင်ရွက်ပေးမှု အခြေအနေများအား ကဏ္ဍအလိုက် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

၎င်းနောက် အခမ်းအနားသို့ တက်ရောက်လာသည့် မီဒီယာများမှ ကဏ္ဍ အလိုက် သိလိုသည်များကို မေးမြန်းကြရာ ဝန်ကြီးများက ပြန်လည်ဖြေကြားခဲ့ ကြောင်း သိရသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီးအစိုးရသစ်၏ တစ်နှစ်တာကာလအတွင်း တိုးတက်ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ခဲ့မှု အစီအစဉ်များအား ရိုက်ကူးထုတ် လွှင့်ရေး ဦးစီးကော်မတီအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာလှိုင်၊ လျှပ်စစ်စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးဝင်းငြေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးဘဟိန်း၊ စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်၊ လူမှုရေးဝန်ကြီး ဒေါက်တာလှမြတ်သွေး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးငြေး ဝင်း၊ အစိုးရအဖွဲ့အတွင်းရေးမှူး ဦးသန်းဆွေဝင်း၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပုသိမ်အခြေစိုက် သတင်းမီဒီယာများ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

**မောင်မောင်မြင့် (ခရိုင် ပြန်/ဆက်)**

# ပြည်ပပို့ကုန်နှင့် နိုင်ငံ၏ဝင်ငွေတိုးတက်လာစေရန် ဖွဲ့ကပင်ကုန်သွယ်မှုဗဟိုဌာနဖွင့်

**ဘားအံ မေ ၃၁**

ကရင်ပြည်နယ် ဘားအံမြို့၌ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှု မြှင့် တင်ရေးအဖွဲ့ ဖွဲ့ကပင်ကုန်သွယ်မှုဗဟိုဌာနဖွင့် ပွဲကို မေ ၃၀ ရက် နံနက် ၈ နာရီက အမှတ် (၂) ရပ်ကွက် သစ္စာလမ်းရှိ အဆိုပါ ဌာနအဆောက်အအုံ ရှေ့၌ ကျင်းပသည်။

ဖွဲ့ကပင်ကုန်သွယ်မှုဗဟိုဌာနဖွင့်ပွဲတွင် ကရင် ပြည်နယ် ပြည်နယ်ဝန်ကြီးချုပ်ဒေါ်နန်းခင်ထွေးမြင့် က ယခင်က ကရင်ပြည်နယ်အတွင်း တရားဥပဒေ စိုးမိုးမှုအားနည်းပြီး ကူးသန်းရောင်းဝယ်မှုများသည် လည်း သိသာထင်ရှားသည့် ကူးသန်းရောင်းဝယ်မှု များမရှိခဲ့ကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်မှ စီမံ ဆောင်ရွက်ပေးသည့် ဖွဲ့ကပင်ကုန်သွယ်မှုဗဟိုဌာန သည် ပြည်နယ်၏ ခြေလှမ်းတစ်ခုပင်ဖြစ်ကြောင်း၊ တရားနည်းလမ်းကျသည့် တရားဥပဒေစိုးမိုးရေး၏ မူဘောင်အတွင်းမှနေ၍ ဆောင်ရွက်ပေးသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ တရားနည်းလမ်းကျကျ ဖြင့် လုပ်ကိုင်နိုင်ရန် ဗဟိုအဆင့်မှ လာရောက်ဖွင့် လှစ်ပေးသည့်အတွက် အထူးပင်ကျေးဇူးတင်ပါ ကြောင်း ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက ဖွဲ့ကပင်ကုန် သွယ်မှုဗဟိုဌာနဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်း တင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စည်ပင်သာယာ ရေးဝန်ကြီး ဦးသန်းနိုင်၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကာ ဖွဲ့ကပင်ကုန်သွယ်မှုဗဟိုဌာနတွင် ခင်းကျင်းပြသ ထားသည့် ဒေသထွက်ကုန် ပြခန်းများအား လှည့် လည်ကြည့်ရှုခဲ့ကြသည်။




နိုင်ငံ၏ထုတ်ကုန်များသည် ပြည်နယ်နှင့်တိုင်း ဒေသကြီးအလိုက် အခြေခံထားသည့်အတွက် ဒေသ တွင်ရှိသည့် လုပ်ငန်းရှင်များသည် စီးပွားရေးနှင့် ပတ်သက်သည့် သတင်းအချက်အလက်များရရှိရန်၊ ဒေသ၏ထွက်ကုန်များကို မြှင့်တင်ပေးနိုင်ရန်၊ ပြည် တွင်းကုန်သွယ်မှုတိုးတက်လာစေရန်၊ ပြည်ပပို့ကုန် တိုးတက်လာစေရန်နှင့် နိုင်ငံ၏ဝင်ငွေတိုးတက် ရရှိလာစေရန်အတွက် ပြည်နယ်နှင့်တိုင်းဒေသကြီး တို့တွင်ရှိသည့် စီးပွားရေးလုပ်ငန်းများ အားကောင်း လာစေရေးသည် တိုင်းပြည်၏အခြေခံကျသည့် လုပ်ငန်းများဖြစ်ကြောင်း၊ ဒေသ၏စီးပွားရေး၊ ဒေသ ၏အစိုးရကို ကူညီပံ့ပိုးနိုင်ရေး၊ ဒေသ၏ လုပ်ငန်းရှင် များအား ကူညီပံ့ပိုးနိုင်ရေးအတွက် ရည်ရွယ်၍ ဖွဲ့ကပင်ကုန်သွယ်မှုဗဟိုဌာနအား ဖွင့်လှစ်ရခြင်းဖြစ် ကြောင်းသိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မူးယစ်ဆေးစွဲရောဂါဟာ ကြိုတင်ကာကွယ်လို့ရတဲ့ရောဂါဖြစ်တယ်

ခင်ဇာလီ



**ဆရာ့ နာမည်နဲ့ ဆရာတာဝန်ယူထားရတဲ့ အပိုင်းကို ပြောပြပေးပါဦး။**

ကျွန်တော့်နာမည်က ဒေါက်တာဂျော်ထက်ဒိုးပါ။ အငြိမ်းစား စိတ်ရောဂါအထူးကုဆရာဝန်ကြီးပါ။ မူးယစ်ဆေးစွဲရောဂါ သုတေသနအသင်းရဲ့ ဥက္ကဋ္ဌနဲ့ စတင်တည်ထောင်သူလည်းဖြစ်ပါတယ်။

**ဆရာတို့အသင်းအနေနဲ့ အခု လူငယ်ထုအတွင်းမှာ ဖြစ်ပေါ်နေတဲ့ မူးယစ်ဆေးစွဲရောဂါကို ကြိုတင်ကာကွယ်ရေး စီမံချက်များနဲ့ ဆောင်ရွက်သွားမယ်လို့ သိရပါတယ်။ ဘာ့ကြောင့်ဆောင်ရွက်ရတယ်ဆိုတာ သိချင်ပါတယ်။**

မူးယစ်ဆေးစွဲခြင်းက စတင်စမ်းသပ်တာနဲ့ဆိုင်တယ်။ စမ်းသပ်ပြီးတော့မှ ကြိုက်သွားတဲ့သူက ဒါကိုသုံးပြီးတော့ စွဲသွားတယ်။ အချို့ကျတော့လည်း စမ်းတော့စမ်းတယ်။ မကြိုက်တော့ ရပ်လိုက်တယ်။ အဓိကကတော့ ကာကွယ်ရေးဆိုတာစတင်ပြီး မစမ်းရအောင်လုပ်ရတာ။ မူးယစ်ဆေးစွဲတတ်တာကို သုတေသနတွေပိုလုပ်လာတော့ ပိုပြီးနားလည်လာတာက ဒါဟာကျန်းမာရေးနဲ့ဆိုင်တဲ့ရောဂါ၊ စိတ်နဲ့ဆိုင်တဲ့ရောဂါကြီး ဒီရောဂါကို ကာကွယ်လို့ရပါလား ဆိုပြီး သိလာခဲ့ရတယ်။ မူးယစ်ဆေးဝါးသုံးစွဲခြင်းဟာ ကာကွယ်လို့ရတဲ့ ရောဂါဖြစ်ပါတယ်။ ဘယ်လိုကာကွယ်ရမယ်ဆိုတာကိုလည်း နည်းစနစ်အသစ်တွေ အခုဆို ပေါ်လာပါပြီ။

**ဆရာတို့ ဒီ မူးယစ်ဆေးသုံးစွဲမှု ကာကွယ်ရေး စီမံချက်ကို ကချင်၊ ရှမ်းမြောက်ပိုင်းနဲ့ စစ်ကိုင်းတိုင်းဒေသကြီးတို့မှာ စတင်ဆောင်ရွက်သွားမယ်လို့ သိရပါတယ်။ အဲဒီနေရာတွေကိုရွေးချယ်ဆောင်ရွက်ဖြစ်တဲ့ အကြောင်းကို သိချင်ပါတယ်။**

အစတုန်းကတော့ ဘိန်းကိုအကြောနဲ့ထိုးတဲ့ လူနာများတဲ့၊ HIV ပိုးမြင့်တဲ့ဒေသတွေကို ရှာပြီးဆေးသုံးစွဲမှုရဲ့နောက်ဆက်တွဲ အန္တရာယ်လျှော့ချရေးစီမံချက်တွေကို လုပ်ပါတယ်။ အခု ဒီနေရာသုံးနေရာတွေမှာ ကာကွယ်ရေးစီမံချက်လုပ်ဖို့ အခြေခံအဖွဲ့အစည်း၊ စီမံချက်ဝန်ထမ်းတွေရှိနေပြီဆိုတော့ ဒီလုပ်ငန်းတွေအပေါ်မှာ ကာကွယ်ရေးလုပ်ငန်းကို ထပ်ပိုးလိုက်တာပါပဲ။ ဒါပေမယ့် တခြားဒေသတွေက ဖိတ်ခေါ်မယ်ဆိုရင်လည်း ကျွန်တော်တို့ နည်းပညာတွေကို မျှဝေသွားမှာပါ။

**ဘယ်လိုနည်းပညာတွေနဲ့ ကြိုတင်ကာကွယ်ရေး နည်းလမ်းတွေကို ဆောင်ရွက်သွားမယ်ဆိုတာ သိချင်ပါတယ်။**

ကလေးတစ်ယောက် ဒီဆေးကို စတင်ပြီးတော့ မစမ်းဖြစ်အောင် ကျွန်တော်တို့က လူငယ်တွေကို အတတ်ပညာတွေသင်ပေးမယ်။ ကလေးတစ်ယောက်က မွေးရာကနေ ကြီးလာတဲ့လမ်းကြောင်းတစ်လျှောက်မှာ သူတတ်သင့်တဲ့ ပညာတွေရှိတယ်။ ဥပမာ စိတ်ဖိစီးမှုကို ဘယ်လိုရင်ဆိုင်ရမလဲ၊ ဘယ်လိုဖြေရှင်းရမလဲဆိုတဲ့အတတ်ပညာလိုတယ်။ တစ်ယောက်နဲ့တစ်ယောက် ဘယ်လိုဆက်သွယ်စကားပြောရမလဲဆိုတဲ့ ပညာလိုတယ်။ ဆေးသမားတစ်ယောက်ယောက်က ဆေးသုံးစွဲဖို့ လာစည်းရုံးလို့ရှိရင် ဘယ်လိုငြင်းရမလဲဆိုတဲ့ ပညာလိုတယ်။ သူ့ရဲ့ဘဝမှာ ဆုံးဖြတ်ချက်တွေဘယ်လိုချရမလဲ။ ဆုံးဖြတ်ချက်တွေချခါနီး ဘာစဉ်းစားရမလဲ၊ ဘယ်လိုစဉ်းစားရမလဲဆိုတဲ့ ဆုံးဖြတ်ချက်ချနည်းပေါ့။ အဲလိုအတတ်ပညာတွေက အနည်းဆုံးတော့ ကလေးတစ်ယောက်မှာ တတ်သင့်တဲ့ အတတ်ပညာ ရှစ်ခုရှိတယ်။ နောက်တစ်ခုက အားလပ်ချိန်သုံးစွဲနည်း အတတ်ပညာ။ ပြီးရင် သူ့ရဲ့အချိန်ကို မှန်ကန်တဲ့နည်းလမ်းနဲ့ သုံးစွဲတတ်အောင် သင်ပေးရမယ်။ နောက်ပြီးဘဝမှာ ပန်းတိုင်တွေချပြီးတော့ သူတို့လိုချင်တဲ့ ရေတိုပန်းတိုင်၊ ရေရှည်ပန်းတိုင်တွေကို ချမှတ်ပေးပြီး ဘဝကို တိုးတက်လာအောင် စီမံဆောင်ရွက်တတ်အောင်သင်ပေးရမယ်။ အဲ့ဒီအတတ်ပညာတွေ မတတ်ဘူးဆိုရင် ကြီးတော့ကြီးလာပေမယ့် အတတ်ပညာမစုံနိုင်ဘဲ ဒီမူးယစ်ဆေးရဲ့ စွဲဆောင်မှုနောက်ကိုပါသွားဖို့ အလားအလာများတယ်။ ဒါ့ကြောင့် ကျွန်တော်တို့က ကလေးတစ်ဦးချင်းစီကို ဒီအတတ်ပညာတွေ သင်ပေးမယ်။ မသုံးသေးတဲ့ကလေးငယ်တွေကို ဒီအတတ်ပညာတွေ သင်ပေးမယ်။ ဒီပညာပြန့်ပွားဖို့ လူမှုအခြေပြုအဖွဲ့အစည်းတွေကို သင်ပေးမယ်။ ဒါ့အပြင်အဓိကကျတဲ့ မိဘတွေကို သင်ပေးမယ်။

**ဟုတ်ကဲ့ဆရာ၊ ဒီကြိုတင်ကာကွယ်ရေးနည်းလမ်းတွေကို မိဘအနေနဲ့ကော ဘာကြောင့်သိထားသင့်တာလဲ။**

ကလေးက ငါးနှစ်ပြည့်ရင် ကျောင်းစတက်ရတယ်။ ကျောင်းစတက်မယ့်နှစ်မှာ ဒီကလေးက ပတ်ဝန်းကျင်အသစ်မှာ သူနဲ့ရွယ်တူကလေးတွေနဲ့ သင့်မြတ်အောင်နေတတ်၊ ဆက်ဆံတတ်ဖို့လိုတယ်။ ဒီလို မလုပ်နိုင်တဲ့အခါ၊ မလုပ်နိုင်တဲ့အတွက် ရန်ဖြစ်တာတို့၊ ကျောင်းမတက်ချင်တာတို့ အဲလိုဖြစ်လာရင် ဒီပြဿနာလေးတွေကို မိဘတွေအနေနဲ့ လျစ်လျူပြုထားလို့မရဘူး။ နောက်ပြီးတော့ လေးတန်းကနေငါးတန်းပြောင်းတဲ့အချိန် အစရှိတဲ့ကလေးဘဝရဲ့ ပြောင်းလဲချိန်ကာလလေးတွေကို ဂရုစိုက်ပြီးတော့ ပုံမှန်မဟုတ်ဘူးဆိုရင် ပုံမှန်မဟုတ်တဲ့ အပြုအမူတွေကို ပြေလည်သွားအောင် မိဘတွေက လုပ်ရလိမ့်မယ်။ နောက်ပြီး ကလေးမှာ ဘာအားနည်းချက်ရှိလဲဆိုတာကို ရှစ်နှစ်မတိုင်ခင်ကစပြီးတော့ ကြည့်ရမယ်။ စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးပိုင်းဆိုင်ရာ၊ ပညာရေးပိုင်းဆိုင်ရာ အဲ့ဒါတွေကို တခြားကလေးတွေက တတ်နေပြီးတော့ ကိုယ့်ကလေးက မတတ်ဘူးဆိုရင် မိမိကလေးကို ဂရုစိုက်ရတော့မယ်။ နောက်ဆို မတတ်တဲ့အကျင့်ကြီးက ကလေးကြီးတဲ့ထိပါသွားရင် သူက ဘဝကို မရင်ဆိုင်နိုင်တော့ဘူး။ ကြာလာရင် သူ့စိတ်သောကကို ဖြေရှင်းဖို့ မူးယစ်ဆေးကို စမ်းသုံးလာမယ်။

ဒါ့ကြောင့် မူးယစ်ဆေးကာကွယ်ရေးမှာ ကလေးတွေကို သူတို့ရဲ့ဘဝအမြင် (သူတို့ရဲ့ဘဝတစ်လျှောက်လုံး ကြုံတွေ့လာရတဲ့ အခက်အခဲတွေအပေါ် ရင်ဆိုင်ကျော်လွှားနိုင်ခဲ့မှု) နဲ့မြင်ရမယ်။ ပြီးတော့ ဒီကာကွယ်ရေးနည်းစနစ်ကလည်း ကျွန်တော်တို့ကိုယ်တိုင် လုပ်ဖို့မဟုတ်ဘူး။ မိသားစုအတွင်းလုပ်လို့ရအောင် သင်ပေးသွားမှာဖြစ်တယ်။ ကလေးအသက်အရွယ်ကြီးလာရင် ဥပမာ ကိုးနှစ်၊ ဆယ်နှစ်အထက်ရောက်လာရင် ကလေးတွေအပေါ် မိဘတွေရဲ့ဩဇာသက်ရောက်မှုက နည်းနည်းလာတတ်ပြီး သူငယ်ချင်းများရဲ့ ဩဇာလွှမ်းမိုးမှုက ပိုများလာတဲ့အတွက် မိသားစုအတွင်းမှာ ကိုယ့်ရဲ့သားသမီး မူးယစ်ဆေးသုံးစွဲသူဖြစ်မလာအောင် ငယ်ရွယ်စဉ်အခါကပင် မိဘတွေက ဘယ်လိုအုပ်ထိန်းရမလဲ။ ဘယ်လိုပြုစုပျိုးထောင်ရမလဲဆိုတာ မိဘတွေအနေနဲ့ သိထား သင့်ပါတယ်။ ဒီအတတ်ပညာကိုလည်း မိဘတွေကို သင်ကြားပေးသွားမှာဖြစ်ပါတယ်။

**ဒါတွေကို သင်ကြားပေးဖို့ ဘယ်လိုဆောင်ရွက်သွားမယ်ဆိုတာ သိချင်ပါတယ်။**

ဦးဆုံး ကျွန်တော်တို့အသင်းဝင်တွေ ကိုယ်တိုင် တတ်ဖို့လိုတယ်။ နှစ်သိမ့်ဆွေးနွေးတဲ့အပိုင်းဆို နှစ်သိမ့်ဆွေးနွေးတဲ့သူတွေကလည်း သူနဲ့ဆိုင်တာ တက်ရမယ်။ ဆရာဝန်တွေဆိုလည်း ဆရာဝန်အပိုင်း၊ သူနာပြုဆိုလည်း သူနာပြုအပိုင်း သူ့အပိုင်းနဲ့သူ သင်တန်းတွေပေးဖို့လိုတယ်။ ကိုယ်တိုင်သင်ကြားထားတာကို သင်ပေးတဲ့အပြင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း (ဥပမာ ကိုလံဘိုစီမံကိန်းအဖွဲ့) က ပညာရှင်တွေလာပြီး ဝန်ထမ်းတွေကို သင်ပေးပါမယ်။ သင်ပေးလို့ တတ်သွားပြီ၊ ရသွားပြီဆိုရင် ပြည်သူလူထုအတွင်းမှာ စပြီး ဆောင်ရွက်မှာပါ။ ဒါက နည်းပညာပဲရှိသေးတယ်။ ဒီလုပ်ငန်းတွေကို ဆက်တိုက်လုပ်နိုင်ဖို့ စဉ်ဆက်မပြတ်လုပ်ဖို့ဆိုတာ အုပ်ချုပ်မှုအဖွဲ့တွေက ဘယ်လိုလုပ်ရမလဲ ဘယ်လိုလုပ်သင့်လဲ တခြားနိုင်ငံတွေမှာ ဘယ်လိုလုပ်နေကြတယ်ဆိုတာ မူးယစ်ဗဟိုရဲ့ ပေါင်းစပ်ညှိနှိုင်းပေးမှုနဲ့ ပြည်နယ်အဆင့်ကနေ မြို့နယ်အဆင့် မူးစိတ်တားတွေနဲ့ စီမံကိန်းအုပ်ချုပ်မှု နည်းပညာစနစ်တွေကိုပါ အတတ်ပညာဝေမျှသွားမှာဖြစ်ပါတယ်။

**နိုင်ငံတော်ကကော ပံ့ပိုးကူညီမှုတွေရှိပါသလား။**

နိုင်ငံတော်ရဲ့ပံ့ပိုးမှုအနေနဲ့ ဒီလုပ်ငန်းတွေအားလုံးကို မူးယစ်ဗဟိုရဲ့ဖွဲ့စည်းပုံ အဆင့်ဆင့်အောက်ကနေ သူတို့ရဲ့ညှိနှိုင်းပေါင်းစပ်မှုအောက်ကနေ ကျွန်တော်တို့ အလုပ်လုပ်တာပါ။ တစ်ဦးတစ်ယောက်တည်း လုပ်လို့မရပါဘူး။ သူတို့ရဲ့ပေါင်းစပ်ညှိနှိုင်းမှုရယ်၊ ကျွန်တော်တို့ရဲ့ ပညာရပ်ရယ်၊ လူထုရဲ့ပါဝင်မှုတွေနဲ့ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားမှာပါ။

**ဒီလိုကြိုတင်ကာကွယ်မှုလုပ်ခြင်းအားဖြင့် နောင်မှာ အကျိုးသက်ရောက်မှု ဘယ်လောက်ရှိလာနိုင်မလဲဆိုတာ သိချင်ပါတယ်။**

ကာကွယ်ခြင်းဆိုတာ ကုသခြင်းထက် ပိုကောင်းပါတယ်။ မူးယစ်ဆေးက စွဲသူဖြစ်သွားပြီဆိုရင် ကုရတာ တော်တော်ခက်တယ်။ အချိန်တွေယူရတယ်။ လုပ်အားတွေပေးဆပ်ရတယ်။ ငွေကြေးကုန်ကျမှုများတယ်။ ပြီးရင် နောက်ဆက်တွဲရောဂါတွေပါ မတော်တဆဖြစ်လာနိုင်တယ်။ ဖြစ်သွားရင်လည်း အဲ့ဒီအတွက်ကို ကုရတာဆိုတော့ ဒီသုံးစွဲဖူးသွားတဲ့ ကလေးတစ်ယောက်ကို ပြန်ပြီး လူကောင်းတစ်ယောက်ဖြစ်လာဖို့ဆိုတာ အများကြီး အားထည့်ရတယ်။ အခုဆို ကာကွယ်လို့ရတယ်ဆိုတာကိုလည်း သိလာပြီဆိုတော့ ကာကွယ်ခြင်းကို အားထည့်လိုက်ရင် ကိုယ်တိုင်တောင် လုပ်စရာမလိုတော့ဘူး။ ဒီပညာရပ်ကို မိဘတွေကို သင်ပေးလိုက်မယ်။ ကျောင်းတွေမှာလည်း ကျောင်းဝန်းကျင်ကို ပြုပြင်ပေးလိုက်မယ်ဆိုရင် ကာကွယ်မှုက ပိုထိရောက်သွားမှာပါ။

ဒီကာကွယ်ရေးလုပ်ငန်းတွေကို သူများနိုင်ငံတွေမှာ စတင်ဆောင်ရွက်နေပေမယ့် ကျွန်တော်တို့နိုင်ငံမှာ ခုမှစတင်ရမှာဆိုတော့ ဘယ်လောက်ထိရောက်မယ်ဆိုတာ ကျွန်တော်တို့သုတေသနအသင်းအနေနဲ့ မပြောနိုင်သေးပါဘူး။ ဒါပေမယ့် ဘဝအောင်မြင်ရေးအတတ်ပညာသင်ပေးလိုက်တဲ့ကလေးတစ်ယောက်က ဒီပညာမရတဲ့ကလေးနဲ့ယှဉ်လိုက်ရင် ကြီးလာရင် ဘယ်လိုဖြစ်လာမလဲဆိုတာကို ကျွန်တော်တို့ လိုက်ပြီးတော့ ဆန်းစစ်မှာပါ။ ပြီးတော့ ဒီကြားထဲမှာမှ စွဲသူဖြစ်ခါနီးဆိုတဲ့ ကလေးတွေရှိတယ်။ အဲ့ကလေးတွေကျတော့ စိတ်ကျန်းမာရေး ချို့တဲ့လာတာရှိတယ်။ သုံးစွဲခါနီးဆိုတဲ့ ပွိုင့်ရောက်တဲ့အခါမှာ စိတ်ကျန်းမာရေး စောင့်ရှောက်မှု သေချာပေးလိုက်ရင် ဟိုဘက်အခြမ်း သုံးစွဲတယ်ဆိုတဲ့အခြမ်းထဲကို ရောက်မသွားနိုင်တော့ဘူး။ ဒီလို အဆင့်တိုင်း လုပ်ဖို့လိုအပ်တယ်။ လုပ်ရင်လည်း ထိရောက်တယ်ဆိုတာ သိနေတယ်လေ။

**ဥပဒေနဲ့ကော ဒီမူးယစ်ဆေးစွဲရောဂါကို ဖြေရှင်းလို့ရနိုင်လားဆရာ။**

လူတွေက အစကထင်တာ ဥပဒေနဲ့ခြိမ်းခြောက်လိုက်ရင် ဒီပြဿနာကြီးက အေးသွားမယ်ထင်ကြတယ်။ အေးမှမအေးတာ။ စွဲသွားပြီဆိုကတည်းက သူလည်းမတတ်နိုင်တော့ဘူး။ အချိန်ရောက်ရင် မသုံးဘဲနဲ့ကို မနေနိုင်တာ။ အရိုးထဲက ကိုက်လာတာ။ နှာရည်စီး၊ နှာတွေချေ၊ တစ်ကိုယ်လုံးကိုက်ခဲပြီးတော့ တစ်ရက်နှစ်ရက်ဆိုရင် အိပ်လို့မရတော့ဘူး။ ဝမ်းတွေပါလျှော။ စွဲသွားတဲ့ ကလေးတွေက နောက်ပိုင်းကျတော့ ပုံမှန်လူတစ်ယောက်လို အသက်ရှင်နေနိုင်ဖို့အတွက်ကိုပဲ သုံးနေရတော့တာ။ အစတုန်းက Feel ဆိုတာရှိပြီး နောက်စွဲသွားတော့ သာမန်လူလိုနေနိုင်ဖို့အတွက်ကို မဖြစ်မနေ သုံးနေရတော့တာ။ ဒါကို မသုံးပါနဲ့လို့ ပြောလည်း သူမတတ်နိုင်တော့ဘူး။ ဘာနဲ့သွားတူနေလဲဆိုတော့ နှာစေးနေတဲ့သူကို မင်းနှာရည်မကျနဲ့လို့ နှာရည်ကျလို့ကတော့ မင်းကိုဖမ်းမှာပဲဆိုလည်း စွဲသွားပြီဆိုတဲ့ကလေးက သူမတတ်နိုင်တော့ဘူး။ ထိန်းချုပ်မှု မရှိတော့ဘူး။ ဒါကို ဥပဒေနဲ့လည်း ခြိမ်းခြောက်လို့ မရဘူး။ ရောင်းတဲ့သူကိုပဲ ဖမ်းသင့်တယ်။ အကြောင်းအမျိုးမျိုးကြောင့် စွဲသွားပြီးရင် ဖမ်းဖို့ထက် ကုသပေးရမယ်။ နို့မို့ဆို ဖမ်းမှာကြောက်ပြီး ပုန်းလျှိုးကွယ်လျှိုးထိုးရပြီး ကြုံသလိုထိုးရတဲ့အတွက် ဆေးထိုးတဲ့ ကလေးတွေထဲမှာ HIV ပိုးတွေ့ရှိရတာ နည်းတာမှမဟုတ်တာ။ ဒါ့ကြောင့်ပဲ ၁၀ ယောက်မှာ ငါးယောက်ကနေ ရှစ်ယောက်က HIV ပိုးရှိလာတယ်။

**မူးယစ်ဆေးစွဲသွားပြီဆိုရင်လည်း ကုသရခက်တယ်လို့ သိရပါတယ်။ ဘာ့ကြောင့် ကုသရခက်တာလဲဆရာ။**

ကလေးတစ်ယောက်က မူးယစ်ဆေးစွဲသွားပြီဆိုရင် မစွဲခင်ကတည်းက စိတ်ရောဂါလက္ခဏာတွေပြတယ်။ ဒါပေမယ့် လူတွေက အဲ့ဒါကို မမြင်တတ်တာပေါ့။ မိဘတွေကလည်း မမြင်ဘူး။ ကလေးက အလွန်ကို စိတ်ဓာတ်တွေကျနေတတ်တယ်။ ဒါမှမဟုတ်ရင်လည်း စိုးရိမ်စိတ်လွန်ကဲတဲ့ ရောဂါတစ်ခု ရှိနေတယ်။ အဲ့ဒါဖြစ်နေတယ်ဆိုတာကို မိဘတွေက မသိဘူး။ ဒီစိုးရိမ်စိတ်လွန်ကဲတဲ့ရောဂါကို ဆေးသောက်လိုက်ရင် ဖြေနိုင်မယ် စိတ်ပိုင်းဆိုင်ရာကုထုံးတွေနဲ့ ကုလိုက်ရင် ပျောက်နိုင်တာကို မိဘတွေက မသိလိုက်ဘူး။ ကျောင်းတွေက မသိလိုက်ဘူး။ ရောဂါဖြစ်နေတဲ့ ကလေးက သူ့စိတ်သက်သာရာကို ရှာတော့မယ်။ ရှာရင် အရက်နဲ့ စမ်းရင်စမ်းမယ်။ ဆေးနဲ့စမ်းရင် စမ်းမယ်။ အရက်နဲ့စမ်းတဲ့သူက အရက်သမားဖြစ်သွားပြီး ဆေးနဲ့စမ်းတဲ့သူကဆေးသမားဖြစ်လာတယ်။ အဲ့ဒါကြောင့် မူးယစ်ဆေးစွဲခြင်းသည် စိတ်ရောဂါရဲ့ အပိုင်းတစ်ပိုင်းပဲ။ အဲ့စိတ်ရောဂါတစ်ပိုင်းကို စိတ်ရောဂါအနေနဲ့ မကုရင် သူက ပျောက်ဖို့မလွယ်ဘူး။ ဒါ့ကြောင့် ဆေးကုရတာ ခက်တယ်။ ပျောက်ဖို့ခက်တယ်ဆိုတာ ဆေးမသုံးရရင် ဖြစ်လာမယ့် ခန္ဓာကိုယ် ယင်းထတာကိုလောက်ပဲ သက်သာအောင် လုပ်ပေးတာ။ ဒါက ဆေးဖြတ်ခြင်း မဟုတ်ဘူး။ အဲ့ဒါက ယင်းဖြတ်တာ ပထမတစ်ဆင့်။ နောက်ပိုင်းမှာ သူ့မှာရှိတဲ့ စိတ်ပိုင်းဆိုင်ရာကို ဆက်ကုပေးရမယ်။ အဲ့အပိုင်းတွေ မရှိတဲ့အတွက် မူးယစ်ဆေးသုံးစွဲသူကို ကုသရတာ ခက်တယ်ဆိုတာ ဖြစ်တာ။

စွဲလမ်းမှုရောဂါဆိုတာ နှစ်ပိုင်းအမြဲတမ်းရှိတယ်။ တစ်ပိုင်းက ခန္ဓာကိုယ်စွဲလမ်းမှု၊ တစ်ပိုင်းက စိတ်ပိုင်းဆိုင်ရာ စွဲလမ်းမှု၊ အဲ့ဒီ စွဲလမ်းမှု နှစ်ပိုင်းမှာ နှစ်ပိုင်းလုံးရှိတဲ့ဆေးက ဘိန်းပေါ့။ ဒါပေမယ့် အခုခေတ်စားနေတဲ့ ရာမကျတော့ ခန္ဓာကိုယ်စွဲလမ်းမှု မရှိဘူး။ သူကပိုထူးခြားတာက စိတ်ပိုင်းဆိုင်ရာ စွဲလမ်းမှု ပိုပြင်းတယ်။ သူ့မှာ စိတ်ပိုင်းဆိုင်ရာစွဲလမ်းမှုအပြင် ဘာထပ်ရှိလဲဆိုတော့ သူ့ကြောင့် စိတ်ရောဂါဝင်တယ်။ အဲ့တော့ စိတ်ပိုင်းဆိုင်ရာ စွဲလမ်းမှုရယ် နောက်ဆက်တွဲစိတ်ရောဂါရယ်ကိုကုမှ အဲ့လူက ပျောက်မှာ။

**မြန်မာနိုင်ငံမှာ မူးယစ်ဆေးဝါးသုံးစွဲသူဦးရေ ဘယ်လောက်လောက်ရှိနိုင်လဲဆရာ။**

အဲ့ဒါကတော့တော်တော်တော့ ခန့်မှန်းရခက်တာပဲ။ များတာကတော့များတယ်။ အခုကျွန်တော်တို့လုပ်နေတဲ့ ကချင်ပြည်နယ်၊ ရှမ်းမြောက်မှာတောင် မြို့တွေမစုံသေးဘူး။ စစ်ကိုင်းတိုင်းဒေသကြီးဆိုပေမယ့် ဗန်းမောက်တစ်ခုပဲ။ကျွန်တော်တို့ရဲ့ စီမံချက်မြို့နယ်တွေမှာ တစ်နှစ်ထက်တစ်နှစ်တွေ့တဲ့ ကျွန်တော်တို့ဆေးခန်းတွေကို ရောက်တဲ့ လူနာ၊ လက်ကမ်းစောင့်ရှောက်သူတွေက ဆက်သွယ်မိတဲ့ ဆေးသုံးတဲ့ကလေး အရေအတွက်ဒါတွေပေါင်းရင် သောင်းဂဏန်းကျော်တယ်။ စတုန်းက တစ်သောင်းနီးပါးလောက်ကနေ တစ်နှစ်တစ်နှစ်ကို တက်တက် တက်လာတာ ၂၀၁၆ ဆို နှစ်သောင်းနီးပါးလောက် ရှိလာပြီ။ ဒါတောင်မှဟိုးနယ်စွန်နယ်ဖျား ရွာတွေဘက်တွေထိအောင် လက်လှမ်းမမီတဲ့နေရာတွေ အများကြီးရှိသေးတယ်။ လက်လှမ်းမီတဲ့ နေရာတွေမှာတောင် ဒီလောက်ဖြစ်နေတာ လက်လှမ်းမမီတာနဲ့ ပေါင်းလိုက်ရင် ကျွန်တော်တို့ ဘယ်လောက်ရှိတယ်ဆိုတာ ပြောရခက်ပါတယ်။

**ဟုတ်ကဲ့ဆရာ။ ဆရာအနေနဲ့ ဖြည့်စွက်ပြောချင်တာရှိရင် ပြောပေးပါဦး။**

ကျွန်တော်တို့လုပ်ငန်းမှာ မူးယစ်ဆေးစွဲရောဂါဆိုတာ ကာကွယ်လို့ရတယ်။ ကာကွယ်လို့ ရတယ်ဆိုတာကို ကျွန်တော်တို့အသင်းတစ်ခုတည်း လုပ်သွားလို့မရဘူး။ မိဘတွေကလည်း လိုအပ်တယ်။ ဒီဟာက ကာကွယ်လို့မရဘူး။ ဟိုဆေးတွေကပေါလို့ ဟိုလူ့လက်ညှိုးထိုး ဒီလူ့လက်ညှိုးထိုးနေလို့ မပြီးဘူး။ ကိုယ့်အိမ်မှာရှိတဲ့ကလေး ကြီးလာရင်ဆေးသမားမဖြစ်အောင် လုပ်ဖို့က လုပ်ဖို့လွယ်လွယ်လေး၊ ကိုယ့်လက်တစ်ကမ်း ကိုယ့်မျက်စိအောက်မှာရှိတယ်ဆိုတာ မိဘတွေသိဖို့လိုတယ်။ ဘယ်ကနေ လာပြီးတော့လုပ်မှ ဟိုလူကဆေးတွေရောင်းနေလို့ ငါ့သားကလူပေါင်းမှားတာ ပြောနေမယ့်အစား ကိုယ့်စည်းကို ကိုယ်နိုင်အောင်လုပ်ဖို့လည်းလုပ်ရမယ်။ ကိုယ့်ကလေး ရှစ်နှစ်မပြည့်ခင်အရွယ် ကတည်းက အပြုအမူနည်းနည်းလေး လွဲသွားရင် စိတ်ရောဂါဝင်နိုင်တယ်ဆိုတာ မိဘတွေ သိပြီး လုပ်ကြပါ။ တိုင်ပင်ဆွေးနွေးပါ။ အချိန်မရွေး ကျွန်တော်တို့ ဒီပညာကို မျှဝေဖို့ရှိနေပါတယ်။

# မန်ချက်စတာမှာ ဖျော်ဖြေပွဲ ပြန်လည်ပြုလုပ်သွားမယ့် အရီရန်နာဂရန်းဒ်




ပြီးခဲ့တဲ့ မေ ၂၂ ရက်က မန်ချက်စတာအရီနာမှာ ဖြစ်ပွားခဲ့တဲ့ အသေခံဗုံးဖောက်ခွဲမှုအတွင်း သေဆုံးခဲ့ရတဲ့ ပရိသတ်တွေအတွက် ရန်ပုံငွေဖျော်ဖြေပွဲကို ပြန်လည်ပြုလုပ်သွားဖို့ ပေါ့ပ်ကြယ်ပွင့် အရီရန်နာဂရန်းဒ်က စီစဉ်ထားပြီး လတ်တလောမှာတော့ ဖျော်ဖြေပွဲကျင်းပသွားမယ့်ရက်ကို တရားဝင်ထုတ်ဖော်ပြောကြားလိုက်ပြီဖြစ်ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

မန်ချက်စတာပေါက်ကွဲမှုဟာ အရီရန်နာဂရန်းဒ်ရဲ့ "Dangerous Woman"နယ်လှည့်ဖျော်ဖြေရေးခရီးစဉ်ရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်တဲ့ ဖျော်ဖြေပွဲမှာ ဖြစ်ပွားခဲ့တာဖြစ်ပြီး ပရိသတ် ၂၂ ဦးခန့် အသက်ဆုံးရှုံးခဲ့ရကာအများအပြားထိခိုက်ဒဏ်ရာရခဲ့တာဖြစ်ပါတယ်။ ဒီလိုဖျော်ဖြေပွဲကို လာရောက်ကြည့်ရှုစဉ် အသက်သေဆုံးသွားခဲ့ရတဲ့ပရိသတ်တွေအတွက် ရန်ပုံငွေဖျော်ဖြေပွဲကို ကျင်းပပေးဖို့ အရီရန်နာဂရန်းဒ်က စီစဉ်ခဲ့တာဖြစ်ပြီး ယင်းဖျော်ဖြေပွဲကို လာမယ့် ဇွန် ၄ ရက်မှာ မန်ချက်စတာမြို့မှာပဲ ပြန်လည်ကျင်းပသွားမှာဖြစ်ကြောင်း သိရပါတယ်။

လာမယ့်ဖျော်ဖြေပွဲမှာတော့ အရီရန်နာဂရန်းဒ်ဟာ တစ်ဦးတည်းဖျော်ဖြေသွားမှာမဟုတ်ဘဲ အခြားသောနာမည်ကျော်တေးသံရှင်တွေကိုလည်း ဖိတ်ကြားကာ တွဲဖက်ဖျော်ဖြေသွားဖို့ စီစဉ်ထားပြီး ပြီးခဲ့တဲ့ပေါက်ကွဲမှုဖြစ်စဉ်အတွင်း သေဆုံးသွားခဲ့ရတဲ့ ပရိသတ်တွေနဲ့ မိသားစုဝင်တွေအတွက် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်တယ်လို့လည်း သိရပါတယ်။ ဇွန် ၄ ရက် ဖျော်ဖြေပွဲမှာ အရီရန်နာဂရန်းဒ်နဲ့အတူ ပါဝင်ဖျော်ဖြေပေးဖို့အတွက် လတ်တလောအချိန်အထိ သဘောတူအတည်ပြုပြီးဖြစ်တဲ့ တေးသံရှင်တွေကတော့ ဂျက်စတင်ဘီဘာ၊ မိုင်လီဆိုင်းရပ်စ်၊ ကတ်တီပါရီ၊ ဖာရယ်လ်ဝီလီယံနဲ့ အာရှာတို့ပဲ ဖြစ်ကြပါတယ်။ "One Love Manchester"လို့အမည်ပေးထားတဲ့ ယင်းဖျော်ဖြေပွဲမှာတော့ နာမည်ကျော်တေးသံရှင်တွေနဲ့အတူ ဗြိတိန်ပေါ့ပ်ကြယ်ပွင့်တွေဖြစ်ကြတဲ့ နီးလ်ဟော်ရန်၊ ကိုးဒ်ပလေးနဲ့ တိတ်သက်ထ်တို့လည်း ပါဝင်ဖျော်ဖြေသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

လာမယ့်တနင်္ဂနွေနေ့မှာ ကျင်းပသွားမယ့်ဖျော်ဖြေပွဲကိုတော့ အမ်းမရိတ်အိုးထရက်ဖို့ဒ် ခရစ်ကတ်ကစားကွင်းမှာ ကျင်းပသွားမှာဖြစ်ပြီး မေ ၂၂ ရက်က အရီရန်နာဂရန်းဒ်ရဲ့ ဖျော်ဖြေပွဲကိုလာရောက်ကြည့်ရှုခဲ့တဲ့ ပရိသတ်တွေကိုတော့ အခမဲ့ ပြန်လည်ကြည့်ရှုခွင့်ပေးသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

# စလင်းဒီယွန်ရဲ့ ဖျော်ဖြေပွဲအတွက် ဖိတ်ကြားခံခဲ့ရကြောင်း B. T. S ဖွင့်ဟ

မကြာမီကမှ တောင်ကိုရီးယားနိုင်ငံဆီသို့ နိုင်ငံတကာတေးဂီတထူးချွန်ဆုတစ်ဆုကို သယ်ဆောင်ကာ ပြန်လာနိုင်ခဲ့တဲ့ အမျိုးသားတေးဂီတအဖွဲ့ B. T. S ဟာ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကျင်းပခဲ့ပြီး အမေရိကန်နိုင်ငံမှာ ဘေဘုတ်တေးဂီတဆုပေးပွဲကို တက်ရောက်ခဲ့စဉ် နာမည်ကျော်တေးသံရှင်တစ်ဦးဖြစ်တဲ့ စလင်းဒီယွန်က သူ့ရဲ့ဖျော်ဖြေပွဲကို တက်ရောက်ပေးဖို့အတွက် ဖိတ်ကြားခြင်းခံခဲ့ရကြောင်း သတင်းစာရှင်းလင်းပွဲမှာ ထုတ်ဖော်ပြောကြားခဲ့တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

B. T. S ဟာ ယခုနှစ်အတွင်း ကျင်းပခဲ့တဲ့ ဘေဘုတ်တေးဂီတထူးချွန်ဆုပေးပွဲကြီးမှာ ဟောလိဝုဒ်နာမည်ကျော်တွေဖြစ်ကြတဲ့ ဂျက်စတင်ဘီဘာ၊ အရီရန်နာဂရန်းဒ်၊ ဆယ်လီနာဂိုမက်ဇ်နဲ့ စွမ်မန်းဒပ်စ်တို့ကို ဖြတ်ကျော်ကာ "Top Social Artist"ဆုကို ဆွတ်ခူးနိုင်ခဲ့တဲ့အတွက် တောင်ကိုရီးယားနိုင်ငံသို့ နိုင်ငံတကာတေးဂီတထူးချွန်ဆုကို သယ်ဆောင်လာနိုင်တဲ့ ပထမဆုံးသောတေးဂီတအဖွဲ့ဖြစ်လာခဲ့ပါတယ်။ ယင်းဆုပေးပွဲကြီးမှ ပြန်လည်ရောက်ရှိလာပြီဖြစ်တဲ့ တေးဂီတအဖွဲ့ဝင်တွေဟာ ပြီးခဲ့တဲ့ မေ ၂၉ ရက်က တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့မှာ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့တာဖြစ်ပြီး ဆုပေးပွဲအတွေ့အကြုံတွေနဲ့ အနာဂတ်အစီအစဉ်တွေကို ထုတ်ဖော်ပြောကြားခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

လတ်တလောပြုလုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲမှာ B. T. S က အမေရိကန်တေးဂီတဈေးကွက်အတွင်း ဝင်ရောက်သွားဖို့ အစီအစဉ်မရှိသေးကြောင်းလည်း ပြောကြားခဲ့ပါတယ်။ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ရက်ပ်မွန်းစတားကတော့ "ကျွန်တော်တို့ဟာ ကိုရီးယားလူမျိုးတေးသံရှင်တွေဖြစ်ကြတဲ့အတွက် တောင်ကိုရီးယားမှာ သီချင်းတွေသီဆိုရတာဟာ ကျွန်တော်တို့အတွက်တော့ အကောင်းဆုံးပါပဲ။ ပရိသတ်တွေအနေနဲ့ တွေးကြည့်မယ်ဆိုရင်လည်း ကျွန်တော်တို့ ဒီဘေဘုတ်တေးဂီတထူးချွန်ဆုကို ရယူနိုင်ခဲ့တာတကယ်ကို အံ့သြစရာပါပဲ။ ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်မှာ ကျွန်တော်တို့ရဲ့ ပထမဆုံးသောတေးအယ်လ်ဘမ်ထွက်ရှိခဲ့တဲ့အချိန်တုန်းက ဒီလိုဘေဘုတ်ထူးချွန်ဆုရရှိမယ်ဆိုတာ အိပ်မက်တောင် မမက်ခဲ့ဖူးတဲ့အရာပါ"လို့ ပြောကြားခဲ့တာ ဖြစ်ပါတယ်။

အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဂျီမင်းကတော့ ဘေဘုတ်တေးဂီတထူးချွန်ဆုပေးပွဲကြီးကို တက်ရောက်ခွင့်ရခဲ့တဲ့အတွက် ဝမ်းသာဂုဏ်ယူမိကြောင်းနဲ့ အဖွဲ့ရဲ့ပရိသတ်တွေဖြစ်ကြတဲ့ "ARMY"အုပ်စုကိုလည်း ကျေးဇူးအထူးတင်ရှိပါကြောင်း ဆိုခဲ့ပါတယ်။

ဆက်လက်ပြီး B. T. S က "Titanic" ရုပ်ရှင်ရဲ့ ဇာတ်ဝင်တေးသီချင်းတေးသံရှင်ဖြစ်တဲ့ စလင်းဒီယွန်နဲ့ တွေ့ဆုံခွင့်ရခဲ့ကာ စလင်းဒီယွန်က သူ့ရဲ့တေးဂီတဖျော်ဖြေပွဲကို လာရောက်ဖို့ဖိတ်ကြားခဲ့ကြောင်း၊ များပြားလွန်းတဲ့ အစီအစဉ်တွေရှိနေတဲ့အတွက် စလင်းဒီယွန်ရဲ့ ဖိတ်ကြားမှုကိုငြင်းဆိုခဲ့ရကြောင်းလည်း ပြောကြားခဲ့ပါတယ်။ အခြားသောအဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ရှူးဂါးကလည်း နာမည်ကျော်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ သည်ချိန်းစမုတ်ကာစ်နဲ့လည်း တွေ့ဆုံခဲ့ရပြီး ဖိတ်ကြားခံခဲ့ရကြောင်းနဲ့ ယင်းဆုပေးပွဲကြီးမှာ နိုင်ငံတကာက ကျော်ကြားတဲ့ တေးသံရှင်တွေနဲ့ တွေ့ဆုံခွင့်ရတဲ့အတွက် အလွန်ပင် ကျေနပ်ပျော်ရွှင်မိကြောင်းလည်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

သတင်းစာရှင်းလင်းပွဲပြီးနောက် B. T. S ဟာ ဂျပန်နိုင်ငံသို့ ထွက်ခွာသွားခဲ့ကြပြီး အဲဒီမှာ မေ ၃၀ ရက်မှ ဇူလိုင် ၂ ရက်အထိ တေးဂီတဖျော်ဖြေပွဲ ၁၃ ပွဲကို ကျင်းပသွားဖို့ စီစဉ်ထားတာဖြစ်ကြောင်းလည်း သိရပါတယ်။



# YouTube ပေါ်မှာ ပင်တိုင်ဝယ်ယူသူ ၁၀ သန်းကျော် ပိုင်ဆိုင်ခဲ့ပြီဖြစ်တဲ့ Psy Diamond Creater Award ဆုရရှိတဲ့ ပထမဆုံးသောအာရှအနုပညာရှင်ဖြစ်လာ

နိုင်ငံတကာတေးဂီတဝက်ဘ်ဆိုက်ဒ်တစ်ခုဖြစ်တဲ့ You Tube ပေါ်ကနေတစ်ဆင့် တောင်ကိုရီးယားရဲ့ ကမ္ဘာကျော်တေးသံရှင်တစ်ဦးဖြစ်တဲ့ Psy ရဲ့ တေးသီချင်းသစ်တွေကို လစဉ်ကြေးပေးသွင်းကာ ပင်တိုင်ဝယ်ယူကြည့်ရှုသူဦးရေဟာ လတ်တလောမှာတော့ ၁၀ သန်းကျော်သွားခဲ့ပြီဖြစ်တဲ့အတွက် Psy ဟာ ယင်းဝက်ဘ်ဆိုက်ဒ်က ချီးမြှင့်တဲ့ Diamond Creater Award ဆုကို လက်ခံရရှိခဲ့ပြီး အာရှမှာ ပထမဆုံး ဆုချီးမြှင့်ခံခဲ့ရတဲ့ တေးသံရှင်ဖြစ်လာကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ဖော်ပြချက်တွေအရ သိရပါတယ်။

YouTube ပေါ်မှာ ပုံမှန်ကြည့်ရှုသူ တစ်သိန်းခန့်ရရှိနေတဲ့ အနုပညာရှင်ကိုတော့ ငွေရောင်ဆုတံဆိပ်ကို ချီးမြှင့်လေ့ရှိပြီး ပရိသတ်တစ်သန်းရှိပါက ရွှေရောင်ဆုတံဆိပ်ကို ချီးမြှင့်ကာ Psy ကတော့ ၁၀ သန်းရရှိခဲ့ပြီဖြစ်တဲ့အတွက် အမြင့်ဆုံးသောဆုတံဆိပ်တစ်ခုဖြစ်တဲ့ စိန်တစ်လုံးအသွင်ဖန်တီးထားတဲ့ YouTube ရဲ့ "play" ခလုတ်ပုံစံ ဆုတံဆိပ်ကို ချီးမြှင့်ခြင်းခံခဲ့ရတာဖြစ်ကြောင်းလည်း သိရပါတယ်။

လတ်တလောမှာ YouTube က ချီးမြှင့်ခဲ့တဲ့ ဆုတံဆိပ်ကို လက်ခံရယူခဲ့ပြီး သေတ္တာတစ်လုံးအတွင်း ထည့်သွင်းပေးပို့ခဲ့တဲ့ ဆုတံဆိပ်ကို ဖွင့်ကြည့်ခဲ့ပုံနဲ့ ဆုနဲ့ပတ်သက်ပြီး ရှင်းလင်းပြောကြားနေတဲ့ Psy ရဲ့ ပုံရိပ်တွေပါဝင်တဲ့ ဗီဒီယိုဖိုင်ကို YouTube ပေါ်မှာ ထုတ်လွှင့်ပြသထားကြောင်းလည်း သိရပါတယ်။

# သရုပ်ဆောင်ဖြစ်ဖို့ ရည်ရွယ်ချက်မရှိခဲ့ကြောင်း ဂွန်ရိုး ဖွင့်ဟ



လတ်တလောမှာ မြန်မာနိုင်ငံမှာလည်း ထုတ်လွှင့်ပြသလျက်ရှိပြီး တောင်ကိုရီးယားနိုင်ငံမှာ ထုတ်လွှင့်ခဲ့ချိန်မှာလည်း အလွန်အောင်မြင်ခဲ့တဲ့ ရုပ်သံဇာတ်လမ်းတွဲရုပ်ရှင် "Goblin"ရဲ့ ဇာတ်ဆောင်မင်းသား ဂွန်ရိုးဟာ ရုပ်ရှင်ရဲ့အောင်မြင်မှုနဲ့အတူ ဒေသတွင်းမှာသာမက အာရှနိုင်ငံတွေမှာပါ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်လာခဲ့ပြီး မကြာသေးမီက ဘီဘီစီသတင်းဌာနနဲ့ အင်တာဗျူးတစ်ခု ပြုလုပ်ခဲ့ပါတယ်။

အဆိုပါ အင်တာဗျူးကို ပြီးခဲ့တဲ့ မေ ၂၉ ရက်မှာ ဘီဘီစီရဲ့အစီအစဉ်တစ်ခုဖြစ်တဲ့ "Asia Talk"မှာ ထုတ်လွှင့်ခဲ့ပြီး ဂွန်ရိုးရဲ့ ဘဝ၊ အနုပညာလှုပ်ရှားမှုတွေနဲ့ ပုဂ္ဂိုလ်ရေးရာအကြောင်းအရာတွေကို မေးမြန်းဖြေကြားခဲ့တာဖြစ်ပါတယ်။ ဒီလိုဖြေကြားခဲ့ရာမှာ ဂွန်ရိုးက သူ့ရဲ့ဘဝအိပ်မက်ဟာ ရုပ်ရှင်မင်းသားတစ်ယောက်ဖြစ်လာဖို့မဟုတ်ကြောင်းနဲ့ ရည်ရွယ်ချက်မရှိဘဲ ရုပ်ရှင်မင်းသားတစ်ဦးဖြစ်လာခဲ့တာဖြစ်ကြောင်း ဖြေကြားခဲ့တာဖြစ်တယ်လို့ ကေပေ့ါပ်စတားဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဘီဘီစီနဲ့ ပြုလုပ်ခဲ့တဲ့ မိနစ် ၃၀ ကြာ အင်တာဗျူးမှာတော့ ဂွန်ရိုးကို ငယ်စဉ်ကတည်းက မင်းသားဖြစ်ချင်တဲ့ ဆန္ဒမရှိခဲ့ကြောင်း၊ တက္ကသိုလ်မှာ ကဇာတ်ရုံဘာသာရပ်ကို အထူးပြုဘာသာအဖြစ်ယူခဲ့ကြောင်း၊ သို့သော်သရုပ်ဆောင်ဖြစ်လိုတဲ့ဆန္ဒမရှိခဲ့ကြောင်း၊ ယင်းဘာသာရပ်ကို သင်ယူနေရင်း သရုပ်ဆောင်ဖြစ်လိုကြတဲ့ သူငယ်ချင်းတွေနဲ့ တွေ့ဆုံခဲ့ရကာ မင်းသားဖြစ်လိုတဲ့ အိပ်မက်တွေရှိလာခဲ့တာဖြစ်ကြောင်း ဖြေကြားခဲ့တယ်လို့လည်း သိရပါတယ်။

ဒ့ါအပြင် ဂွန်ရိုးက တက္ကသိုလ်မှာ သင်ယူနေရင်းက လူတွေရဲ့ ခံစားချက်တွေကို အမူအရာနဲ့ ထုတ်ဖော်ပြသရတဲ့ ပညာကို သူ့အနေနဲ့ ပိုမိုစိတ်ဝင်စားလာခဲ့ကြောင်းနဲ့ လေ့လာရင်းက ကိုယ်တိုင်လည်း မင်းသားဖြစ်နိုင်ကြောင်း အတွေးဝင်ခဲ့ပေမယ့် တကယ်လက်တွေ့လုပ်ဆောင်ဖို့ရာတော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမရှိခဲ့ကြောင်းလည်း ဖွင့်ဟခဲ့ပါတယ်။

ဆက်လက်ပြီး ဂွန်ရိုးက ကျော်ကြားတဲ့ ကြယ်ပွင့်တစ်ဦးမဖြစ်မီက သူ့ရဲ့သာမန်ဘဝနဲ့ပတ်သက်ပြီးလည်း မေးမြန်းခဲ့သည်များကို ဖြေကြားပေးခဲ့ပါတယ်။ ဂွန်ရိုးက သူဟာ လမ်းလျှောက်ထွက်ရတာကို နှစ်သက်ကြောင်း၊ အချိန်အကြာကြီး လမ်းလျှောက်ထွက်ရင်းက လမ်းဘေးမှာရောင်းချတဲ့ စားစရာတွေကို စားရတာကိုလည်း အလွန်ကြိုက်ကြောင်း ပြောကြားခဲ့ပါတယ်။ ဒါပေမယ့် ယခုလို အောင်မြင်တဲ့သူတစ်ဦးဖြစ်လာတဲ့အခါ ဘဝမှာ အများဆုံးလွဲချော်ခဲ့ရတဲ့အရာတွေဟာ သူအလွန်နှစ်သက်တဲ့အရာတွေပဲဖြစ်နေကြောင်းလည်း ဂွန်ရိုးက ဆိုပါတယ်။ ကျော်ကြားသူတစ်ဦးအနေနဲ့ လမ်းဘေးမှာ တစ်ယောက်တည်း အေးအေးဆေးဆေးလမ်းလျှောက်ဖို့ရာမဖြစ်နိုင်တော့သလို လမ်းဘေးဆိုင်မှာ စားသောက်ဖို့ရာဟာလည်း အခွင့်အရေးမရှိတော့ကြောင်း ရင်ဖွင့်ခဲ့ပါတယ်။ ပရိသတ်တွေအနေနဲ့ သူ့ရဲ့ကိုယ်ပိုင်လွတ်လပ်ခွင့်ကို လေးစားစေလိုပေမယ့် လက်တွေ့မှာတော့ ယခုအချိန်အထိ မဖြစ်နိုင်သေးဘူးလို့လည်း မင်းသားက ပြောကြားခဲ့ပါတယ်။

ဂွန်ရိုးဟာ "Goblin"ရုပ်ရှင်နဲ့အတူ သူ့ရဲ့အောင်မြင်မှုကြောင့် တစ်လအတွင်း အာရှတစ်လွှားက နိုင်ငံပေါင်းခုနစ်နိုင်ငံမှာ ထုတ်ဝေခဲ့တဲ့ "Esquire" မဂ္ဂဇင်းကြီးရဲ့ မျက်နှာဖုံးရှင်အဖြစ် ဖော်ပြခြင်းခံခဲ့ရပါတယ်။ ယင်းအာရှနိုင်ငံတွေကတော့ တောင်ကိုရီးယား၊ ထိုင်ဝမ်၊ စင်ကာပူ၊ မလေးရှား၊ ဟောင်ကောင်၊ ထိုင်းနဲ့ အင်ဒိုနီးရှားနိုင်ငံတို့ပဲ ဖြစ်ကြပါတယ်။

ဒီလိုမျက်နှာဖုံးရှင်တစ်ဦးတည်းကို နိုင်ငံပေါင်းခုနစ်နိုင်ငံမှာ တစ်ပြိုင်နက်အသုံးပြုခဲ့ခြင်းဟာ ပထမဆုံးအကြိမ်ဖြစ်ပြီး ဇွန်လထုတ်မဂ္ဂဇင်းအတွက် အသုံးပြုခဲ့ခြင်းဖြစ်ကာ အခြားသော အာရှနိုင်ငံတွေဖြစ်ကြတဲ့ ဗီယက်နမ်နဲ့ ဖိလစ်ပိုင်နိုင်ငံတို့အတွက် ထုတ်လုပ်သွားမယ့် မဂ္ဂဇင်းတွေမှာလည်း ဂွန်ရိုးအကြောင်းကို ထည့်သွင်းဖော်ပြသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

အေးပြည့် – စုစည်းသည်




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**

## ဇီးရိုးမှ ဟီးရိုးဖြစ်ခဲ့ကြသည့် ဘီလျံနာများ၊ စွန့်ဦးတီထွင်သူများနှင့် NLP မိတ်ဆက်

စာရေးဆရာ လင်းလင်းထွန်းရေးသားသော ဇီးရိုးမှ ဟီးရိုးဖြစ်ခဲ့ကြသည့် ဘီလျံနာများ၊ စွန့်ဦးတီထွင်သူများနှင့် NLP မိတ်ဆက်စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် စက်ရုံအလုပ်သမားဘဝမှ တရုတ်ပြည်၏ အချမ်းသာဆုံး အမျိုးသမီးဖြစ်လာသူ မစ္စကျောင်း၏ကြိုးစားမှုကြောင့် ယနေ့ဆိုလျှင် ယူနန်ပြည်နယ်အခြေစိုက် Lens Technology ရဲ့ Chairman နဲ့ President ဖြစ်နေပါပြီ။

သူမ၏ကုမ္ပဏီတွင် မိုဘိုင်းဖုန်း၊ ကွန်ပျူတာနှင့်ကင်မရာတွေအတွက် Touch Sreeen မှန်မျက်နှာပြင်တွေကို ထုတ်လုပ်နေသည်။ သာမန်ဘဝကနေ ဘီလျံနာသူဌေးကြီးဘဝသို့ ရောက်အောင် မဆုတ်မနစ် ကြိုးပမ်းခဲ့သည့် အိန္ဒိယနိုင်ငံသား ရန်ဌေးသည် ၎င်းဘဝမှာ စိတ်ကူးအိပ်မက် မက်ခဲ့တာထက်ပိုပြီး ပိုင်ဆိုင်မှုတွေရှိခဲ့ပါပြီ။ ဘီလျံနာတို့၏ကြိုးစားခဲ့မှုများအကြောင်း ပြည့်စုံစွာ ဖော်ပြထားသည်။

စာအုပ်ကို မဇ္ဈိမစာပေ၊ အမှတ် (၂၃၇) (ပထမထပ်-ဝဲ) (၃၉)လမ်း အပေါ်ဘလောက် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁၃၉၂၈၃၅ နှင့် ၀၉၇၇၃၇၇၄၇၃၃ မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိသည်။




## ဘာသာတိုင်းအတွက် အားထားရာ သက်သတ်လွတ်ကျွန်းမာဟင်းလျာ

စာရေးဆရာမ ပေါက်ပေါက်ရေးသားသော ဘာသာတိုင်းအတွက် အားထားရာ သက်သတ်လွတ်ကျွန်းမာဟင်းလျာ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ရာသက်ပန်သက်သတ်လွတ်သမားများ မဖြစ်မနေစားသင့်သော အစားအစာရှစ်မျိုး၊ ရသာခြောက်ပါးနှင့် တွဲဖက်မစားသင့်သော အစားအစာများ၊ ပဲနှင့်အသားဓာတ်၊ နေ့စဉ်နေ့တိုင်းစားသင့်သော အစားအစာများ၊ သက်သတ်လွတ်သမားများအားထားစရာ ပဲပုပ်ဟင်းလျာ၊ ဆန် (ထမင်း)နှင့် ထမင်းရည်အကြောင်း သိကောင်းစရာအဖြာဖြာ၊ အစားအစာ ပူပူနွေးနွေးစားပါ၊ ဆေးဖက်ဝင်တဲ့'ဝ' ဥ၊ သက်သတ်လွတ် သစ်သီးဖျော်ရည်ကုထုံး စသည့်အကြောင်းအရာများကို အစာလည်းဆေး၊ ဆေးလည်းအစာအဖြစ်ရေးဖွဲ့ထားသော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

စာအုပ်ကို မဇ္ဈိမစာပေ၊ အမှတ် (၂၃၇) (ပထမထပ်-ဝဲ) (၃၉)လမ်း အပေါ်ဘလောက် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁၃၉၂၈၃၅ နှင့် ၀၉၇၇၃၇၇၄၇၃၃ မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိသည်။




## သုခဝပ်ကျင်းရသစာတမ်းများ



ဗိသုကာပညာရှင်၊ စာရေးဆရာဖြစ်သူ ဆရာဇော်ထွဋ် ရေးသားပြုစုသည့်သုခဝပ်ကျင်း ရသစာတမ်းများ၊ စာအုပ်ထွက်ရှိလာသည်။

၁၉၅၅-၇၆ ခုနှစ် ရန်ကုန်စက်မှုတက္ကသိုလ်နေ့ရက်များ ကဗျာနှင့်စာပေနယ်တွင်စတင်ခဲ့ပြီး မဂ္ဂဇင်းများတွင် စကားပြေအရေးအသားများဖြင့် ဗိသုကာပညာရပ်နယ်ပယ်မှဆောင်းပါးများကို ရေးသားခဲ့သော ဆရာဇော်ထွဋ်၏ အာရုံတွင်ရိုက်ခတ်ခဲ့သော အက်ဆေး(ရသစာတမ်း)များကို စုဖွဲ့ထားသည့် စာအုပ်ဖြစ်သည်။ ထင်ရှားသောမဂ္ဂဇင်းများတွင် အသိအမှတ်ပြုဖော်ပြခဲ့သောစာမူများကို စုစည်းထားခြင်းဖြစ်၍ ဆရာဇော်ထွဋ်၏ ရသစာပေများမှာ အထူးပြောစရာမရှိချေ။ ၂၀၁၀ ပြည့်နှစ်ကာလက အသိုက်၊ ၂၀၁၂ ခုနှစ်က စဉ်စားခြင်းမိုးတိမ်နှင့် မစဉ်းစားခြင်းသေတ္တာ ရသစာတမ်းငယ်လေးများ၊ ၂၀၀၈ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်းမှ ဥယျာဉ်၊ အိုးအိမ်တိုက်တာ၊ ကျေးလက်နှင့် ကွန်ကရစ်သေတ္တာများ အကြားမှ ရှုန်းကန်တိုးထွက်လာသော အက်ဆေးလေးများဖြစ်၍ စာဖတ်သူများ၏နှလုံးသားတွင် ခံစားမှုရသများစွန်းထင်းနိုင်သည်။

အဆိုပါစာအုပ်ကို ဇော်ထွဋ်စာပေ၊ အမှတ် (၃၀၂)၊ တိုက် (၂)၊ ကန်တော်လေးအိမ်ရာ၊ ဖဆပလ၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၅၀၂၁၅၀၂ မှ တန်ဖိုးကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိထားသည်။

## အညာသားကလေး



စာရေးဆရာကြီး ဆရာရန်အောင် ရေးသားပြုစုခဲ့သည့် အညာသားကလေး စာအုပ်ကို စတုတ္ထ အကြိမ် ပြန်လည်ရိုက်နှိပ်ထုတ်ဝေထားသည်။

အဆိုပါစာအုပ်မှာ ယမန်နှစ် နိုဘယ်လ်-မြန်မာစာပေပွဲတော်ကော်မတီက ရွေးချယ်ခဲ့သော မြန်မာဝတ္ထုရှည်စာအုပ် ၁၀၀ စာရင်းတွင်ပါဝင်သည့် အညာသားကလေး ဝတ္ထုဖြစ်သည်။ ထိုစာအုပ်ကို ကိုလိုနီခေတ် ၁၉၃၈ ခုနှစ်က ပထမအကြိမ်ထုတ်ဝေခဲ့သော်လည်း ဆရာကြီးရန်အောင်၏ စာအုပ်မှ အတွေးအမြင်များမှာ ခေတ်ကာလများနှင့်ထင်ဟပ်နေဆဲဖြစ်သည်။ မူလ အညာသားလေး ဝတ္ထုမှာ တိုးတက်ရေးသတင်းစာတွင် အခန်းဆက်နေ့စဉ် ဖော်ပြခဲ့သော လူငယ်အကြောင်းအရာများဖြစ်ပြီး ထိုဝတ္ထုကို သတင်းစာဖတ်ပရိသတ်ကြိုက်နှစ်သက်သောကြောင့် သတင်းစာစောင်ရေတက်ခဲ့သည်။ အညာသားကလေး ဝတ္ထုသည် လူ့ဘဝကိုတိုးတက်အောင် လူငယ်များအား ဘဝခရီးတစ်လျှောက် ကြိုးပမ်းအားထုတ်စေလိုသော ဇွဲသတ္တိရှိအောင် စိတ်ဓာတ်ခွန်အားများကို ဖြစ်စေသည့်ရသများကို ဖော်ညွှန်းထားသော ဝတ္ထုစာအုပ်ဖြစ်သည်။


ထိုစာအုပ်ကို ရန်အောင်စာပေ၊ တိုက်(၁၇)၊ အခန်း (၂၃)၊ ရွှေအုန်းပင်အိမ်ရာ၊ အနောက်ရန်ကင်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း- ၀၉ ၅၁၇၉၃၉၈ မှ တန်ဖိုးကျပ် ၁၈၀၀ ဖြင့်ဖြန့်ချိထားသည်။

## အဖေ

စာရေးဆရာကြီး ရန်အောင်က ဆရာ၏ ဖခင်ဖြစ်သူ ဦးကျား အကြောင်းကို ခံစားရေးဖွဲ့ထားသည့် အဖေ စာအုပ်ထွက်ရှိလာသည်။

ဆရာကြီးရန်အောင်အား အဖ ဦးကျား၊ အမိ ဒေါ်မိလေးတို့မှ ၁၉၀၄ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် မွေးဖွားပေးခဲ့ပြီး ၁၉၉၅ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့ အသက် (၉၁) နှစ်အရွယ်တွင် လူ့ဘဝ မှစွန့်ခွာသွားခဲ့သည်။ ဆရာကြီးရန်အောင်မှာ ဘဝမျိုးစုံတွင်ကျင်လည်ခဲ့ရပြီး စာပေမျိုးစုံကိုရေးသားခဲ့သည်။ လုံးချင်းဝတ္ထု ၅၀ ခန့် ရေးသားခဲ့ပြီး အိမ်ထောင်ရေးကျမ်း၊ ကြီးပွားတိုးတက်ရေးကျမ်းများ ပါဝင်သည်။ စာနယ်ဇင်းများစွာတွင် ဆောင်းပါး၊ ကဗျာ၊ ဝတ္ထုများရေးသားခဲ့ပြီး ဆရာကြီး၏ဝတ္ထုများကို အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ ရုရှား၊ ဂျပန်နှင့် တေလဂူဘာသာများသို့ ပြန်ဆိုဖော်ပြခြင်းခံခဲ့ရသည်။ မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်းကြီးကို ဦးဆောင်တည်ထောင်ခဲ့ပြီး ဆရာ၏ ထင်ရှားသောလက်ရာများမှာ အညာသားကလေး၊ ဆင်းရဲသား၊ အမေ၊ အဖေ စသည့်ဝတ္ထုများဖြစ်သည်။

ထိုစာအုပ်ကို ရန်အောင်စာပေ၊ တိုက်(၁၇)၊ အခန်း (၂၃)၊ ရွှေအုန်းပင်အိမ်ရာ၊ အနောက် ရန်ကင်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း- ၀၉ ၅၁၇၉၃၉၈ မှ တန်ဖိုးကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိထားသည်။





## ကိုတံငါ ရေချိုအင်း ရသစုံဝတ္ထုတိုများ

စာပေမျိုးစုံတို့ကို ရေးသားခဲ့သော စာရေးဆရာမင်းရိုးယဉ် ရေးသားပြုစုထားသည့် ကိုတံငါ ရေချိုအင်း ရသစုံဝတ္ထုတိုများ စာအုပ်ထွက်ရှိလာသည်။

စာအုပ်တွင် ကျုံပျော်မြို့နယ်ရှိ အင်းရဲကြီး အင်းအကြောင်းကိုရေးဖွဲ့ထားသည်။ အင်းအတွင်း ရှင်သန်နေထိုင်သော ငါးပုစွန်များ၊ ထိုအင်းကို မှီတင်းရပ်တည်သော ရေလုပ်သားများ၏ဘဝကို ရသစာပေအဖြစ် တင်ပြနိုင်ရန် အားထုတ်ထားသည်။ နာမည်ကျော်အင်းကြီးအတွင်းမှ စိတ်ဝင်စားဖွယ် ရေသတ္တဝါတို့၏အကြောင်းများပါဝင်သည်။ စာရေးသူက အင်းလုပ်သား၊ ရေလုပ်သားများဘဝကို အစဉ်တစိုက် ရေးသားလာသူဖြစ်သည့်အပြင် ၎င်း၏ ဘဝတစ်လျှောက်လုံး အင်းဝန်ထမ်းဘဝဖြင့် ရပ်တည်ခဲ့သူဖြစ်၍ အင်းလုပ်သား၊ ရေလုပ်သားများဘဝကို ပီပြင်အောင် ရေးဖွဲ့နိုင်သူဟု ဆိုရမည်ဖြစ်သည်။ ရေလုပ်သားဘဝစာပေသည် အခြေခံလူတန်းစားတို့၏ ခက်ခဲသောဘဝ၊ ရှားပါးသောဘဝ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်ကို သိရှိနိုင်မည်ဖြစ်သည်။

အဆိုပါစာအုပ်ကို ကောင်းထွဋ်စာပေ၊ အမှတ်(၂၇)၊ မာန်ပြေ(၂၁)လမ်း(အရှေ့)၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၉ ၂၅၄၃၁၄၆၈၇ မှ တန်ဖိုးကျပ် ၁၈၀၀ ဖြင့် ဖြန့်ချိထားသည်။



# ရွှေးမြစ်ကူးမြောင်းမြတံတား(အသစ်)တည်ဆောက်ရေး ပွင့်လင်းမြင်သာမှုရှိစေရန် (Stakeholder Meeting) အခမ်းအနားကျင်းပ

**မြောင်းမြ မေ ၃၁**
ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့ (၁) မှ ရန်ကုန်-မြောင်းမြ-လပွတ္တာလမ်းပေါ်ရှိ ရွှေးမြစ်ကူးတံတား(အသစ်) တည်ဆောက်ရေးအတွက် ပွင့်လင်းမြင်သာမှုရှိစေရန် (Stakeholder Meeting) အခမ်းအနားကို မေ ၂၉ ရက် နံနက် ၁၀နာရီက မြောင်းမြခရိုင်လမ်းဦးစီးဌာန (ဧည့်ရိပ်သာ)၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်စွမ်းအား၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဌေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မြတ်ဦးနှင့် တာဝန်ရှိသူများ၊ မြောင်းမြမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးမိုးသူနှင့် မြောင်းမြမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇော်ဝင်းနှင့် ဒေါ်ခိုင်ဇင်ဦး၊ မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်၊ မြောင်းမြမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဇေယျနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ သတင်းမီဒီယာများနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်စွမ်းအား၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဌေးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မြတ်ဦးတို့က အမှာစကားပြောကြားပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန အင်ဂျင်နီယာချုပ်ဦးကျော်လင်းက မြောင်းမြတံတား (အသစ်) တည်ဆောက်မည့်လုပ်ငန်းနှင့် ပတ်သက်၍ (Powerpoint) ဖြင့်ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းရာ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

ယခင်ရန်ကုန်-မြောင်းမြ-လပွတ္တာလမ်းပေါ်ရှိ မြောင်းမြကြိုးတံတားသည် ၁၉၉၆ ခုနှစ် မတ် ၂၇ တွင်ဖွင့်လှစ်အသုံးပြုခဲ့ရာ နှစ်ပေါင်း ၂၀ ကျော်ကြာမြင့်နေပြီး နာဂစ်ကာလတွင်လည်း အရေးပေါ်အခြေအနေကြောင့် တံတားခံနိုင်ဝန်ထက်ပိုမိုသော ကယ်ဆယ်ရေးယာဉ်တန်းများ ဖြတ်သန်းခဲ့သောကြောင့် တံတားမှာ ပိုမိုပျက်စီးခဲ့ရပြီး ယခုအခါယာဉ်တစ်စီးခွင့်ပြုတန်ချိန်ကို ၆၀ မှ တန် ၂၀ အထိလျှော့ချ၍ ခွင့်ပြုထားခဲ့ရခြင်း၊ မြောင်းမြကြိုးတံတားသည် သက်တမ်းကြာမြင့်၍ ခံနိုင်ရည်ဝန်အား ၈၀ ရာခိုင်နှုန်းကျော်ကျဆင်းကာ အန္တရာယ်ရှိသောတံတားအဖြစ်သို့ ယိုယွင်းနေပြီဖြစ်သောကြောင့် အဆိုပါတံတားအစား တံတားအသစ် တည်ဆောက်ပေးရန် မြောင်းမြမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ စိုးမိုးသူက တန် ၆၀ ခံနိုင်ဝန်ရှိသော တံတားအသစ်တစ်စင်း တည်ဆောက်ပေးပါရန် ပြည်သူ့လွှတ်တော်တွင် အဆိုတင်သွင်းခဲ့သဖြင့် မြောင်းမြမြို့၌ တံတားအသစ်တစ်စင်းအား မူလကြိုးတံတားဟောင်းနှင့်ယှဉ်ပြီး ခံနိုင်ဝန်တန် ၆၀ ရှိသော နှစ်လမ်းသွားသံကူကွန်ကရစ်တံတားအသစ်အား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်က တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တံတားအား ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန (တံတားပုံထုတ်)မှ မြောင်းမြတံတားအတွက် I & H ကုမ္ပဏီနှင့် ပူးပေါင်း၍ တည်ဆောက်မည့် Three Spans Continuous PC Bridge Type Proposed Elevation ပုံစံအား လျာထားပုံထုတ်ခဲ့ပြီး မြောင်းမြတံတား၏ FB မှာ HFL အထက် ၁၄ မီတာ (၄၆ ပေ)ရှိပြီး ရေလယ်ခန်းဖွင့်တိုင် တစ်တိုင်နှင့် တစ်တိုင် အကွာအဝေးမှာ ၁၂၀ မီတာ (၄၀၀ ပေ)ရှိ၍ တံတားဆောက်လုပ်မည့် အချိန်ကာလမှာ ၃၂ လကြာမြင့်မည်ဖြစ်ပြီး တံတားဆောက်နေစဉ်ကာလတွင်လည်း လက်ရှိကြိုးတံတားအား ဖြတ်သန်းသွားလာခွင့်ပြုထားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်မင်းသွင်(မြောင်းမြ)**





# ကုန်ထုတ်လမ်းအဖြစ်အသုံးပြုနိုင်သည့် တံတားတည်ဆောက်

**ရေတာရှည် မေ ၃၁**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမင်းလမ်းကျေးရွာအုပ်စု မှန်စီကျေးရွာနှင့် ကြာအင်းကျေးရွာအကြား DY 2 ဆည်ရေလွှတ်မြောင်းပေါ်တွင် တောင်သူများလိုအပ်ချက်အရ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တံတားတစ်စင်းတည်ဆောက်လျက်ရှိသည်။

အဆိုပါ တံတားပြီးစီးသွားပါက ရာသီမရွေး အသုံးပြုနိုင်သောကုန်ထုတ်လမ်းအဖြစ်လည်းကောင်း၊ ကျေးရွာချင်းဆက်လမ်းအဖြစ်လည်းကောင်း ဒေသခံပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ကြတော့မည်ဖြစ်သည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ကုန်ထုတ်လမ်းတံတားများသည် တောင်သူများအတွက်များစွာ အထောက်အကူပြုလျက်ရှိပြီး လယ်ထွန်စက်များ၊ ရိတ်သိမ်းခြွေလှေ့စက်များ၊ နွားလှည်းများ စပါးသယ်ယူရာတွင် အသုံးပြုလျက်ရှိသည်ကို တွေ့ရသည်။

"ကျွန်တော်တို့ဌာနက မိုးရာသီအမီ အမြန်ဆုံးတည်ဆောက်နေတာဖြစ်ပြီး တောင်သူတွေစိုက်ပျိုးချိန်အမီ ပြီးစီးမှာပါ" ဟု ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

**ကိုလွင်(ဆွာ)**

# သထုံခရိုင်အတွင်းရှိ ရွှေ့ပြောင်းလုပ်သားများအား ဆေးစိမ်ခြင်ထောင်များ အခမဲ့ဖြန့်ဝေ

**သထုံ မေ ၃၁**
မွန်ပြည်နယ် သထုံခရိုင်တွင် ခြင်မှတစ်ဆင့်ရောဂါမပြန့်ပွားရေး ကာကွယ်ရေးအဖွဲ့မှ သထုံခရိုင်အတွင်းရှိ မြို့နယ် လေးမြို့နယ်အတွင်းရှိ ရွှေ့ပြောင်းလုပ်သားများအား ဆေးစိမ်ခြင်ထောင်များကို အခမဲ့လိုက်လံဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ဆီမှာက ခြင်ကြောင့်ဖြစ်တဲ့ ငှက်ဖျားလိုရောဂါမျိုးတွေ ဖြစ်တဲ့နှုန်းက တော်တော်ကျသွားပြီ။ ရွှေ့ပြောင်းလုပ်သားတွေဆိုတာက ဒေသအနှံ့သွားလာနေတဲ့သူတွေဖြစ်တဲ့အတွက် သူတို့ဆီမှာ ရောဂါတွေ ရှိ-မရှိဆိုတာ သိဖို့ခက်တယ်။ ကျေးလက် ကျန်းမာရေးဌာနတွေက အလျဉ်းသင့်သလို စစ်ဆေးပေးတာမျိုးရှိပေမယ့် အားလုံးကို မလွှမ်းခြုံနိုင်ဘူး။ ဒါကြောင့် ကြိုတင်ကာကွယ်တဲ့အနေနဲ့ ဆေးစိမ်ခြင်ထောင်တွေ ဖြန့်ဝေပေးတာပါ" ဟု သထုံခရိုင် ခြင်မှတစ်ဆင့် ရောဂါမပြန့်ပွားရေး ကာကွယ်ရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာ စည်သူဟိန်းက ပြောသည်။

ယခင်က မိသားစုတစ်စုလျှင် ခြင်ထောင်တစ်လုံးသာ ဖြန့်ဝေပေးနိုင်သော်လည်း ယခုနှစ်တွင် လူတစ်ဦးလျှင် တစ်လုံးနှုန်း ဖြန့်ဝေပေးကြောင်း ခြင်မှတစ်ဆင့် ဆင်ခြေထောက်ရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါ၊ ဇီကာ၊ ဂျပန်ဦးနှောက်အမြှေးရောင်ရောဂါ စသည့် ကူးစက်ရောဂါများ ဖြစ်ပွားနိုင်ပြီး ယင်းရောဂါများ မဖြစ်ပွားစေရေးအတွက် ခြင်ကိုက်မခံရအောင် အိပ်သည့်အချိန်တိုင်း ခြင်ထောင်ထောင်၍အိပ်ခြင်း၊ အလုပ်လုပ်ပါက အင်္ကျီလက်ရှည်နှင့် ဘောင်းဘီရှည်ဝတ်ခြင်း၊ ခြင်ပေါက်ပွားမှုမရှိစေရန် မိမိဝန်းကျင် သန့်ရှင်းရေးနှင့် ရေစီးရေလာ ကောင်းမွန်အောင် ဆောင်ရွက်ခြင်း စသည်တို့ကို ဂရုပြုဆောင်ရွက်ရန်လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။



ဆေးစိမ်ခြင်ထောင်များအား ရွှေ့ပြောင်းလုပ်သားများထံသို့ မေလ ဒုတိယပတ်မှ စတင်ကာ ၎င်းတို့နေထိုင်ရာ လုပ်ငန်းခွင်နှင့် နေအိမ်များအထိ လိုက်လံ ဖြန့်ဝေပေးနေပြီး ကျိုက်ထိုမြို့နယ်ရှိ ရွှေ့ပြောင်းလုပ်သားများအတွက် အလုံး ၂၀၀၀၀၊ ဘီးလင်းမြို့နယ် အတွက် ၁၂၂၄၁ လုံး၊ သထုံမြို့နယ်အတွက် အလုံး ၃၉၀၀၀၊ ပေါင်မြို့နယ်အတွက်အလုံး ၂၃၆၀၀ စုစုပေါင်း ဆေးစိမ်ခြင်ထောင် ၉၄၈၄၁ လုံးကို အခမဲ့ လိုက်လံဖြန့်ဝေပေးမည်ဖြစ်ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# လူထုဗဟိုပြုစီမံကိန်း လမ်းဖွင့်ပွဲနှင့် လူထုစစ်ဆေးပွဲကျင်းပ

**ကြံခင်း မေ ၃၁**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သည့် လူထုဗဟိုပြုစီမံကိန်း (CDD) မှ ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ရှောက်ခုံအုပ်စု ရှောက်ခုံကျေးရွာ၊ မြင်သာကျေးရွာ၊ လဲပါကွင်းကျေးရွာတို့အား ဆက်သွယ်သည့် ကျေးရွာချင်းဆက်လမ်း တိုးချဲ့လမ်းဖွင့်ပွဲနှင့် လူထုစစ်ဆေးပွဲကို မေ ၂၉ ရက်က ပြုလုပ်ခဲ့သည်။

ကျေးရွာချင်းဆက် တိုးချဲ့လမ်းဖွင့်ပွဲကို ရှောက်ခံကျေးရွာ၌ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့်အတူ ကျေးလက်ဦးစီးဌာနနှင့် လူထုဗဟိုပြုစီမံကိန်းရုံးမှ တာဝန်ရှိသူများကဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် လူထုဗဟိုပြုစီမံကိန်း၏ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် လူထုစစ်ဆေးပွဲအခမ်းအနားကို ကျင်းပခဲ့ရာ လူထုစည်းရုံးရေးမှူးနှင့် ကဏ္ဍအသီးသီးအလိုက်ဖွဲ့စည်းပေးထားသည့် ကော်မတီဝင်များမှ စာရင်းဇယားများအား သက်ဆိုင်ရာကဏ္ဍအလိုက် ကျေးရွာလူထုအား ရှင်းလင်းပြောကြားခဲ့ပြီး လုပ်ငန်းဆောင်ရွက်သည်မှ ပြီးဆုံးသည်အထိ လုပ်ငန်းစဉ်နှင့် ရလဒ်များအပေါ် မဲစနစ်ပေးခြင်းဖြင့် အသိအမှတ်ပြုခဲ့ကြောင်းသိရသည်။

အဆိုပါ ကျေးရွာချင်းဆက်တိုးချဲ့လမ်းကို လမ်းအရှည် ပေ ၂၆၀၀၊ လမ်းအကျယ် ၁၅ ပေ၊ လမ်းအမြင့် ရှစ်ပေရှိပြီး ငွေကျပ် သိန်းနှစ်ရာကျော်ဖြင့်ဆောင်ရွက်ခဲ့ပြီး ကျေးရွာကိုးရွာရှိ လူဦးရေ ၃၀၀၀ ကျော်၏လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြုသော လမ်းတစ်လမ်းဖြစ်ကြောင်း လူထုစစ်ဆေးပွဲသို့ တက်ရောက်လာသော စီမံကိန်းကော်မတီတစ်ဦးက ပြောကြားခဲ့သည်။

**မြတ်သူရိန်**

# လဲချားမြို့နယ် ကျေးလက်ကျန်းမာရေးဌာန(ခွဲ)များဖွင့်လှစ်

**လဲချား မေ ၃၁**
ရှမ်းပြည်နယ်(တောင်ပိုင်း ) လွိုင်လင်ခရိုင် လဲချားမြို့နယ်ရှိ ဟဲဆိုင်ကျေးရွာ၊ ဟိုတိကျေးရွာနှင့် တပ်မောက်ကျေးရွာများတွင် ကျေးလက်ကျန်းမာရေးဌာနခွဲများကို မေ ၃၀ ရက်က အဆိုပါကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အဆောက်အအုံများရှေ့၌ ကျင်းပခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ နံနက် ၉ နာရီတွင် ဟဲဆိုင်ကျေးရွာတွင်လည်းကောင်း၊ နံနက် ၁၁ နာရီတွင် ဟိုတိကျေးရွာတွင်လည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင် တပ်မောက်ကျေးရွာများတွင်လည်းကောင်း လဲချားမြို့နယ် အုပ်ချုပ်ရေးမှူး ဦးလှရော်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဇင်မာနွယ်နှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းထွန်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**

မြန်မာ့ရှေ့ဆောင်ဘဏ် ®

ငွေစုသူများကို
ပိုမိုအကျိုးဖြစ်ထွန်းစေမည့်




MAB Savings
ငွေစုဘဏ်စာရင်း

INTEREST DAILY
နေ့စဉ်အတိုးတွက်

INTEREST %
အတိုးနှုန်း ၈.၅%

INTEREST QTLY
၃လတစ်ကြိမ်အတိုးထည့်

အတိုးတွက်နမူနာပုံစံ (Sample Interest Formula)

| Date | Code | Withdrawal | Deposit | Balance |
|---|---|---|---|---|
| 01.05.2017 | CHD | | 500,000.00 | 500,000.00 |
| 05.05.2017 | CHD | | 500,000.00 | 1,000,000.00 |
| 15.05.2017 | CHW | 700,000.00 | | 300,000.00 |
| 29.05.2017 | CHD | | 1,000,000.00 | 1,300,000.00 |

ယခင်အတိုးတွက်ပုံစံ

(အတိုးတွက်သည့်လ၏ အနိမ့်ဆုံးလက်ကျန် x ၁နှစ်အတွက် အတိုး) / (၁၀၀ x ၁၂) = ရရှိမည့်အတိုး

May လအတွက်ခံစားရမည့်အတိုး = ၂,၁၂၅ကျပ်

ယခုအတိုးတွက်ပုံစံ

(နေ့စဉ်လက်ကျန် x ၁နှစ်အတွက် အတိုး) / ၃၆၅ x စုစုပေါင်းရက် = ရရှိမည့်အတိုး

May လအတွက်ခံစားရမည့်အတိုး = ၄,၃၇၈.၀၇ကျပ်

Hotline: (951) 8610612

Scan QR Code with your Smart Phone to Find MAB Branches

ကြော်ငြာ


**သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ ဇွန်လ ၁၇ ၊ ၁၈ (စစ) ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်**

ဇွန်လ ၃ ရက်တွင် စတင်လက်ခံ၍ ဇွန်လ ၁၇၊ ၁၈ ရက်များတွင် ၈၀-ကြိမ်မြောက် ဦးရေ (၁၀၁၅၀)ပြည့် မျက်စိခွဲစိတ်အလင်းဒါနကို မျက်စိအထူးကုဆရာဝန်ကြီးများ၏ လုပ်အားဒါနဖြင့် ပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀၀/- ကို အလင်းဒါန အလှူရှင် အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း၊ ပြည်သာယာ၊ ရွှေတောင်။ (ကျိုက္ကဆံဘုရားပါဝင်း၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉၊ ၀၉-၄၄၃၀၅၆၅၆၉

ရွှေဂုံတိုင်ကမ္ဘောဇဘဏ် - အရှင်စေမာသီရိလင်္ကာရ (Account No. 007-50100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။



**M.E.E.G** Masterpiece Engineering & Education Group

Construction Design Training & Service Center

1.Architectural Design 2.Structural Design 3.M&E Design

ပြည်တွင်း၊ ပြည်ပတွင်လုပ်ငန်းခွင်ဝင်မည့် ဗိသုကာများ နှင့် အင်ဂျင်နီယာများ အတွက် လုပ်ငန်းခွင်အသုံးချအဆင့်မြင့်လက်ပျဥ်သင်တန်းများ

| | | | |
|---|---|---|---|
| AutoCAD | 3dsMAX | SketchUp | MicroStation |
| Revit | Etabs | Estimate | SolidWorks |

Room.104, Moesandar Condo, Moesandar St, Kamayut Ts, Yangon.

PH: 01512476, 0949294085, 0973145196 , 095140118



**မြန်မာပြည်တွင်ပထမဦးဆုံး**

တစ်ဦးတည်း Organic လက်မှတ်ရ

သဘာဝပေါ်ဆန်းမွှေးစစ်စစ်နှင့် Organic ပဲဆီသန့်ဖြန့်ဖြူးရေး

ကျန်းမာပျော်ရွှင် အသက်ရှည်ဖို့

ဘေးထွက်ဆိုးကျိုးအလွန်နည်းသည့်

"သဘာဝအမှတ်တံဆိပ်"

"အော်ဂဲနစ်" ပေါ်ဆန်းမွှေးစားကြစို့

